ကြေးမုံ
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957 The Mirror Daily
၁၃၇၇ ခုနှစ် တပေါင်းလကွယ် ကြာသပတေးနေ့၊ 7, Thursday April 2016 (၈၅၂၉)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ အမေရိကန်သမ္မတ အိုဘားမား တယ်လီဖုန်းဆက်၍ ချီးကျူးဂုဏ်ပြု

**နေပြည်တော် ဧပြီ ၆**

နိုင်ငံတော်သမ္မတကြီးဦးဆောင်သော အစိုးရအား မြန်မာပြည်သူလူထုက အားပေးထောက်ခံနေသကဲ့သို့ အမေရိကန်ပြည်ထောင်စုကလည်း အားပေးကူညီပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာ အိုဘားမားက ယနေ့ည ၉ နာရီတွင် တယ်လီဖုန်းဆက်၍ ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ မစ္စတာ အိုဘားမားက နိုင်ငံတော်သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်မှုအပေါ် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများမှာ သမိုင်းဝင်ဆောင်ရွက်မှုများဖြစ်သည့်အတွက် ချီးကျူးပါကြောင်း၊ အထင်ကြီးအားကျဖွယ်လည်း ဖြစ်ပါကြောင်း၊ နိုင်ငံရေးတွင် အားလုံးပါဝင်သည့်နိုင်ငံရေး၊ သာယာဝပြောသော၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်သော၊ လူ့အခွင့်အရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်လာစေရန်အတွက် ကြိုးပမ်းသွားရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ○





# ရန်ကုန်-နေပြည်တော်-မန္တလေး မြန်နှုန်းမြင့်ရထားလမ်း ပူးပေါင်းဆောင်ရွက်လို



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိတို့ တွေ့ဆုံစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဧပြီ ၆**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တရုတ်နိုင်ငံခြားရေးဝန်ကြီးက မြန်မာအစိုးရသစ်အနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့ဘဝတိုးတက်ရေး၊ ပြည်တွင်းငြိမ်းချမ်းမှုတည်ဆောက်ရေး၊ နိုင်ငံတကာဆက်ဆံရေးကဏ္ဍတွင် ကမ္ဘာ့နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ပြီး အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုကို အလေးထားဆောင်ရွက်မည်ဟု သိရ၍ တရုတ်နိုင်ငံအနေဖြင့် အထူးအလေးအနက် ထောက်ခံပါကြောင်း၊ ရန်ကုန်-နေပြည်တော်-မန္တလေး မြန်နှုန်းမြင့်ရထားလမ်းတည်ဆောက်ရေးရေရှည်စီမံကိန်းတွင် သက်ဆိုင်ရာကဏ္ဍများအလိုက် ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို အလေးထားပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးတွင် ကြားဝင်ဆောင်ရွက်ပေးရန် ဆန္ဒရှိကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ချစ်ကြည်ရေးပေါ်လစီပြောင်းလဲမှုမရှိဘဲ ကဏ္ဍပေါင်းစုံ ချစ်ကြည်ရေးမြှင့်တင်ရန် ဆန္ဒရှိကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတကလည်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံခြားရေးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်တို့အား တရုတ်နိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့အတူ နိုင်ငံတော်သမ္မတက နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရာတွင် ပြည်သူလူထု၏ လူနေမှုဘဝမြှင့်တင်ရေးအတွက် **စာမျက်နှာ ၃ ကော်လံ ၃ သို့** ❑



ကြေးမုံ

# နှစ်နိုင်ငံ ရင်းနှီးချစ်ကြည်ရေး ပြည်သူချင်း ရင်းနှီးချစ်ကြည်ရေး

ဒီမိုကရေစီ အစိုးရသစ်တက်ပြီးနောက် ဦးဦးဖျားဖျားဆိုသလို နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ မြန်မာနိုင်ငံသို့ရောက်ရှိလာကာ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် မေ ၅ ရက်နေ့က နေပြည်တော်၌ တွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံခဲ့ကြပြီး နှစ်နိုင်ငံချစ်ကြည်မှု ပိုမိုခိုင်မြဲစေရေးနှင့် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းမည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာတို့ကို ဆွေးနွေးခဲ့ကြသည်ဟုသိရသည်။

နိုင်ငံအသီးသီးတွင် မိမိတို့၏ နိုင်ငံတကာဆက်ဆံရေးမူဝါဒများရှိကြသည်။ အဆိုပါမူဝါဒများသည် မိမိနိုင်ငံ ပြည်သူလူထု၏ အကျိုးစီးပွား၊ မိမိနှင့် မိတ်ဆွေနိုင်ငံတို့၏ အကျိုးစီးပွား နှစ်ရပ်လုံးပေါ်တွင် အခြေပြုစဉ်းစားဆွေးနွေးကာ အကောင်အထည်ဖော်ဆောင်ရွက်ကြသည်မှာ အစဉ်အလာဖြစ်ပါသည်။ အစိုးရချင်း၊ အစိုးရအဖွဲ့ဝင်ချင်းဆက်ဆံဆွေးနွေး ပြောဆိုနေကြသည်ဆိုသော်လည်း အနှစ်သာရမှာ အဆိုပါနှစ်နိုင်ငံ၏ ပြည်သူလူထုချင်း ဆက်ဆံရေးဖြစ်ပါသည်။ ပြည်သူလူထုချင်း ချစ်ကြည်ရေးနှင့် ပြည်သူလူထုနှစ်ရပ်လုံး၏ အကျိုးစီးပွားပေါ်မူတည်ရခြင်းဖြစ်သည်။ ပွင့်ပွင့်လင်းလင်းဆိုရလျှင် နှစ်နိုင်ငံချစ်ကြည်ရေးဆိုသည်မှာ နှစ်နိုင်ငံ အစိုးရချင်း ချစ်ကြည်ရေးမဟုတ်။ နှစ်နိုင်ငံ ပြည်သူချင်း ချစ်ကြည်ရေးကို ဦးတည်ရခြင်းဖြစ်ပါသည်။

နှစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပူးတွဲသဘောတူ ဆောင်ရွက်ချက်များဆိုသည်မှာ ပြည်သူ့သဘောထားများပေါ်မှာ မည်မျှလောက် အခြေခံသည်လဲဆိုသည့်အချက်ကို မေ့ထား၍ မရနိုင်ကောင်းပါ။ မည်သို့သော သဘောတူညီချက်များကိုမဆို ဝေဖန်ဆန်းစစ်သုံးသပ်ရာတွင် နိုင်ငံတွင်းရှိ ပြည်သူလူထု၏ သဘောထားနှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို ဖယ်ခွာစဉ်းစားဖို့ မဖြစ်နိုင်ပါ။

ထို့အတွက်ကြောင့် မြန်မာနိုင်ငံနှင့် ပတ်သက်လျှင် ယခင်ကာလများက နှစ်နိုင်ငံဆက်ဆံရေးထက် ယခုကာလဆက်ဆံရေးက ပိုမိုလေးနက်သည်ကို သတိပြုမိပါသည်။

မြန်မာနိုင်ငံက နှစ်ကာလရှည်ကြာစွာ ပြည်သူ့သဘောထားကို အထူးအလေးပေးစဉ်းစားသည့် အစိုးရမရှိခဲ့သည့်အတွက် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်မှာ ပြည်သူ့သဘောထားနှင့် မကိုက်ညီခဲ့သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး သဘောတူညီလုပ်ဆောင်မှုများရှိခဲ့သည်မှာ အမှန်ပင်ဖြစ်ပါသည်။ သည်လိုရှိခဲ့သော သဘောတူညီမှုများအားလုံးကို ပြည်သူ့အစိုးရပေါ်ထွက်လာချိန်တွင် ပြည်သူ့သဘောထားနှင့် ပြန်လည်ညှိနှိုင်းသုံးသပ်ရန်လိုသည့် စီမံကိန်းများ၊ လုပ်ငန်းစဉ်များ ရှိလာမည်ဖြစ်ပါသည်။

လွန်ခဲ့သောကာလက မြန်မာနိုင်ငံအစိုးရနှင့် သဘောတူဆောင်ရွက်ခဲ့သည်များကို သုံးသပ်ရာတွင် အစိုးရချင်းသဘောတူညီချက် သက်သက်ဖြင့်မရဘဲ ပြည်သူ့ဆန္ဒကို ထည့်သွင်းစဉ်းစားခြင်းဖြင့်သာ နှစ်နိုင်ငံချစ်ကြည်ရေးကို မြင့်မားအောင်ထူထောင်နိုင်ကြမည်ဖြစ်သည်။ ပြည်သူ့ဆန္ဒနှင့် အလွန်အမင်းကင်းကွာသော သဘောတူညီချက်မျိုးကို ဆက်လက်ကိုင်ဆွဲထားမည်ဆိုလျှင် ပြည်သူလူထုချင်း ရင်းနှီးချစ်ကြည်မှု ခိုင်မြဲရေးဆိုသည့် နှစ်နိုင်ငံဆက်ဆံရေး၏ အနှစ်သာရက တစ်မျိုးအဓိပ္ပာယ်ပြောင်းလဲသွားနိုင်သည်။

အချုပ်ကိုဆိုရလျှင် နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်မှာရှိသည့် နိုင်ငံချင်းဆက်ဆံရေးဆိုသည်မှာ နှစ်နိုင်ငံပြည်သူလူထုချင်း ချစ်ကြည်ဆက်ဆံရေးသာဖြစ်သည်ဟု ခံယူနားလည်ကာ နှစ်နိုင်ငံ ပြည်သူလူထု အကျိုးစီးပွားတိုးတက်မြင့်မားရေးကို ဖော်ဆောင်နိုင်ပါစေသတည်း။



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၆**

ရန်ကုန်(ရွှေဈေး) ၇၇၀၀၀၀ - ၇၇၀၀၀၀
မန္တလေး(ရွှေဈေး) ၇၆၇၈၀၀ - ၇၆၇၈၀၀

| စက်သုံးဆီဈေးနှုန်း | ရန်ကုန် | မန္တလေး |
|---|---|---|
| (က) ဒီဇယ် တစ်လီတာ | ၄၈၀/၅၀၀ ကျပ်၊ | ၅၂၀/၅၃၀ ကျပ် |
| (ခ) အောက်တိန်း 95 တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၇၃၀/၇၄၀ ကျပ် |
| (ဂ) အောက်တိန်း 92 တစ်လီတာ | ၅၃၀/၅၅၀ ကျပ်၊ | ၆၀၀/၆၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် တစ်လီတာ | ၅၁၀/၅၄၀ ကျပ်၊ | ၅၇၀/၅၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၃၉၁ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၃၅ ကျပ်၊

အောက်တိန်း 92 တစ်လီတာ ၄၄၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၉၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၆၁. ၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၈၄. ၆၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၃. ၈၇၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၅. ၀၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၀၀၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၈၄. ၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၃. ၃၄ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၃. ၇၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၈၂. ၉၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် ဒုတိယအကြိမ် တောင်းဆိုဆန္ဒပြ

**ရန်ကုန် မေ ၆**

နိုင်ငံရေးအကျဉ်းသားဟောင်းအချို့က သမ္မတဟောင်း ဦးသိန်းစိန်အစိုးရလက်ထက်တွင် နိုင်ငံရေးပုဒ်မအသီးသီးဖြင့် အကျဉ်းထောင်အသီးသီး၌ ဖမ်းဆီးထိန်းသိမ်းခံထားရသော နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် ဆန္ဒဖော်ထုတ်တောင်းဆိုပွဲကို မေ ၆ ရက် ညနေ ၄ နာရီခန့်တွင် မြို့တော်ခန်းမရှေ့၌ ပြုလုပ်ခဲ့သည်။

၂၀၁၅ ရွေးကောက်ပွဲအနိုင်ရပါတီမှ သမ္မတအသစ် ဦးထင်ကျော် အစိုးရလက်ထက်တွင် ဒုတိယအကြိမ် တောင်းဆိုဆန္ဒပြခြင်းဖြစ်ပြီး မေ ၄ ရက်တွင်လည်း နိုင်ငံရေးတက်ကြွလှုပ်ရှားသူများက ပထမဆုံးအကြိမ် ဆန္ဒပြတောင်းဆိုခဲ့သည်။

ထိုဆန္ဒပြတောင်းဆိုသူများမှာ ပုဆိုးအပြာ၊ တီရှပ်အပြာတွင် မြန်မာနိုင်ငံ နိုင်ငံရေးအကျဉ်းသားဟု ရေးထားသော ဝတ်စုံများကိုဝတ်ဆင်ထားပြီး ခြေထောက်တွင်သံခြေချင်းများခတ်ထားသည့် အကျဉ်းသားများပုံစံဖြင့် ဆန္ဒပြတောင်းဆိုခဲ့သည်။

နိုင်ငံရေး အကျဉ်းသားအားလုံး လွတ်မြောက်ရေးနှင့် ပြည်ပရောက်နိုင်ငံရေးအင်အားစုများ ပြန်လာရေးဟူသော ကြွေးကြော်သံများဖြင့် တောင်းဆိုပြီး သမ္မတဟောင်း ဦးသိန်းစိန်အစိုးရလက်ထက် လူထုကို အကျိုးစီးပွားမဖြစ်ထွန်းသည့် စီမံကိန်းများကို ဖျက်သိမ်းရေးအတွက် တောင်းဆိုဆန္ဒပြကြသောကြောင့် ဖမ်းဆီးထိန်းသိမ်းခံထားရသော ပြည်သူများ၊ အမျိုးသားပညာရေး ဥပဒေပြင်ဆင်ရေးအတွက် တောင်းဆိုဆန္ဒပြခြင်းကြောင့် ဖမ်းဆီးထိန်းသိမ်းခံထားရသော ကျောင်းသားလူငယ်များနှင့် ဝန်းရံပြည်သူများ၊ လယ်ယာမြေအသိမ်းခံရခြင်းကြောင့် ဖမ်းဆီးထိန်းသိမ်းခံထားရသော လယ်သမားများ၊ လုပ်အားခလစာတိုးမြှင့်ရေးအတွက် တောင်းဆိုသောကြောင့် ဖမ်းဆီးထိန်းသိမ်းခံထားရသော အလုပ်သမားများနှင့် ပုဒ်မအသီးသီးဖြင့် တရားစွဲဆို ဖမ်းဆီးထိန်းသိမ်းခံထားရသော နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ လွတ်မြောက်ရေးအတွက် ဆန္ဒပြတောင်းဆိုခြင်းဖြစ်သည်။

နိုင်ငံရေး အကျဉ်းသားများအားလုံး မလွတ်မြောက်မချင်း ဆက်လက်တောင်းဆိုသွားမည်ဟု ဆန္ဒပြရာတွင် ပါဝင်သော ဦးမိုးသူက ပြောသည်။

(မင်းမင်း)



ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
Mirror
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ ဝီ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် အီတလီသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပါရိုလို ဂျန်တီလိုနီတို့ တွေ့ဆုံအပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် အီတလီနိုင်ငံခြားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးတို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၆**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် အီတလီသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပါရိုလို ဂျန်တီလိုနီအား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားလာစေရေးနှင့် စားနပ်ရိက္ခာဖူလုံရေး၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်၊ ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော်အီတလီဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး မစ္စတာ ပီယာဂျော်ဂျီယို ဖက်ဒါရီကို အလီဘာတီနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။ **(သတင်းစဉ်)**

### ○ နိုင်ငံတော်သမ္မတမှ

သမ္မတကြီးအနေဖြင့် မြန်မာနိုင်ငံ၏ အနာဂတ်အား ကောင်းမွန်စွာပုံဖော်ရန်အတွက် အခွင့်အရေးရရှိလာသည့်အတွက် ဝမ်းမြောက်ပါကြောင်း။

မြန်မာနိုင်ငံအတွက် အမေရိကန်ပြည်ထောင်စုမှ ပံ့ပိုးကူညီနိုင်မည့် အလားအလာများကို ပွင့်လင်းစွာအသိပေးနိုင်ပါကြောင်း၊ အမေရိကန်ပြည်ထောင်စုနှင့် မိမိအနေဖြင့်လည်း မြန်မာနိုင်ငံအား ပံ့ပိုးကူညီသွားရန် အသင့်ရှိသည်ကို အသိပေးလိုပါကြောင်း၊ မြန်မာနိုင်ငံ၏ အနာဂတ်အစီအမံများကိုလည်း ကြားသိလိုပါကြောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးသစ်အဖြစ် အဆိုပြုထားသူနှင့်လည်း ရင်းနှီးပွင့်လင်းစွာ အသေးစိတ်ဆွေးနွေးသွားနိုင်ပါကြောင်း၊ မိမိအနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်လည်း ဆက်သွယ်ပြောကြားရန်ရှိပါကြောင်း၊ မကြာမီကျရောက်တော့မည့် မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန်အခါသမယအတွက် ဆုမွန်ကောင်းများပို့သပါကြောင်း ပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်က မြန်မာပြည်သူလူထု၏ အားပေးထောက်ခံမှုဖြင့် ယခုကဲ့သို့ ကြီးလေးသောတာဝန်များကို ထမ်းဆောင်ရခြင်းဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ အားပေးထောက်ခံမှုကို များစွာတန်ဖိုးထားပါကြောင်း၊ အမေရိကန်နိုင်ငံသမ္မတကြီးနှင့် အမေရိကန်ပြည်ထောင်စုမှ မြန်မာနိုင်ငံအပေါ် ဆက်လက်၍ ပံ့ပိုးကူညီမှုများပြုလုပ်သွားလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ အမေရိကန်ပြည်ထောင်စု၏ ရင်းနှီးမြှုပ်နှံမှုများ၊ USAID အပါအဝင် အမေရိကန်ပြည်ထောင်စု၏ ကဏ္ဍအသီးသီးတွင် ပူးပေါင်းကူညီမှုများကို လိုလားပါကြောင်း၊ အမေရိကန်ပြည်ထောင်စုအပါအဝင် မိတ်ဆွေနိုင်ငံများ၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံအနေဖြင့် မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်ကို များမကြာမီရောက်ရှိမည်ဟု မျှော်လင့်ပါကြောင်း၊ မိမိအား ယခုကဲ့သို့ နွေးထွေးစွာဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများအပေါ် အားပေးထောက်ခံကြောင်း ဆက်သွယ်ပြောကြားသည့်အတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်တွေ့ကြုံနေရသော်လည်း ယင်းစိန်ခေါ်မှုများကို အောင်မြင်စွာဖြေရှင်းနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

### ❑ ရှေ့ဖုံးမှ

လုပ်ဆောင်ရန် ကဏ္ဍများစွာရှိကြောင်း၊ ပြည်သူပြည်သားများအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များတွင် နှစ်နိုင်ငံညှိနှိုင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း၊ တရုတ်နိုင်ငံသမ္မတ၏ ချစ်ကြည်ရင်းနှီးမှုဖြင့် ဖိတ်ကြားမှုအပေါ် အခါအခွင့်သင့်သည့်အချိန်တွင် သွားရောက်လည်ပတ်ရန် ဆန္ဒရှိပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်၊ ဒေါက်တာဖေမြင့်၊ ဒေါက်တာအောင်သူနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော်တရုတ်ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။ **(သတင်းစဉ်)**

### ❑ မြန်မာနိုင်ငံမြောက်ပိုင်းမှ

ထိုးဖောက်မှုကို ကြံ့ကြံ့ခံရင်း ဗုဒ္ဓသာသနာတော်ကို ခံတပ်သဖွယ်ကာကွယ်ခဲ့တဲ့ ကျေးရွာတွေဖြစ်တယ်”ဟု တက္ကသိုလ်ခြေလျင်တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမျိုးသန့်က ပြောသည်။

သဘာဝခေါ်သံဖောင်ဒေးရှင်းမှ တောင်တက်သမားနှစ်ဦးသည် ၂၀၁၄ ခုနှစ် ဩဂုတ်လက ခါကာဘိုရာဇီတောင်ထိပ်ကို အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ပြီး ယင်းနေ့မှာပင် ပျောက်ဆုံးသွားခဲ့သည်။

အဖွဲ့ဝင်များသည် ၎င်းတို့ကို ဂုဏ်ပြုသည့်အနေဖြင့် ရှာဖွေရေးမှာ ပါဝင်ကူညီခဲ့ကြသည့် ကျေးရွာလူထုကို ကျေးဇူးတုံ့ပြန်သော ဆေးကုသမှု၊ လူမှုအကျိုးပြုခရီးစဉ်တစ်ခုကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၃၀ ရက်ထိ ရက် ၄၀ ကြာသွားခဲ့ကြသည်။ ခရီးစဉ်အတွင်း နာယက သမားတော်ကြီး ဒေါက်တာဒေါ်ခင်မေအုန်းကမကထပြုမှုဖြင့် ဂူဘားရွာအတွက် ဘုရားမွေတော်၊ ဓာတ်တော်များ ပင့်ဆောင်လာခဲ့ရာမှ ယခုကဲ့သို့ စေတီတော်များ တည်ထားကိုးကွယ်ရန် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

“ဂူဘားရွာအတွက်သာ မဟုတ်ဘဲ တဟွန်ဒမ်းနဲ့ မဒိန်းရွာအတွက်ပါ စေတီတည်ထားပေးဖို့ ဒေသခံတွေက မေတ္တာရပ်ခံကြတယ်။ ဒါနဲ့ ဆရာတို့လည်း ပူတာအိုမြို့နယ် သံဃနာယက ဩဝါဒါစရိယ သာယာကုန်းကျောင်းဆရာတော် ဦးတိလောက (တဟွန်ဒမ်း ဆရာတော်)ကို လျှောက်ထားပြီး စေတီတည်ထားကိုးကွယ်နိုင်ဖို့ ဆောင်ရွက်ခဲ့ကြတယ်” ဟု ဦးမျိုးသန့်က ရှင်းပြသည်။

တောင်တက်အဖွဲ့ဝင်များသည် အဆိုပါဒေသများတွင် တည်ထားကိုးကွယ်နိုင်ရန် ရွှေတိဂုံပုံတူစတီးစေတီတော်သုံးဆူအပြင် စေတီတော်တွင်း ဂန္ဓကုဋိတိုက်များတွင် သီတင်းသုံးမည့် ကြေးဆင်းတုတော်များ၊ ဌာပနာပစ္စည်းများနှင့် တိဘက်ဗုဒ္ဓဘာသာဝင်အိမ်များအတွက် လှူဒါန်းမည့် ဗုဒ္ဓရုပ်ပွားတော်များကို ပင့်ဆောင်၍ မိုင် ၁၇၀ ကျော်ဝေးသည့် ခြေလျင်တောင်တက်ခရီးကြမ်းကို ကြိုးတံတားများ၊ ချောင်းများ၊ လျှိုမြောင်များကို မိုးရွာသွန်းနေသည့်ကြားမှ ကျော်ဖြတ်၍ အထမ်းဝန်ထမ်းပေါင်း ၁၅၀ ခန့်နှင့်အတူ သွားခဲ့ကြသည်။

“ဆရာတို့ အလျဉ်းသင့်သလို တည်ပြီးသားစေတီတော်တွေ ခိုင်ခံ့တည်မြဲရေးအတွက် သွားရောက်ကြဦးမှာပါ။ ဘုရားရင်ပြင်တော် တိုးချဲ့ဖို့နဲ့ ပိုမိုခိုင်ခံ့တဲ့ အုတ်၊ ကျောက်စေတီတော်တွေဖြစ်အောင် ဆောင်ရွက်မယ်။ အခုလည်း ဂေါပကအဖွဲ့တွေ ဖွဲ့ပေးခဲ့တယ်။ ဓမ္မာရုံတွေ တည်ဆောက်ပေးခဲ့တယ်။ စေတီတော်တွေ တည်တံ့ရေးအတွက် လိုအပ်တာတွေကို ပြင်ဆင်ထားခဲ့ပေးပါတယ်”ဟု ဦးမျိုးသန့်က ဆက်လက်ပြောပြသည်။

အပြန်ခရီးတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်း နာယက ပါမောက္ခသမားတော်ကြီး ဒေါက်တာဒေါ်ခင်မေအုန်း (မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နာယက)နှင့် တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမျိုးသန့် ဦးဆောင်သော အဖွဲ့ဝင် ၁၄ ဦးသည် ဂျိမ်းဖော၊ ရဝမ်၊ လီဆူ၊ မြေပြန့်သျှမ်း၊ တိဘက်စသည့် လူမျိုးပေါင်းစုံနေထိုင်ကြသည့် ကျေးရွာများကို ဖြတ်သန်းပြီး တိုင်းရင်းသားလူမျိုး ငါးရာဦးခန့်အား ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ဆောင်ရွက်ပေးခဲ့သည့်အပြင် ကျေးရွာများအတွက် လူမှုရေးနှင့် ပညာရေးရန်ပုံငွေများ၊ ဗလာစာအုပ်နှင့် ရိက္ခာများ၊ ဆေးဝါးများလှူဒါန်းခြင်း၊ ခရစ်ယာန်ဘုရားကျောင်းများအတွက် ရန်ပုံငွေများ၊ ဘုန်းတော်ကြီးကျောင်းများအတွက် အလှူငွေများ လှူဒါန်းခဲ့ကြောင်း သိရသည်။ ။

# မြန်မာနိုင်ငံအတွင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေမည့် စီးပွားရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်စေလို
# အီတလီနိုင်ငံ၏ အောင်မြင်နေသည့်အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းအတွေ့အကြုံများကို ပြန်လည်မျှဝေပေးမည်

## စည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းရေးမရှိလျှင် မည်သည့်အောင်မြင်မှုမျိုးကိုမျှ မရရှိနိုင်

**နေပြည်တော် ဧပြီ ၆**
မိမိတို့နိုင်ငံသည် စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို အထူးအလေးထား ဆောင်ရွက်နေပါကြောင်း၊ စည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းရေးမရှိလျှင် မည်သည့်အောင်မြင်မှုမျိုးကိုမျှ မရရှိနိုင်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံမှုအပြီး ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

နှစ်နိုင်ငံပူးတွဲသတင်းစာရှင်းလင်းပွဲမတိုင်မီ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်အဖြစ် ရောက်ရှိနေသည့် အီတလီနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပါရိုလို ဂျန်တီလိုနီနှင့် ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဦးစွာတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က မြန်မာ-အီတလီ နှစ်နိုင်ငံသည် ယခင်ကတည်းက ချစ်ကြည်ရင်းနှီးမှုရှိသည့် မိတ်ဆွေနိုင်ငံများ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအတွင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေမည့် စီးပွားရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ အီတလီနိုင်ငံသည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖြင့် ဖွံ့ဖြိုးတိုးတက်လာသည့် နိုင်ငံဖြစ်၍ မြန်မာနိုင်ငံတွင်လည်း အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးကူညီပေးစေလိုကြောင်း၊ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်လည်း ပူးပေါင်းပါဝင်ကူညီစေလိုကြောင်း၊ မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းများတွင် နည်းပညာ၊ အတွေ့အကြုံနှင့် အကူအညီများ မျှဝေပေးစေလိုကြောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

မစ္စတာ ပါရိုလို ဂျန်တီလိုနီကလည်း အီတလီနိုင်ငံ၏ အောင်မြင်နေသည့် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းအတွေ့အကြုံများကို ပြန်လည် မျှဝေပေးမည်ဖြစ်ကြောင်း၊ အီတလီနှင့် မြန်မာနိုင်ငံသည် ခေတ်ဦးလူနေမှု ပုံစံချင်းတူသည့်အတွက် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများတွင်လည်း ကူညီပေးမည်ဖြစ်ကြောင်း၊ စီးပွားရေးကဏ္ဍနှင့်ပတ်သက်၍ ဖြစ်နိုင်ခြေရှိသည့်ဧရိယာများရွေးချယ်ကာ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

သတင်းစာရှင်းလင်းပွဲတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် အီတလီနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပါရိုလို ဂျန်တီလိုနီတို့ ရင်းရင်းနှီးနှီးနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)**





## လွှတ်တော်များ၏ ဥပဒေပြုရေးလုပ်ငန်းများတွင် ပူးပေါင်းကူညီ အထောက်အကူပြုနိုင်ရေး ဆွေးနွေး

**နေပြည်တော် ဧပြီ ၆**
ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် Pyoe Pin Programme မှ Political Economy Advisor, Mr. Taylor Brown အား ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။(ဝဲပုံ)

တွေ့ဆုံစဉ် လွှတ်တော်များ၏ ဥပဒေပြုရေးလုပ်ငန်းများတွင် ပူးပေါင်းကူညီအထောက်အကူပြုနိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

## လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ဟားခါးမြို့၌ တန်ဖိုးသင့်အိမ်ရာများ သွပ်မိုးများလန်

**ဟားခါး ဧပြီ ၆**
ဟားခါးမြို့ရှိ သဘာဝဘေးသင့်ပြည်သူများအတွက် အသစ်ပြန်လည်ဆောက်လုပ်ပေးသော ဟားခါး-ဖလမ်းကားလမ်းပေါ်ရှိ မြို့ကွက်သစ် တန်ဖိုးသင့်အိမ်ရာ၌ ဧပြီ ၆ ရက် နံနက် ၁ နာရီခွဲခန့်က လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် နေအိမ် ၃၈ လုံး သွပ်မိုးများလန်ခဲ့ပြီး လူနှင့်တိရစ္ဆာန်များထိခိုက်မှု မရှိကြောင်း သိရသည်။

အဆိုပါ သွပ်များလန်နေသည့်အိမ်များကို သွပ်မိုးအသစ်များ ပြန်လည်အစားထိုး အမိုးမိုးပေးနိုင်ရေးနှင့် ယင်းလုပ်ငန်းဆောင်ရွက်မှုများ နေ့ချင်းပြီး ဆောင်ရွက်နိုင်ရေးတို့ကို တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက် )**

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

### ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် အသစ်လျှောက်ထားခြင်း၊ သက်တမ်းတိုးလျှောက်ထားခြင်းနှင့် ပုံနှိပ်သူ၊ ထုတ်ဝေသူအမည်ပြောင်း လျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၆-၄-၂၀၁၆ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် ပုံနှိပ်သက်တမ်းတိုး လျှောက်ထားသူ တစ်ဦး၊ ပုံနှိပ်လုပ်ငန်းအသစ် လျှောက်ထားသူ ခုနစ်ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် လေးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့်တစ်ဦး၊ အထွေထွေထုတ်ဝေခွင့် ခုနစ်ဦး၊ ပေါင်းလုပ်ငန်းအသစ် ၁၂ ဦးနှင့် သတင်းအေဂျင်စီအသစ် လျှောက်ထားသူ တစ်ဦးတို့အား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။ မဂ္ဂဇင်းထုတ်ဝေသူအမည်ပြောင်း လျှောက်ထားသူ တစ်ဦးကိုလည်း ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက်သက်တမ်းတိုး ၁၀၄၄ ဦးနှင့် အသစ်လျှောက်ထားသူ၂၉၁ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၉၉၂ ဦးနှင့် အသစ်လျှောက်ထားသူ ၇၇၇ ဦး၊ သတင်းအေဂျင်စီလုပ်ငန်းအသစ်လျှောက်ထားသူ ၃၁ ဦး၊ စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းအသိအမှတ်ပြုလက်မှတ် ၃၁၃၅ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူ တစ်ဦးနှင့် မဂ္ဂဇင်းအသစ်လျှောက်ထားသူ တစ်ဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေပြဌာန်း

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၆။)**
**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်**
**(၂၀၁၆ ခုနှစ်၊ ဧပြီလ ၆ ရက်)**

**နိဒါန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးနှင့် ဈေးကွက်စီးပွားရေးစနစ်တို့ကို ကျင့်သုံးလျက် ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရန်လည်းကောင်း၊ ပြည်သူများ လိုလားတောင့်တနေကြသော စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်ကို ခိုင်မာစွာ တည်ဆောက်နိုင်ရန်လည်းကောင်း ပြည်ထောင်စုလွှတ်တော်က ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-
(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုလိုသည်။
(ခ) **အတိုင်ပင်ခံပုဂ္ဂိုလ်**ဆိုသည်မှာ အခန်း (၂)ပါ ရည်ရွယ်ချက်များ အောင်မြင်စေရန်အတွက် ဤဥပဒေအရ တာဝန်ပေးအပ်ခြင်း ခံရသူကို ဆိုလိုသည်။

**အခန်း (၂)**

**ရည်ရွယ်ချက်များ**

၃။ (က) ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊
(ခ) ဈေးကွက်စီးပွားရေးစနစ်ပီပြင်ရေး၊
(ဂ) ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ရေး၊
(ဃ) ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး။

**အခန်း (၃)**

**တာဝန်ပေးအပ်ခြင်း**

၄။ ၂၀၁၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ၏ ယုံကြည်အားကိုးမှုဖြင့် တစ်ခဲနက် ထောက်ခံမဲရရှိခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကို အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ပြည်ထောင်စုလွှတ်တော်က တာဝန်ပေးအပ်သည်။

**အခန်း (၄)**

**တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များ**

၅။ အတိုင်ပင်ခံပုဂ္ဂိုလ်၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများအတွက် အကြံပြုချက်များပေးရမည်။
(ခ) အကြံပြုချက်များ၊ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တာဝန်ခံရမည်။
(ဂ) အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဤဥပဒေပါ ရည်ရွယ်ချက်များ အောင်မြင်စေရန်အတွက် အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။
(ဃ) အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရာထူးအလျောက်ရရှိသည့် လစဉ်ချီးမြှင့်ငွေ၊ စရိတ်၊ အဆောင်အယောင်နှင့်အခွင့်အရေးများကို ခံစားခွင့်ရှိသည်။
(င) အတိုင်ပင်ခံပုဂ္ဂိုလ်၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် ခွဲဝေသတ်မှတ်ထားရှိရမည်။

**အခန်း (၅)**

**အထွေထွေ**

၆။ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ရာထူးသက်တမ်းသည် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်သည်။

၇။ ဤဥပဒေသည် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းကာလတွင် တာဝန်ထမ်းဆောင်သည့် နိုင်ငံတော်သမ္မတ၏ သက်တမ်းကာလအတွက်သာ ဖြစ်စေရမည်။

၈။ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ လိုအပ်သော နည်းဥပဒေများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ကယားပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၃/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၆ ရက်)

**ကယားပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ) တို့ပါ ပြဋ္ဌာန်းချက်များအရ ကယားပြည်နယ်ဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ ဝန်ကြီးဌာနများတွင် ကယားပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဗိုလ်မှူးကြီးဇော်မျိုးတင် | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၂) | ဦးခင်မောင်ဖြူ | လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးဌာန |
| (၃) | ဦးဘော့စ်ကို | စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၄) | ဒေါက်တာအောင်ကျော်ဌေး | စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန |
| (၅) | ဦးတီရယ် | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၆) | ဦးမော်မော် | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ထိရောက်သည့်စီမံခန့်ခွဲမှုရှိရေး ဆွေးနွေး

**နေပြည်တော် ဧပြီ ၆**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိအား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ထိရောက်သည့် စီမံခန့်ခွဲမှုရှိရေးတို့အား ဆွေးနွေးကြပြီး မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။



တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ် (လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး၊ အာရှရေးရာဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(မြဝတီ)**

# ဂျပန်နိုင်ငံရှေ့နေများအဖွဲ့ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တရားရုံးသို့ လာရောက်လေ့လာ

**နေပြည်တော် ဧပြီ ၆**

နေပြည်တော် ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ်တရားရုံးသို့ ဂျပန်နိုင်ငံရှေ့နေများအဖွဲ့သည် တရားရုံး၏ တရားခွင်ကြားနာစစ်ဆေးမှုများအား လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ Gunma Bar Association မှ ရှေ့နေ Tomoyuki Tsuji ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အဖွဲ့ဝင် ၁၂ ဦးလိုက်ပါ၍ ယမန်နေ့နံနက် ၉ နာရီခွဲက နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တရားရုံးသို့ လာရောက်လေ့လာရာ ခရိုင်တရားသူကြီး ဦးမြငွေးကျော်၊ ဒုတိယခရိုင်တရားသူကြီး ဦးကျော်သောင်းအောင်တို့က ကြိုဆိုကြပြီး ရုံးတော်တွင် တရားလို၊ တရားခံ စစ်ဆေးကြားနာမှုအား ကြည့်ရှုလေ့လာခဲ့ပြီး တရားစီရင်ရေးနှင့် ပတ်သက်၍ အဆင့်ဆင့်ကို ခရိုင်တရားသူကြီး ဦးမြငွေးကျော်နှင့် ဒုတိယခရိုင်တရားသူကြီးတို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၄/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၆ ရက်)

**ပဲခူးတိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ) တို့ပါ ပြဋ္ဌာန်းချက်များအရ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ ဝန်ကြီးဌာနများတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဗိုလ်မှူးကြီးခင်မောင်ဌေး | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၂) | ဦးအောင်ဇော်နိုင် | စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန |
| (၃) | ဦးကျော်မင်းဇံ | သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၄) | ဦးမောင်မောင်လွင် | စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန |
| (၅) | ဦးညွန့်ရွှေ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# အကျင့်ပျက်လာဘ်စားမှုပြဿနာ

**သင်္ဂဟ**

အကျင့်ပျက်လာဘ်စားမှုဟာ တိုင်းပြည်ရဲ့ဘဏ္ဍာငွေကို အလဟဿဆုံးရှုံးစေသလို အစိုးရအပေါ်မှာလည်း ပြည်သူလူထုရဲ့ ယုံကြည်ကိုးစားမှုကို ပျက်ပြားစေတဲ့အတွက် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာမှာ အဓိက အနှောင့်အယှက်အဟန့်အတားတစ်ရပ်ပါ။ အကျင့်ပျက်လာဘ်စားမှုပြဿနာကို ကိုင်တွယ်ရာမှာ အခြေခံလိုအပ်ချက်ကတော့ မဖြစ်မနေ ဆောင်ရွက်မယ်ဆိုတဲ့ နိုင်ငံရေးအရ ပိုင်းဖြတ်မှုပါ။ လူထုအစိုးရသစ်က နိုင်ငံရေးအရ ပိုင်းဖြတ်မှုရှိတယ်ဆိုတာကို မကြာမီရက်ပိုင်းအတွင်းက ထုတ်ဖော်ပြသခဲ့ပါတယ်။ ဧပြီ ၄ ရက်က တိုင်းပြည်တာဝန် ထမ်းဆောင်နေတဲ့ ပုဂ္ဂိုလ်တွေကို ပုံသဏ္ဍာန်မျိုးစုံသုံးပေးအပ်လာတဲ့ လက်ဆောင်ပစ္စည်းတွေနဲ့ပတ်သက်ပြီး ကန့်သတ်တားမြစ်တဲ့ ညွှန်ကြားချက် ထုတ်ပြန်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့တာပါ။ အကျင့်ပျက်လာဘ်စားမှုတိုက်ဖျက်ရာမှာ အရေးကြီးတဲ့ နောက်လိုအပ်ချက်ကတော့ သတင်းမီဒီယာ လွတ်လပ်ခွင့်ရှိဖို့ပါ။ အာဏာပိုင်ပုဂ္ဂိုလ်အဖွဲ့အစည်းတွေကို ကြောက်ရွံ့ပြီး အချက်အလက်အမှန်တွေကို မတင်ပြရဲတာမျိုးဖြစ်လို့ မရပါဘူး။ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေမှာ သတင်းမီဒီယာလွတ်လပ်ခွင့်ကအတန်အသင့်ရှိတယ်လို့ ပြောနိုင်ပါတယ်။ တရားဥပဒေစိုးမိုးမှုရှိဖို့ကလည်း အကျင့်ပျက်လာဘ်စားမှုတိုက်ဖျက်ရာမှာ အခြေခံလိုအပ်ချက်တစ်ရပ်ပါ။ လူထုအစိုးရသစ်တက်လာပြီမို့လို့ တရားဥပဒေစိုးမိုးမှုကလည်း တိုးတက်မှုတွေရှိလာမှာပါ။

ပြောရရင် တိုင်းပြည်မှာ အကျင့်ပျက်လာဘ်စားမှုတိုက်ဖျက်ဖို့ အခြေခံလိုအပ်ချက်တွေ ပြည့်စုံနေပြီလို့ ပြောနိုင်ပါတယ်။ ဒါပေမယ့် အကျင့်ပျက်လာဘ်စားမှုဟာ ရှုပ်ဖျက်ပြီး ပုံသဏ္ဍာန်မျိုးစုံနဲ့ ဝင်လာတတ်တာမို့လို့ အလွယ်တကူကိုင်တွယ်နိုင်တဲ့ ကိစ္စမျိုးတော့ မဟုတ်ပါဘူး။ တရုတ်နိုင်ငံမှာ အကျင့်ပျက်လာဘ်စားမှုကို သေဒဏ်ပေးတဲ့အထိ ပြင်းပြင်းထန်ထန်ကိုင်တွယ်နေပေမယ့်လည်း အပြည့်အဝကိုင်တွယ်နိုင်တဲ့ အခြေအနေမျိုးရောက်ဖို့ကတော့ ခရီးရှည်ချီတက်ရဦးမှာပါ။ နောက်ပြဿနာက အကျင့်ပျက်လာဘ်စားမှုဟာကွန်ရက်ပုံသဏ္ဍာန်မျိုး အကျိုးစီးပွားချင်း ယှက်နွယ်ချိတ်ဆက်ထားတာမို့လို့ အလွယ်တကူ မချိုးဖောက်နိုင်ပါဘူး။ ဒါကြောင့် အကျင့်ပျက်လာဘ်စားမှုကို ထိထိရောက်ရောက်ကိုင်တွယ်နိုင်မယ့် စိတ်ကူးသစ်နည်းလမ်းသစ်တွေ ကို စဉ်းစားသင့်ပါတယ်။

အကျင့်ပျက်လာဘ်စားမှုကို နှစ်ပိုင်းပိုင်းကြည့်ဖို့ လိုတယ်လို့ တွေးမိပါတယ်။ ပထမပိုင်းက တိုင်းပြည်ရဲ့ လုပ်ငန်းစီမံကိန်းတွေကို ဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့ တာဝန်ကြီး ပုဂ္ဂိုလ်တွေရဲ့ အကျင့်ပျက်လာဘ်စားမှုပါ။ ဒီလို အကျင့်ပျက်လာဘ်စားမှုကတော့ နိုင်ငံရေးအရ ပိုင်းဖြတ်မှုရှိတယ်။ သတင်းမီဒီယာလွတ်လပ်ခွင့်ရှိတယ်။ တရားဥပဒေစိုးမိုးမှုရှိတယ်ဆိုရင် ကိုင်တွယ်ဖို့သိပ်ပြီး မခက်ခဲဘူးလို့ပဲ ပြောရမှာပါ။ ဒီနေရာမှာ သက်ဆိုင်ရာဝန်ကြီးဌာနတွေရဲ့ လုပ်ထုံးလုပ်နည်းတွေဟာလည်း ရှင်းလင်းတိကျမှုရှိပြီး ပွင့်လင်းမြင်သာဖို့ လိုအပ်ပါတယ်။ ဒါမှသာ အကျင့်ပျက်လာဘ်စားမှုကို အလွယ်တကူသက်သေပြဖော်ထုတ်နိုင်မှာပါ။ အကျင့်ပျက်လာဘ်စားမှုရဲ့ ဒုတိယပိုင်းက သာမန်ဝန်ထမ်းတွေရဲ့ အကျင့်ပျက်လာဘ်စားမှုပါ။ သာမန်ဝန်ထမ်းတွေရဲ့ အကျင့်ပျက်လာဘ်စားမှုဟာ အကျင့်စာရိတ္တပျက်ပြားမှုအပေါ် မူတည်ဖြစ်ပွားတာမျိုးဆိုရင် နက်နက်ရှိုင်းရှိုင်းကျယ်ပြန့်မှာ မဟုတ်သလို ကိုင်တွယ်ဖြေရှင်းဖို့လည်း သိပ်ခက်ခဲမှာ မဟုတ်ပါဘူး။ သာမန်ဝန်ထမ်းတွေရဲ့ အကျင့်ပျက်လာဘ်စားမှုဟာ လုပ်ခလစာက စားဝတ်နေရေးကုန်ကျစရိတ်ကိုမကာမိလို့ ဖြစ်တာဆိုရင်တော့ နက်ရှိုင်းကျယ်ပြန့်ပြီး ကိုင်တွယ်ဖြေရှင်းဖို့ သိပ်ကိုခက်ခဲမှာပါ။ ကိုယ့်တိုင်းပြည်ရင်ဆိုင်နေရတဲ့ အကျင့်ပျက်လာဘ်စားမှုပြဿနာကို မှန်မှန်ကန်ကန်သုံးသပ်နိုင်မှ ထိထိရောက်ရောက်ကိုင်တွယ်နိုင်မယ်လို့ ယူဆပါတယ်။အကျင့်ပျက်လာဘ်စားမှုပြဿနာကို ကိုင်တွယ်ရာမှာ ပြည်သူလူထုရဲ့ အကျင့်ပျက်လာဘ်စားမှုအပေါ်ထားတဲ့ သဘောထားခံယူချက်ကလည်း အရေးကြီးပါတယ်။ အကျင့်ပျက်လာဘ်စားလို့ ဖြစ်လာတဲ့ ချမ်းသာကြွယ်ဝမှုအပေါ် "မရှက်တတ်ဘူး။ လက်မထောင်မယ်၊ ထောင်လို့လည်း ရနေတယ်ဆိုရင်တော့" အကျင့်ပျက်လာဘ်စားမှုကိုင်တွယ်ဖြေရှင်းရေးဟာ အစိုးရနဲ့ အကျင့်ပျက်လာဘ်စားတဲ့ ဝန်ထမ်းတွေအကြား ပြေးတမ်းလိုက်တမ်း ကစားသလိုပဲဖြစ်နေမှာပါ။ ဒါကြောင့် အကျင့်ပျက်လာဘ်စားမှုတိုက်ဖျက်ရေးမှာ ပြည်သူလူထုရဲ့ သဘောထားခံယူချက်မှန်မှန်ကန်ကန် ဖြစ်လာအောင် စည်းရုံးလှုံ့ဆော်ပျိုးထောင်ယူဖို့ကလည်း အရေးကြီးတဲ့အစိတ်အပိုင်းတစ်ရပ်ပါ။ ခြုံပြောရရင်တော့ အကျင့်ပျက်လာဘ်စားမှုပြဿနာကို မျက်နှာစာမျိုးစုံကနေ နည်းလမ်းအဖုံဖုံသုံးပြီး ကိုင်တွယ်ဖြေရှင်းမှပဲအောင်မြင်နိုင်မှာပါ။ ။

**အကျင့်ပျက်လာဘ်စားမှုကိုင်တွယ်ဖြေရှင်းရေးဟာ အစိုးရနဲ့ အကျင့်ပျက်လာဘ်စားတဲ့ ဝန်ထမ်းတွေအကြား ပြေးတမ်းလိုက်တမ်း ကစားသလိုပဲ ဖြစ်နေမှာပါ။**

World Health Organization
Regional Office for South-East Asia

ကမ္ဘာ့ကျန်းမာရေးနေ့
World Health Day
၂၀၁၆ ခုနှစ်၊ဧပြီလ(၇)ရက်နေ့
"ကျန်းမာစေသည့် လူနေမှုဘဝ၊နေ့စဉ်ရွေးချယ်နေထိုင်မှ
ဆီးချိုသွေးချိုကင်းဝေးရ "
"Make healthy choices every day, keep diabities at bay"

ကျန်းမာရေးဝန်ကြီးဌာန

## လှိုင်းဘွဲ့မြို့နယ်ရှိ ရေဘုတ်ရေလှောင်တမံစီမံကိန်း လယ်မြေဧရိယာဧက ၃၀၀၀ ခန့်ကို ရေပေးဝေနိုင်မည်

**လှိုင်းဘွဲ့ ဧပြီ ၆**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအနီးရှိ ရေဘုတ်ချောင်းနှင့် ကစိုင်းချောင်းပေါ်တွင် အလျား ပေ ၁၇၇၂၀၊ အမြင့် ၄၆ ပေနှင့် သိုလှောင်ရေပမာဏ ၂၈၄၇၄ ဧကပေခန့် သိုလှောင်၍ လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ လယ်မြေဧရိယာဧက ၃၀၀၀ ခန့်ကိုရေပေးဝေစိုက်ပျိုးနိုင်သော ရေဘုတ်ရေလှောင်တမံကို တည်ဆောက်လျက်ရှိသည်။

ရေဘုတ်ရေလှောင်တမံစီမံကိန်းကို ၂၀၀၅-၂၀၀၆ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၃-၂၀၁၄ခုနှစ်တွင် ပြီးစီးကာ ဆည်ရေပေးဝေရန် ဆည်တွင်ရေလုံလောက်မှုရှိသည့်အပြင် ဆည်ရေသောက်စနစ်တစ်ခုလုံးအတွက် ၆ ဒသမ ၂၅ မိုင်ရှိ တူးမြောင်းမကြီး တစ်ခု၊ ၁၅ ဒသမ ၅၂ မိုင်ရှိ လက်တံမြောင်း ခြောက်ခု၊ ၁၀ ဒသမ ၇၈ မိုင်ရှိ တိုက်ရိုက်ရေ ပေးမြောင်း ၂၀ ခု၊ တူးမြောင်းအဆောက်အအုံ ၁၀၀ တို့ဖြင့် ဆည်ရေပေးနိုင်မည့်ဧရိယာမှာ ဧက ၃၀၀၀ ရှိကြောင်းသိရသည်။

ရေဘုတ်ရေလှောင်တမံစီမံကိန်းကို ဧပြီ ၆ ရက်နံနက်ပိုင်းက ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရေဘုတ်ရေလှောင်တမံစီမံကိန်း ပြည်နယ်ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်ဆွေ၊ တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးသန်းငွေးတို့က ရေဘုတ်ဆည်စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရေဘုတ်ရေလှောင်တမံစီမံကိန်းသည် လက်ရှိတွင် ဒေသခံများ၏ စီးပွားရေးအခြေခံမှုသည် စိုက်ပျိုးရေးလုပ်ငန်းအပေါ်တွင် အမှီသဟဲပြုမှုနည်းပါးခြင်း၊ ဒေသ၏ အခြေခံမြေအမျိုးအစားအရ စိုက်ပျိုးရေးထွက်ကုန်နှုန်း နည်းပါးခြင်းတို့ကြောင့် နွေစပါးစိုက်ပျိုးမှုအပေါ်တွင် စိတ်ပါဝင်စားမှု အားနည်းသေးသော်လည်း စီးပွားရေး အခြေခံပုံစံပြောင်းလဲမှု၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုတို့ ပေါင်းစပ်ဆောင်ရွက်လာနိုင်သည်နှင့်အမျှ နွေစပါးစိုက်ပျိုးမှုတွင်လည်း စိတ်ဝင်စား တိုးချဲ့စိုက်ပျိုးလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## တာချီလိတ်မြို့နယ်တွင် ကဖင်း ၄,၄၀၀ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၆**

တပ်မတော်၊ မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၅ ရက် ညပိုင်းတွင် တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)အုပ်စု ဝေ့လေလန်ကျေးရွာအနီး စစ်ဆေးရေးဂိတ် ကွင်းရှောင်လမ်းဆုံတွင် စိုင်းအွန်ကျော က် မောင်းနှင်ပြီး အိုက်အွန်လိုက်ပါလာသည့် ထော်လာဂျီယာဥ်ကိုရှာဖွေစဉ် ကဖင်း ၂,၂၅၀ ကီလို သိမ်းဆည်းရမိခဲ့သည်။ ကွင်းဆက်စစ်ဆေးဖော်ထုတ်ရာ ည ၁၀ နာရီတွင် အိုက်ကောင် မောင်းနှင်လာသည့် ထော်လာဂျီယာဉ်ပေါ်မှ ကဖင်း ၂,၁၅၀ ကီလိုထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ကဖင်း ၄,၄၀၀ ကီလို (တန်ဖိုးငွေကျပ် ၃,၅၂၀ သိန်း) သိမ်းဆည်းရမိခဲ့သည်။ သယ်ဆောင်လာသူ စိုင်းအွန်ကျော်က် (ခ)အိုက်ကျော်က်၊ အိုက်အွန်နှင့် အိုက်ကောင်တို့ သုံးဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး သတင်းကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်းနှင့် ဖမ်းဆီးရမိသည့် ကဖင်းများသည် စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရာတွင် အသုံးပြုသဖြင့် ထိန်းချုပ်ဓာတုပစ္စည်းများအဖြစ် သတ်မှတ်၍ အရေးယူလျက်ရှိကြောင်း သိရသည်။



အလားတူ ဧပြီ ၃ ရက်က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ကောင်ဆန်ကျေးရွာ ကံသာဦး ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီအနီးလမ်းမပေါ်တွင် အောင်မြင့်နိုင် စီးနင်းလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက်တစ်ခွက် (အလေးချိန် ၁၃ ဂရမ် )နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့က မိုးညှင်းမြို့နယ် ညောင်ကုန်း ကျေးရွာနေ ကံသာ၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ အိုက်ကျော်ကို တွေ့ရှိရပြီး ကံသာမှာ ထွက်ပြေးလွတ်မြောက်သွားသည်။ အိုက်ကျော်ထံမှ စုစုပေါင်းဘိန်းဖြူ ၅၃ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၂၅ ပြားတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရွှေပြည်သာမြို့နယ် နွေရာသီအခြေခံအားကစားသင်တန်းဆင်း

**ရန်ကုန် ဧပြီ ၆**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူးဖွင့်လှစ်သော ၂၀၁၆ ခုနှစ် နွေရာသီအခြေခံ အားကစားသင်တန်းဆင်းပွဲကို ယနေ့နံနက် ၈ နာရီက မြို့နယ်အားကစားရုံ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းအောင်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မူမူနှင့် မြို့နယ်အားကစားမှူး ဒေါ်ခင်လေးမွန်တို့က ဂုဏ်ပြုဆုငွေနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ သင်တန်းကာလမှာ မတ် ၆ ရက်မှ ဧပြီ ၆ ရက်အထိ ဖြစ်ပြီး အားကစားနည်းလေးမျိုး၊ ဘောလုံး၊ ကရာတေး၊ ဂျူဒို၊ ပိုက်ကျော်ခြင်းတို့ပါဝင်ကာ သင်တန်းသား စုစုပေါင်း ၁၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**



# သင်္ကြန်စိတ်ကူး အပိုင်းအစများ

**အေးအောင်သွန်း**

သင်္ကြန်ဆိုတဲ့အသံ ကြားလိုက်ရင်ပဲ မျက်စိထဲမှာ ကိုးရိုးကားရား မိန်းမငယ်တွေရဲ့ အမြင်မတော်တဲ့ မလုံမခြုံ ပိုးစိုးပက်စက် အမူးတစ်ဝက်နဲ့ ရေပက်မဏ္ဍပ်ပေါ်မှာ ကျားသတ္တဝါတွေကြားထဲ လွန်လွန်ကဲကဲ ရုပ်ပျက်ဆင်းပျက် မွေ့လျော်နေကြတဲ့ပုံတွေကိုသာ အမျှင်မပြတ်မြင်ယောင်နေမိတော့တာပါပဲလေ။

ခုကာလမှာ Facebook နဲ့ ချက်ချင်း လူတကာ မသိချင်အဆုံး၊ မမြင်ချင်အဆုံး ရုပ်ပုံတွေ၊ စာတွေ၊ ရုပ်ရှင်တွေကို ခုရိုက်ခုပို့လိုက် ရတာပဲလေ။ တစ်ကမ္ဘာလုံး Network ချိတ်ထားလို့ကတော့ ရေမြေဆုံးတိုင်ပေါ့။ တောအထပ်ထပ် တောင်အထပ်ထပ် ကျော်ဖြတ်ပြီး ကမ္ဘာတစ်ပတ် ဖျတ်ခနဲပေါ့။

မနှစ်တနှစ်က သင်္ကြန်တွေမှာ အထူးသဖြင့် ရန်ကုန်နဲ့ မန္တလေးတို့မှာ ရေသဘင်ပွဲ နွှဲကြပုံဟာ အဖော်အချွတ် အတိုအပြတ် မမြင်မြင်အောင် ဖော်ပြလှစ်ဟ၊ ကျွတ်ကျမတတ် ပါးလှပ်လှပ် (ဖန်ပေါင်းချောင်ထဲထည့်ထားတာကမှ လုံခြုံလိမ့်ဦးမယ်ထင်ပါရဲ့) ထင်သာမြင်သာ ထွင်းဖောက်ရှုစားရတဲ့ အဝတ်တွေနဲ့ မိန်းမငယ်ငယ်ရွယ်ရွယ်တွေဟာ အာသာငမ်းငမ်း၊ ဘာမဆို ဖမ်းစားမယ့်ပုံ ပေါက်နေတဲ့ ယောကျ်ားဘသားတွေနဲ့ (ကျားရော မပါ မူးယစ် ရီဝေယိမ်းထိုးယမ်းခါပြုလဲရန်အသင့်အနေအထား) လွတ်လပ်မှုရဲ့ အဆုံးစွန်ရောက်အောင် ချီတက်ကြတော့မယ့် အနေအထားနဲ့ လှုပ်ရှားနေကြတာဟာ ရှောင်လို့မလွတ်နိုင်တော့တဲ့ မြင်ကွင်းကျယ် ဆေးရောင်စုံအသံထွက် ဇာတ်လမ်းတိုလေးတွေအဖြစ် ရပ်ကျော်ရွာကျော် လူတကာသိခဲ့ကြတယ်။

**“မြန်မာ့ရိုးရာ ယဉ်ကျေးမှု နှစ်သစ်ကူး အတာသဘင်” ဆိုတာကြီးဟာ မျက်စိအောက်မှာတင် အသွင်ပြောင်းရင်း ပြောင်းရင်းနဲ့ ပြောင်းပြောင်းလာလိုက်ကြရာမှာ အပြစ်ကင်းတဲ့၊ အဆင်းလှတဲ့ ပျော်ရွှင်စရာ၊ စိတ်ကြည်နူးရွှင်ပျစရာကိစ္စမှန်သမျှ ကြွေကျကြေမွဘာမျှမကျန်ရလောက်အောင် ပျက်သုဉ်းလွင့်မျောလို့ ဘယ်သောင်ဘယ်ကမ်း ဆိုက်သွားမှန်းမသိရအောင် ပျောက်ဆုံးကွယ်ပခဲ့ပါပြီ။**

အော့နှလုံးနာကြသလား။ ရွံ့ရှာကြသလား၊ ရင်တဖိုဖို ဖြစ်ကြသလား။ ဒေါမနဿတွေပွားကြသလား။ ဘုရားတမိကြသလား။ အားကျလိုက်တာ၊ ငါမပါလိုက်ရလေခြင်းလို့ ဝမ်းနည်းနေကြသလား။ ဘာပြောရမှန်း မသိအောင် အာစေးမိသွားကြသလား။ တံတွေးကို ဂလုဂလုနဲ့ ခဏခဏ မျိုချနေမိသလား။ ဒီကောင်မလေး ငါမြင်ဖူးတယ်၊ ဘယ်တုန်းက ဘယ်မှာပါလိမ့်လို့ ရေးရေးပေါ်အောင် စေ့စေ့တွေးနေမိသလား၊ အဲသည်မြင်ကွင်းတွေဟာ ဇာတ်လမ်းရဲ့ ပထမနိဒါန်းမျှသာလျှင် ဖြစ်တယ်ဆိုရင် ဇာတ်လမ်းရဲ့ အလယ်ပိုင်းမှာ ဘယ်လိုဒီဇိုင်းမျိုးဖြစ်မယ် ထင်သလဲ။ နောက်ဆုံးပိတ် Ending ကရော . . . ဘယ့်နှယ်လဲ။ ပညာရှိတို့ တွေးကြည့်ရုံနဲ့ ပြေးကြည့်ပြီးသားလို့သာ သဘောထားလိုက်ကြပါလေ။ ပြီးခဲ့တဲ့ တစ်နှစ်နှစ်နှစ်အတွင်းမှာ အဲသည်လို ဘယ်လိုတံဆိပ်ကပ်ပေးရမှန်း မသိနိုင်လောက်တဲ့ ဇာတ်ထုပ်ဇာတ်လမ်းတွေဟာ အတုမြင် အတတ်သင်တာလား။ တစ်ယောက်ကစ တစ်ရာဖြစ်သွားခဲ့တာလားဆိုတာကိုတော့ သီးသန့်ကွင်းဆင်းပြီး သုတေသနပြုမှရတော့မယ်ထင်ပါရဲ့။

လွတ်လပ်ပွင့်လင်းပြီး ထင်သာမြင်သာရှိတဲ့ လူမှုအဖွဲ့အစည်းတွေလိုအပ်တယ်ဆိုတဲ့ အသံတွေ ကျယ်ကျယ်လောင်လောင်ကြားကြားလာရချိန်မှာပဲ “မြန်မာ့ရိုးရာ ယဉ်ကျေးမှု နှစ်သစ်ကူးအတာသဘင်” ဆိုတာကြီးဟာ မျက်စိအောက်မှာတင် အသွင်ပြောင်းရင်းပြောင်းရင်းနဲ့ ပြောင်းပြောင်းလာလိုက်ကြရာမှာ အပြစ်ကင်းတဲ့၊ အဆင်းလှတဲ့ ပျော်ရွှင်စရာ၊ စိတ်ကြည်နူးရွှင်ပျစရာကိစ္စမှန်သမျှ ကြွေကျကြေမွဘာမျှမကျန်ရလောက်အောင် ပျက်သုဉ်းလွင့်မျောလို့ ဘယ်သောင်ဘယ်ကမ်းဆိုက်သွားမှန်း မသိရအောင် ပျောက်ဆုံးကွယ်ပခဲ့ပါပြီ။

သင်္ကြန်ဆိုတာနဲ့ သွေးထဲကို ရောက်လာတာက ကဲမယ်၊ သဲမယ်၊ စွဲမယ်၊ ဝဲမယ်၊ ဖော်မယ်၊ လှစ်မယ်၊ ခြွေမယ်၊ ကြွေမယ်၊ မူးမယ်၊ ရူးမယ် ၊လူးမယ်၊ ပူးမယ်၊ ဖူးမယ်၊ နူးမယ်၊ ကျူးမယ်၊ ဒူးဖယ်၊ ပူးတွယ် ဆိုတာမျိုးတွေပဲ။ ပစ်မှတ်ကို ရွေးမယ်၊ ချဉ်းကပ်မယ်၊ ပါးပါးလေးဖြစ်ချင်ဖြစ်မယ်။ ပျစ်ပျစ်နှစ်နှစ် ဖြစ်ချင်ဖြစ်မယ်၊ အပိုင်ကြံတာဖြစ်ချင်ဖြစ်မယ်၊ အနိုင်ခံတာဖြစ်ချင်ဖြစ်မယ်။ ဘယ်လိုပုံစံနဲ့ဖြစ်ဖြစ် ခွင်ဝင်အောင်တော့ဖန်ဖို့ ကျိတ်ကြံကြ၊ တစ်ကိုယ်တော် လူမသိ သူမသိ လှုပ်ရှားသူလှုပ်ရှား၊ စုပေါင်းပြီး တောချောက်သလို ချောင်ပိတ်ဖမ်းဖို့ ပြင်ဆင်သူက ပြင်ဆင်နဲ့ ပွဲမဝင်ခင်ကတည်းက အားတွေမွေး၊ ဓားတွေသွေးနဲ့ လုံ့လတွေ ဝီရိယတွေ ရင်းထားကြပြီးသားပါ။ အဆက်အသွယ်တွေရှာရသလို ငွေရေးကြေးရေးကိုလည်း အလုံးအထည်နဲ့ ရှာထားကြရတယ်။

ဒီလိုနဲ့ မြန်မာ့သင်္ကြန်၊ ရိုးရာသင်္ကြန်၊ ယဉ်ကျေးမှုသင်္ကြန် တစ်နှစ်တစ်ခါ ပိတောက်ဖူးတဲ့ လတန်ခူးမှာ တစ်နှစ်တာ တင်နေတဲ့အညစ်အကြေးတွေ ကင်းစင်ပြီး နှစ်သစ်မှာ အေးချမ်းစေဖို့ ရေစင်သွန်းတဲ့ဓလေ့ဟာ ဟိုဝေးဝေးမှာကျန်ခဲ့ပြီ။ ကြာလေကြာလေ မူလဇာစ်မြစ်ဟာ မှိန်မှိန်လာလေလေပဲ။ ကြာလေကြာလေ ဟိုလိုလို သည်လိုလို ဒီဇိုင်းတွေနဲ့ အမြင်ရိုင်းတာတွေက တွင်ကျယ်လာလေလေနဲ့ ထွန်းကားပြီးရင်း ထွန်းကားလာခဲ့တာဟာ ခုနေခါမှာ လုံးဝ(လုံးဝ)မမြင်ရက်၊ မကြားရက်၊ ဘာမှလည်း မတတ်နိုင်၊ တစ်စတစ်စလုံးပါးပါးပြီး သင်္ကြန်ဆိုတာ ယမကာပွဲ။ သင်္ကြန်ဆိုတာ ယစ်မူးစရာ။ သင်္ကြန်ဆိုတာ ကိလေသာပွဲ။ သင်္ကြန်ဆိုတာ ဖိုမသဘင်။ သင်္ကြန်ဆိုတာ အရှက်ကုန်။ သင်္ကြန်ဆိုတာ ထင်ရာဆိုင်း အရိုင်းပြိုင်ဆိုတဲ့ တပ်ချင်တဲ့ တံဆိပ်ကပ် အကုန်လုံးမှန်တယ် အကြုံးဝင်တယ်ဖြစ်လာခဲ့ပြီ။ အစဉ်အလာတွေ ပိတ်သိမ်း။ အားလုံးငြိမ်း။

တစ်ဆက်တည်းမှာ နောက်ထပ်ခံစားရတာကတော့ ဒီကနေ့ မြန်မာတို့ရဲ့ သင်္ကြန်ဟာ မိုင်ကုန်အစွမ်းကုန် တစ်နေကုန် မူးတဲ့သင်္ကြန်၊ ရမ်းတဲ့သင်္ကြန်၊ အထိမခံ ထစ်ခနဲဆိုဖြဲတဲ့သင်္ကြန်၊ ကြမ်းတဲ့သင်္ကြန်၊ ရန်ဖြစ်လွယ်တဲ့သင်္ကြန်၊ ထိုးကြိတ်သတ်ပုတ်တာလောက်ကတော့ ပျင်းတယ်။ ဖြစ်လိုက်ရင်အဆုံးစွန်။ သင်္ကြန်ချိန်ခါ O.P.D မှာ လူစည်တာ။ သင်္ကြန်ချိန်အခါအရေးပေါ်မှာ လူအပြည့်ပါလို့ စာချိုးရမတတ်ပါ။ မူးကြရူးကြ၊ ရိုက်ကြနှက်ကြ၊ ခွဲကြဖြဲကြ မင်းဘာလဲ၊ ငါဘာလဲ၊ လာမကြောနဲ့ မောသွားမယ် ဇာတ်လမ်းတွေ . . . အများကြီးမှ အများကြီး၊ နှစ်စဉ်မပျက် ဒီဇာတ်ကွက်တွေကိုပဲ မမောတမ်း ကပြခဲ့ကြပြီ။

ပျော်စရာတကယ်ကောင်းရဲ့လား။ စိတ်နှလုံး ကြည်လင်လန်းဆန်းမှု တစ်စုံတစ်ရာရကြသလား။ ရပ်ထဲရွာထဲမှာ သင်္ကြန်ကျကြတဲ့ ဘာသာဘာဝဓလေ့ထုံးတမ်းနဲ့ လိုက်လျောညီထွေရှိကြသေးရဲ့လား။ နောက်ပေါက်အမျိုးကောင်းသားသမီးတွေရဲ့ ရင်ထဲကသင်္ကြန်ကို ဘယ်လိုတန်ဖိုးဖြတ်ကြမှာလဲ။

သင်္ကြန်ဆိုတာ ၁၂ လ ရာသီပွဲတော် ၁၂ ခုထဲက အထူးခြားဆုံး၊ အပေါ်လွင်ဆုံး၊ အပျော်ရွှင်ဆုံး ကလေးလူကြီး ကျားကျားမမ အရွယ်သုံးပါး လူမျိုးမရွေး ဘာသာမရွေး ပုံစံအမျိုးမျိုးနဲ့ ဆင်နွှဲခဲ့ကြတဲ့ မြန်မာတို့ရဲ့ ချစ်စရာအကောင်းဆုံး ရိုးရာပွဲ။ လူတကာဝင်နွှဲဖို့ လွယ်ကူလှတဲ့ပွဲ။ မေတ္တာရေစင် အတာရေစင် ဖျန်းပက်ရွှင်ကြတဲ့ပွဲ။ ခေတ်အဆက်ဆက်ပြည်သူတွေ အမြတ်တနိုးပါဝင် ဂုဏ်ယူဆင်နွှဲကြရတဲ့ ဂုဏ်ယူစရာပွဲ။ ကမ္ဘာလှည့်ခရီးသည်တွေအတွက် ဆွဲဆောင်မှုအကောင်းဆုံး မြန်မာ့အထင်ကရပွဲ။

သို့သော် ဒီကနေ့ ဒီအချိန် ဒီအခါမှာ ဒီအင်္ဂါရပ်တွေဟာ တစ်စစီ ကြေကွဲခဲ့ပြီ။ ဝါးအစည်းပြေသွားခဲ့ပြီ။ ဒုစရိုက်ပေါင်းစုံဒီမှာဆုံဆိုတဲ့ သင်္ကြန်ဖြစ်နေခဲ့ပြီ။ ကြည့်မကောင်းရှုမကောင်း မကြားဝံ့မနာသာ သင်္ကြန်ဖြစ်နေခဲ့ပြီ။

သို့သော် ဒီနှစ်သင်္ကြန် ရန်ကုန်က စပြီး လိုအပ်သလို ထိန်းချုပ်မှု အစပြုနေပြီ။ မန္တလေးက ရန်ကုန်ကို အားကျနေပြီ။ ရန်ကုန်သင်္ကြန်ဟာ နောက်လေးငါးနှစ်ကြာရင် ယဉ်ကျေးမှုသင်္ကြန်၊ နိုင်ငံတော်သင်္ကြန် ဘဝကို ပြောင်းသွားမယ်ဆိုကြပါစို့။ မန္တလေးကလည်း ဘယ်နေမှာတုံး၊ အမှီလိုက်မှာပေါ့နော်။ ။

## ရှား

သနားကြပါ
စွန့်ကြဲခဲ့ပါ
ကြားတာနဲ့
သဒ္ဒါက ချုပ်ခနဲ
သို့သော်လည်း
ခုများ
သန်သန်မာမာကြီးပါလား
အတုလား
အစစ်လား
ဦးစံရှားကြီးများလား ?
ဝါဝါအရောင်နဲ့
မျက်လွှာချ
သံဃသ ဒေမ
ခုကျ
အတုလား
အစစ်လား
ခိုင်းလိုက်တဲ့လူလား
ဘုံဆိုင်ဝင်မှာလား . . .
သိပါတယ်
သိကြပါတယ်
ချိုးဖြူ ဝဲမှာဆို
အို
ကွင်းပြင်ပြည့်မျှ
ငှက်လင်းတ
လတိုင်းလော
လတိုင်း
လတိုင်း . . .
ဖြူဟ္မဝိဟာရတရား
ဘယ်မှမသွားပါဘူး
အနားမှာတော့
ကျုပ်တို့အနားမှာတော့
ကျုပ်တို့ မြို့မှာတော့
ကျုပ်တို့ပြည်မှာတော့
တော်တော်ကြီး ရှားသွားပြီ . . .
ရှားသွားပြီ . . .

**ကိုလေး(အင်းဝစုဏ်ရည်)**



# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် ဧပြီ ၆**
ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး(၁၈)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ ကတိသစ္စာပြုခြင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်က မှတ်တမ်းတင်ခြင်းတို့ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ဥပဒေကြမ်းပူးပေါင်းကော်မတီ၌ လစ်လပ်သွားသောအဖွဲ့ဝင် ချောင်းဆုံမဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ်နေရာတွင် ရွေးပြည်သာ မဲဆန္ဒနယ်မှ ဦးညဏ်လင်းအား အစားထိုး ထည့်သွင်းဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုသည်။

ချောင်းဆုံမဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခံရသည့်အတွက် ဥပဒေကြမ်းကော်မတီ၌ အဖွဲ့ဝင်တစ်နေရာလစ်လပ်သွားခြင်းဖြစ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှပေးပို့သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးအပ်ခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအဖြစ် ခန့်အပ်တာဝန်ပေးအပ်ပြီးဖြစ်သော ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဦးဖေဇင်ထွန်း၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းတို့က ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်ကို ထပ်မံအသိပေးမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

◆



# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် ဧပြီ ၆**
ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်က ကတိသစ္စာပြုခြင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ နိုင်ငံတကာလွှတ်တော်များမှ ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို မှတ်တမ်းတင်ခြင်းနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲသဘောတူကြောင်း ဆုံးဖြတ်ချက်ပေးပို့လာခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။



အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ရှေ့မှောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကယားပြည်နယ်မဲဆန္ဒနယ်အမှတ် (၉)မှ ဦးစိုးသိန်းက ကတိသစ္စာပြုသည်။**(ယာပုံ)**

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ စင်ကာပူသမ္မတနိုင်ငံ စင်ကာပူပါလီမန်ဥက္ကဋ္ဌ၊ ထိုင်းနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ဗဟိုပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဂျပန်နိုင်ငံအထက်လွှတ်တော်ဥက္ကဋ္ဌနှင့် ကူဝိတ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ထံမှ ပေးပို့လာသည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဖတ်ကြားတင်ပြပြီး လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်းကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ ၂၀၁၆ ခုနှစ် မတ်လ ၃၁ ရက်တွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်က အဆိုတင်သွင်းပြီး အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်တွင် ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

ယခုအမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ အကြောင်းပြန်ကြားလာပါကြောင်း။

ထို့ကြောင့် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်းဆုံးဖြတ်ချက်ပေးပို့လာခြင်းကို ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၄၊ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ အသိပေးတင်ပြပါကြောင်းဖြင့် လွှတ်တော်သို့ အသိပေးတင်ပြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ကတိသစ္စာပြု

**ရန်ကုန် ဧပြီ ၆**
ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့တွင် နိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေးလိုက်သည့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ ခန့်အပ်ကြောင်း လွှတ်တော်တွင်တင်ပြခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ကတိသစ္စာပြုခဲ့သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)တို့ပါ ပြဋ္ဌာန်းချက်များအရ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြလာသည့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများကို နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ခန့်အပ်တာဝန်ပေးအပ်ကြောင်း ၂၀၁၆ ခုနှစ် ဧပြီ ၅ ရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်အမှတ် ၂၁/၂၀၁၆ ဖြင့် ထုတ်ပြန်ခဲ့သည်။

ယင်းသို့ ခန့်အပ်တာဝန်ပေးအပ်လိုက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဗိုလ်မှူးကြီးတင်အောင်ထွန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးမြင့်သောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးဟံထွန်း၊ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဒေါ်နီလာကျော်၊ စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီးနှင့် ရန်ကုန်မြို့တော်ဝန်အဖြစ် ဦးမောင်မောင်စိုး၊ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးနိုင်ငံလင်းတို့ဖြစ်ကြသည်။

အဆိုပါ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ခန့်အပ်ကြောင်း ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ ဧပြီ ၆ ရက်တွင် လွှတ်တော်သို့တင်ပြခဲ့ပြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ကတိသစ္စာပြုကြသည်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးအပ်ခြင်းကို လွှတ်တော်က မှတ်တမ်းတင်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး ဒေသန္တရစီမံကိန်း ဥပဒေကြမ်း၊ ၂၀၁၆ ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်တွင် အတည်ပြုချက်ရယူခြင်း၊ ကြေညာခြင်းတို့ကို ဆက်လက်ဆောင်ရွက်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား



ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ ကျင်းပစဉ်။
(စောသိန်းဝင်း)

လွှတ်တော်သို့ တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ အဆိုပါ ယစ်မျိုးခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဧပြီ ၇ ရက်တွင်ကျင်းပမည့် အစည်းအဝေး (၁၄) ရက်မြောက်နေ့တွင် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(၀၀၁)**

# ပါတီစုံနိုင်ငံရေးလမ်းကြောင်း ခိုင်ခိုင်မာမာ ဆက်လက်လျှောက်လှမ်းရာတွင် တပ်မတော်အနေဖြင့် ဥပဒေနှင့်အညီ ပူးပေါင်းပါဝင်





**နေပြည်တော် မေ ၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အီတလီသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ပါရိုလို ဂျန်တီလိုနီ အား ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပါတီစုံနိုင်ငံရေးလမ်းကြောင်းအား ခိုင်ခိုင်မာမာ ဆက်လက်လျှောက်လှမ်းရာတွင် တပ်မတော်အနေဖြင့် ဥပဒေနှင့်အညီ ပူးပေါင်းပါဝင်ရေး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ တိုင်းရင်းသားအရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေးဆိုင်ရာများကို ဥပဒေဘောင်အတွင်းမှ ငြိမ်းချမ်းစွာတောင်းဆိုရေး၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုပြုလုပ်နိုင်သည့် နယ်ပယ်များ၊ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့များတွင် ပါဝင်ထမ်းဆောင်နိုင်ရန်အတွက် လေ့ကျင့်ပေးရေးနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အီတလီသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံ သံအမတ်ကြီး မစ္စတာ ပီယာဂျော်ဂျီယို ဖက်ဒါရီကိုအလီဘာတီနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# နိုင်ငံရေးအကျဉ်းသားလွှတ်ပေးရေး အမြန်ဆုံးလုပ်ဆောင်ပေးရန် ကျောင်းသားများတောင်းဆို

**ဒီမိုကရေစီပညာရေးသပိတ်စစ်ကြောင်း ပြုပြင်ပြောင်းလဲရေးအတွက် ဆန္ဒဖော်ထုတ်သူများနှင့် ဝန်းရံသူများသည် အစိုးရသစ်နှင့် အစိုးရဟောင်းပြောင်းလဲမှုနှင့် ပတ်သက်ပြီး အောက်ပါပုဂ္ဂိုလ်များအား တွေ့ဆုံမေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

တွေ့ဆုံမေးမြန်း - ယုဇန


ကျော်ကိုကို


ဖြိုးဖြိုးအောင်


ဇေယျာလွင်


နန္ဒစစ်အောင်


မီးမီး

**ကျော်ကိုကို**

ကျွန်တော်တို့ပြောချင်တာကတော့ ကျွန်တော်တို့ကြေညာချက်ထုတ်ထားပါတယ်။ အဲဒီအထဲမှာ တောင်းဆိုချက် သုံးချက်ပါတယ်။ တရားစီရင်ရေးစနစ်ကို အယုံအကြည်မရှိလို့ သပိတ်မှောက်တယ်ဆိုတဲ့အကြောင်းပါတယ်။ တရားစီရင်ရေးသပိတ်မှောက်ရတဲ့ အကြောင်းအရင်းထဲမှာ ကျွန်တော်တို့တောင်းဆိုချက် နံပါတ်တစ်ဖြစ်တဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရှိသေးသရွေ့ လွတ်လပ်ပြီး တရားမျှတတဲ့ တရားစီရင်ရေးဖြစ်လာမှာမဟုတ်ဘူးလို့ ကျွန်တော်သုံးသပ်တဲ့အတွက်ကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အမြန်ဆုံးပြုပြင်ပြောင်းလဲရေးအတွက် ကျွန်တော်တိုက်တွန်း တောင်းဆိုထားတယ်။ ဒါကြောင့်မို့ လက်ရှိအစိုးရရဲ့ ပထမဦးဆုံး လုပ်ငန်းတာဝန်က ၂၀၀၈ ဖွဲ့စည်းပုံ ပြင်ဆင်ရေးဖြစ်ရမယ်လို့ ကျွန်တော်တို့ ဗကသများအဖွဲ့ချုပ်အနေနဲ့ တိုက်တွန်းထားပြီးသားလည်း ဖြစ်တယ်။ ဒုတိယအချက်ကတော့ လေးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ ရလဒ်တွေကို အကောင်အထည်ဖော်ဆောင်ပေးရေးပဲ။

လွန်ခဲ့တဲ့နှစ်က ကျောင်းသားတွေ အဖမ်းအဆီး မခံရသေးခင်က လေးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးပွဲကို စတင်တဲ့အခါမှာ အစိုးရ၊ လွှတ်တော်၊ NNER နဲ့ ကျောင်းသားသမဂ္ဂတွေပါတယ်။ သို့သော်လည်းပဲ လက်တွေ့အကောင်အထည်ဖော်တဲ့နေရာမှာ ပျက်ကွက်ခဲ့တယ်။ အားနည်းရုံတင်မကဘူး ပျက်ကွက်တဲ့ အဆင့်ဖြစ်သွားပြီ။ ဖမ်းဆီးထောင်ချမှုတင်မကဘူး တောင်းဆိုချက်(၁၁)ချက်အပါအဝင် တောင်းဆိုချက်အများစုကို လျစ်လျူရှုခံရတယ်။ ကျွန်တော်တို့မလိုလားတဲ့ အမျိုးသားပညာရေးဥပဒေကို ရေးဆွဲပြီးတော့ ကျွန်တော်တို့လိုလားတဲ့ ဒီမိုကရေစီပညာရေးစနစ်ကို မရရှိခဲ့ဘူး။ ဒါကို ပြန်လည်ဆွေးနွေးချင်တယ်။ အစိုးရသစ်အပြောင်းအလဲမှာ ကျွန်တော်တို့က ဒါကိုအခွင့်အရေးတစ်ရပ်အဖြစ် အသုံးချပြီးတော့ ကျွန်တော်တို့ လိုချင်တဲ့ပညာရေးဥပဒေ၊ ပညာရေးစနစ်ကောင်းကောင်းပေါ်ပေါက်လာဖို့အတွက် ကျွန်တော်တို့ အများကြီးဆောင်ရွက်ချင်တယ်။ ဒါကျွန်တော်တို့ တောင်းဆိုချင်တဲ့ ဒုတိယအချက်ပါ။ တတိယတောင်းဆိုချက်ဆိုတာဟာ ရာဇဝတ်မှုကျူးလွန်ထားသူတွေ မဟုတ်ဘဲနဲ့ ပြစ်မှုတစ်စုံတစ်ရာ မထင်ရှားဘဲနဲ့ ကျွန်တော်တို့ကို နိုင်ငံရေးအမြင်ကွဲလွဲလို့ ဖမ်းဆီးထောင်ချထားတာဖြစ်တယ်။ ကျွန်တော်တို့ကို ဖမ်းဆီးထောင်ချထားတဲ့အတွက်ကြောင့်မို့လို့ နိုင်ငံရေးလှုပ်ရှား တက်ကြွမှုတွေမှာ ဘာမှပါဝင်ဆောင်ရွက်ရမှုမရှိဘူး။ နိုင်ငံရေးလုပ်ခွင့်ပိတ်ထားတဲ့ သဘောပါပဲ။ လူတွေနဲ့ဝေးရာကို ပို့ပြီးတော့ အဲဒီတော့ အခုတရားစီရင်ရေးဆောင်ရွက်နေတာတွေကလည်း အင်မတန်မှ မှားယွင်းနေတဲ့ အလားအလာရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုဖြစ်စဉ်တစ်ခုကို မြို့နယ် လေး၊ ငါး၊ ခြောက်မြို့နယ်မှာ တရားစွဲနေတာမျိုးတွေ၊ ပြီးတော့ တစ်နေ့တည်းမှာ သုံး၊ လေးမြို့နယ်တွေ တရားရုံးထုတ်နေတာမို့လို့ နိုင်ငံရေးအကျဉ်းသားကို မတရားဖိနှိပ်နေတယ်လို့ မြင်လာတယ်။ ဒါကြောင့် ဒီလိုကိစ္စတွေ အမြန်ဆုံးပြေလည်သွားအောင် မတရားစွဲဆိုထားတဲ့ ဥပဒေပုဒ်မတွေကို ရုပ်သိမ်းပေးပြီးတော့ အမှုတွေကနေ ချက်ချင်းလွှတ်မြောက်ဖို့ စီစဉ်ပေးသင့်တယ်လို့ ကျွန်တော်တို့မြင်ပါတယ်။ ဒါတတိယနိုင်ငံရေးတောင်းဆိုချက်ပါ။ အဲဒီနိုင်ငံရေးတောင်းဆိုချက် သုံးခုကို အစဉ်လိုက်အတိုင်း NLD အနေနဲ့ အကောင်အထည်ဖော်ဖို့ လိုအပ်တယ်။ ပထမဦးစားပေးကတော့ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို နိုင်ငံရေးအင်အားစုအားလုံးနဲ့ လက်တွဲပြီးတော့ ပြုပြင်ပြောင်းလဲဖို့ အဖြေရှာတာမျိုးဖြစ်သင့်တယ်လို့ ကျွန်တော်ထင်ပါတယ်။

**ဖြိုးဖြိုးအောင်**

အခုတက်လာတဲ့ အစိုးရသစ်ပေါ်မှာတော့ ကျွန်မတို့မူလတောင်းဆိုထားချက်တွေ ရှိပါတယ်။ အဲဒါက ပထမအချက် အရေးကြီးဆုံးကတော့ အရင်ဦးသိန်းစိန် အစိုးရလက်ထက်တုန်းက ပညာရေးပြုပြင်ပြောင်းလဲရေးနဲ့ပတ်သက်ပြီး လေးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲလုပ်ခဲ့တယ်။ အဲဒီလေးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေးမှာပဲ အစိုးရကနေ ကတိကဝတ်ပြုခဲ့တာတွေ ရှိခဲ့ပါတယ်။ ဒါပေမယ့် ၂၀၁၅ ခုနှစ်မတ်လ ၁၀ရက်နေ့မှာ ကတိကဝတ်ကို ချိုးဖောက်ပြီးတော့ ဖမ်းဆီးထိန်းသိမ်းတာမျိုးတွေ လုပ်ခဲ့တယ်။ နောက်တစ်ခု ပညာရေးဥပဒေသစ်ကို ပြန်ပြီးတော့ ပြင်ဆင်တဲ့နေရာမှာလည်း ကျွန်မတို့လိုလားတဲ့အချက်တော်တော်များများ ပယ်ချခြင်းခံခဲ့ရတယ်။ ဒါကြောင့်မို့ ကျွန်မတို့ကတော့ ဒီလေးပွင့်ဆိုင် ကတိကဝတ်တွေကို ဆက်လက်အကောင်အထည်ဖော်ပေးဖို့အစိုးရသစ်ကို ကျွန်မတို့ တောင်းဆိုပါတယ်။ ပညာရေးပြုပြင်ပြောင်းလဲရေးအတွက်ရော၊ လတ်တလော ဖမ်းဆီးထိန်းသိမ်းခံထားရတဲ့ ကိစ္စတွေနဲ့ပတ်သက်လို့ လေးပွင့်ဆိုင်ကတိကဝတ်ကို အစိုးရသစ်က ဆက်လက်အကောင်အထည်ဖော်ပေးဖို့ တောင်းဆိုတယ်။ ကျွန်မတို့တိုင်းပြည် ဒီမိုကရေစီပြုပြင်ပြောင်းလဲဖို့အတွက် အရေးအကြီးဆုံးဖြစ်တဲ့ ၂၀၀၈ ဖွဲ့စည်းပုံကို ဒီမိုကရေစီနည်းနဲ့ လျော်ညီမယ့် နောက်ဖက်ဒရယ်ပေါ်မှာ အခြေခံတဲ့ ဖွဲ့စည်းပုံအဖြစ် ပြောင်းလဲပစ်ဖို့ဖြစ်ပါတယ်။ ဒါကိုလည်း ကျွန်မတို့တောင်းဆိုထားပါတယ်။ နောက်ဆုံးအရေးကြီးဆုံး အချက်ကတော့ လတ်တလော တရားစွဲဆိုခံထားရတဲ့ ဥပဒေပုဒ်မတွေကို ဖျက်သိမ်းပေးဖို့ပါ။

နိုင်ငံရေးအကျဉ်းသားရှိခြင်း၊ မရှိခြင်းဆိုတာ တိုင်းပြည်တစ်ခုရဲ့ ဒီမိုကရေစီကိုတိုင်းတာတဲ့အဓိကစံချိန်စံညွှန်းဖြစ်နေတယ်။ ဒီတိုင်းပြည်က မိမိယုံကြည်ချက်ကို ဘယ်လောက်အထိ လွတ်လွတ်လပ်လပ် ဖော်ထုတ်နိုင်သလဲ။ ဒါအခြေခံလူ့အခွင့်အရေးမှာပါတဲ့အချက်လည်းဖြစ်တယ်။ နိုင်ငံရေးအကျဉ်းသားတွေ၊ တက်ကြွလှုပ်ရှားသူတွေကို ဖိနှိပ်ခြင်းရှိ၊ မရှိဆိုတာက တိုင်းပြည်ရဲ့ ဒီမိုကရေစီကိုတိုင်းတာလို့ရတယ်။ အဲဒီလိုအနေအထားမျိုးမှာ အစိုးရသစ်ကလည်း ပြည်သူ့ဆန္ဒနဲ့အညီ ရွေးကောက်တင်မြှောက် လွှတ်တော်ကိုယ်စားလှယ်တွေကနေပြီးတော့ ခန့်အပ်လိုက်တဲ့အစိုးရဖြစ်တဲ့အတွက်ကြောင့် တစ်ဖက်ကကြည့်ရင်လည်း ၇၅ ရာခိုင်နှုန်းသော အမတ်တွေက ရွေးကောက်တင်မြှောက်လိုက်တဲ့အစိုးရဖြစ်ပါတယ်။ ဒီလိုအစိုးရသစ်ကပြည်သူတွေကိုအခြေခံတဲ့ ပြည်သူတွေလိုလားတဲ့ အချက်မျိုးတွေကို ဖြည့်ဆည်းပေးရမှာ အစိုးရရဲ့တာဝန်ဖြစ်ပါတယ်။ ဒီထဲမှာလည်း နိုင်ငံရေးအကျဉ်းသားကိစ္စကလည်း တစ်နွယ်ငင်တစ်စင်ပါတာပေါ့။ အဲဒီတော့ ကျွန်မတို့နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေးအတွက်ကို တခြားသောနည်းလမ်းတွေနဲ့ကြိုးစားတာကလည်း တစ်ပိုင်းပါ။ ကျွန်မအနေနဲ့ တကယ်တိုင်းပြည်ထဲမှာ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးရုံတင်မကဘူး။ ထပ်ပြီးတော့ နိုင်ငံရေးအကျဉ်းသားတွေ ဖမ်းဆီးထိန်းသိမ်းတာတွေ ပြုလုပ်လို့မရအောင် ဥပဒေပိုင်းဆိုင်ရာက တက်ကြွလှုပ်ရှားတဲ့သူတွေကို ဖိနှိပ်တဲ့ ဥပဒေတွေကို ပြင်ဆင်တာမျိုး၊ ဖျက်သိမ်းသင့်တဲ့ ဥပဒေတွေကို ဖျက်သိမ်းတာမျိုးမဖြစ်မနေ ပြုလုပ်သင့်တယ်။ ဒါမှသာ နိုင်ငံရေးအကျဉ်းသားမျိုးဆက်တစ်ခု ထပ်မပေါ်လာအောင် တားဆီးပြီးသားဖြစ်မယ်လို့ မြင်ပါတယ်။ ဒါအာမခံချက်ရှိတဲ့အနေအထားတစ်ခုဖြစ်အောင် ဥပဒေပိုင်းဆိုင်ရာပြုပြင်ဖို့တော့ တိုက်တွန်းချင်ပါတယ်။

**ဇေယျာလွင်**

ကျွန်တော်တို့ နိုင်ငံရေးအကျဉ်းသားတွေလိုလားနေတဲ့ ကိစ္စကိုပဲ အမြန်ဆုံး လုပ်ဆောင်ပေးပါလို့ ပြောချင်တယ်။ အခုပညာရေးဝန်ကြီးကိစ္စတွေ၊ ရှေ့နေချုပ်ကိစ္စတွေ ကိစ္စတွေများစွာရှိတယ်။ အဲဒီပြဿနာ မဖြေရှင်းခင်မှာ အခုလတ်တလော ဖြေရှင်းလို့ရတဲ့ကိစ္စတွေကို အရင်ဆုံး ဖြေရှင်းပေးသင့်တယ်လို့ ကျွန်တော်မြင်တယ်။ တချို့ကိစ္စတွေက အစိုးရမှာ အကန့်အသတ်ရှိတယ်လို့ကျွန်တော်တို့မြင်တယ်။ အဲဒီအကန့်အသတ်ရှိခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့် အကန့်အသတ်ရှိတယ်။ အဲဒီအတွက်ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ဖို့အတွက် ဒီငါးနှစ်တာ သက်တမ်းကာလအတွင်းမှာ ရေရှည်အနေနဲ့ ကြိုးစားသင့်တယ်။ နောက်ငြိမ်းချမ်းရေးကို ရအောင် အခြေခံကနေ ကြိုးစားသင့်တယ်လို့ ယူဆတယ်။ ကျန်တဲ့ကိစ္စတွေအားလုံးက ဝိုင်းဝန်းလုပ်ကိုင်ဆောင်ရွက်လို့ရတဲ့ကိစ္စဖြစ်တယ်။ ငြိမ်းချမ်းရေးနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိုတော့ ရေရှည်အနေနဲ့ မျိုးစေ့ အကောင်းဆုံးဖြစ်အောင်ချပေးသွားနိုင်ပါစေလို့ ပြောချင်ပါတယ်။

ကျွန်တော်တစ်ယောက်တည်းရဲ့ ဆန္ဒပြောမယ်ဆိုရင် သင်္ကြန်မတိုင်ခင်မှာ နိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွှတ်ပေးပါလို့ ပြောချင်တယ်။ အဲဒါသင်္ကြန်ကိုပျော်ပါးချင်လို့မဟုတ်ဘူး။ ကျွန်တော်တို့တွေ မိသားစုနဲ့ ဝေးကွာနေတာ နောက်ဆုံးမိသားစုလက်ဆုံထမင်းစားခွင့် အခွင့်အရေးဆုံးရှုံးနေတာ တစ်နှစ်နီးပါးလောက်ရှိခဲ့ပြီ။ အဲဒီတော့ ကျွန်တော်တို့နှစ်သစ်မင်္ဂလာအချိန်ကောင်းမှာ အစိုးရအနေနဲ့ အားလုံးကို ဒီအရေးကိုဖြေရှင်းသင့်တယ်လို့ ထင်တယ်။ နောက်ပြီးတော့ နိုင်ငံရေးအကျဉ်းသားပြန်လွှတ်ရေးက လက်ရှိအစိုးရလက်ထဲကို ရောက်သွားတဲ့အတွက် မလွှတ်တာကို ပြောနေခြင်းမဟုတ်ဘူး။ ဒီပြဿနာက လက်ရှိအစိုးရပြဿနာမဟုတ်ဘူး။ ဖမ်းဆီးခဲ့တာ ဒီအစိုးရမဟုတ်ဘူး။ ပြဿနာက အရင်အစိုးရက ဒီဆိုးမွေကို အစိုးရသစ်ကိုပေးခဲ့တာ။ အဲဒီတော့ အရင်အစိုးရလက်ထက်မှာ လွှတ်သွားလို့ရတဲ့ဟာကို မလွှတ်ဘဲနဲ့ NLD အစိုးရလက်ထက်ကို ဒီဆိုးမွေတွေလွှဲခြင်းက ဒါ NLD အစိုးရနဲ့မိဘပြည်သူကျောင်းသားတွေကို ရန်တိုက်ပေးခြင်းလို့ ကျွန်တော်မြင်တယ်။

စာမျက်နှာ ၁၀ သို့ »

# ဒီမိုကရေစီစနစ်ကို အခြေတည်ခိုင်မာသည်ထက်ခိုင်မာအောင် ဥပဒေနှင့်အညီ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်

**နေပြည်တော် မေ ၆**
တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၉) သီဟတပ်ခွဲ သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိရိပျံချီစိုးဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အေးဝင်း၊ ဗထူးတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းဆင်း ဗိုလ်လောင်းများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး ဗိုလ်လောင်းတပ်ခွဲများအား စစ်ဆေးကာ ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲများ၏ အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၉) သီဟတပ်ခွဲမှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ် (၁၁၂) ဗိုလ်လောင်းမင်းအောင်အား ငွေဓားဆုချီးမြှင့်သည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားရာတွင် ယနေ့သည် တပ်မတော်အတွက် မျိုးဆက်သစ်များ အားသစ်လောင်းသော နေ့တစ်နေ့ဖြစ်ကြောင်း၊ "တပ်မတော်(ကြည်း)တွင် အရည်အချင်းပြည့်ဝသော အရာရှိများ ဖြစ်ပေါ်လာစေရန်နှင့် ခြေလျင်တပ်စုတစ်စုကို ပိုင်နိုင်စွာကွပ်ကဲ၍ စစ်မြေပြင်တွင် တိုက်ပွဲဝင်နိုင်စေရန်"ဆိုသည့် ရည်ရွယ်ချက်ဖြင့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)က လေ့ကျင့်မွေးထုတ်ပေးလိုက်ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်ကို ဘက်ပေါင်းစုံက ကာကွယ်နိုင်ရန် ပြည်သူက အားကိုးရသည့် တပ်မတော်ဖြစ်ရန်အတွက် တပ်မတော်သည် စွမ်းရည်ရှိသော တပ်မတော် Standard Army ဖြစ်အောင် တည်ဆောက်လျက်ရှိကြောင်း၊ တပ်မတော်ကို Standard Army ဖြစ်အောင် တည်ဆောက်ရာတွင် တိုက်စွမ်းရည်နှင့် တိုက်စွမ်းအား မြင့်မားရန်လိုကြောင်း၊ တိုက်စွမ်းရည်မြင့်မားအောင် တပ်မတော်သားတစ်ဦးချင်းနှင့် တပ်ဖွဲ့လိုက် ကျန်းမာကြံ့ခိုင်မှုမှအစ စစ်ဆင်မှုအတတ်ပညာအဆုံးတို့ကို အကြိမ်ကြိမ်အဖန်ဖန် ထပ်တလဲလဲ လေ့ကျင့်ခြင်းဖြင့် ကျွမ်းကျင်မှု (Skill) ရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုက်စွမ်းအား မြင့်မားရန်အတွက် ခေတ်မီစစ်လက်နက်ပစ္စည်းကိရိယာနှင့် နည်းပညာများကို လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုများဖြင့် ပေါင်းစပ်ပြီး စဉ်ဆက်မပြတ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်ကို အပြည့်အဝလုံခြုံအောင် ကာကွယ်နိုင်ရန်အတွက် တစ်ရက်၊ တစ်မနက်တည်းဖြင့် တပ်မတော်ကို တည်ဆောက်၍မရနိုင်ဘဲ Revolution in Military Affair (RMA)ဟုခေါ်သော ပြောင်းလဲနေသည့် စစ်ဘက်နည်းပညာများ၊ ပတ်ဝန်းကျင်နိုင်ငံ



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိရိပျံချီစိုးဝင်း ဗိုလ်လောင်းတပ်ခွဲများအား စစ်ဆေးစဉ်။ (မြဝတီ)

တပ်မတော်များ၏ လက်နက်၊ ခဲယမ်း၊ ယာဉ်၊ ယန္တရားဖြည့်ဆည်းမှုများအပေါ် မျက်ခြည်မပြတ် အကဲခတ်ပြီး စဉ်ဆက်မပြတ် တပ်မတော်ကို တည်ဆောက်ကြရမည်ဖြစ်သကဲ့သို့ ရဲဘော်တို့အနေဖြင့်လည်း ကျရာတာဝန်အလိုက် RMA ကိုလည်း လေ့လာမှတ်သားပြီး သုံးသပ်အကြံပြုတင်ပြကြရန် လိုအပ်ကြောင်း။

တပ်မတော်သည် တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ခေတ်အဆက်ဆက်တွင် ကျရာအခန်းကဏ္ဍကနေ ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈)ဖွဲ့နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အပြင် ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပနိုင်ခဲ့ကြောင်း။

ထို့ပြင် ဒီမိုကရေစီစနစ်ကို လိုလားတောင့်တခဲ့ကြသည့် ပြည်သူလူထု၏ ဆန္ဒကို ဖော်ဆောင်နိုင်ရန် ၂၀၀၈ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် အတည်ပြုဆောင်ရွက်ခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပပေးခဲ့ပြီး ဒီမိုကရေစီစနစ်သို့ ညင်သာစွာ ကူးပြောင်းနိုင်အောင် ပထမခြေလှမ်းစတင်ဆောင်ရွက်ခဲ့ကြောင်း။

ဒီမိုကရေစီဒုတိယခြေလှမ်းအတွက် ၂၀၁၅ ခုနှစ်မှာ Free and Fair ဖြစ်သည့် အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်အောင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ရှေ့ဆက်ပြီး ဒီမိုကရေစီစနစ်ကို အခြေတည်ခိုင်မာသည်ထက် ခိုင်မာအောင် ဥပဒေနှင့်အညီ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် တပ်မတော်၏ မွန်မြတ်သော သမိုင်းကြောင်း အစဉ်အလာကောင်းများကိုလည်း တပ်မတော်သားအားလုံးက တာဝန်သိစိတ်နှင့် ဆက်လက်စောင့်ထိန်းလိုက်နာသွားကြရမည်ဖြစ်ကြောင်း။

ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီရင့်သန်ခိုင်မာရေးအတွက် မရှိမဖြစ်လိုအပ်ကြောင်း၊ လက်နက်စွဲကိုင်ပြီး ဒီမိုကရေစီစနစ်ကိုဖော်ဆောင်၍မရနိုင်ခြင်းကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ဒီမိုကရေစီ၏ အနှစ်သာရကိုလက်ခံပြီး NCA မှတစ်ဆင့် Political Dialogues ကို ဆက်လက်ဆွေးနွေးသွားနိုင်လိမ့်မည်ဟုလည်း တပ်မတော်က ယုံကြည်ချက်ထားရှိသကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် NCA တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့်လည်း NCA တွင် ပါဝင်လက်မှတ်ရေးထိုးပြီး Political Dialogues တွင် ပါဝင်လာကြမည်ဟုလည်း ယုံကြည်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့် ဥပဒေဘောင်အတွင်းက တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်ပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက်လည်း တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်နှင့်အညီ အမြဲတမ်းကြိုဆိုလျက်ရှိကြောင်း။

ထို့ပြင် နိုင်ငံ၏ ပထဝီအနေအထားနှင့် နိုင်ငံ့စွမ်းအားအရ နိုင်ငံတော်ကာကွယ်ရေးအတွက် ပြည်သူ့စစ်မဟာဗျူဟာကို ချမှတ်ကျင့်သုံးလျက်ရှိကြောင်း၊ ပြည်သူ့စစ်မဟာဗျူဟာဖော်ဆောင်နိုင်ရန်အတွက်ဆိုလျှင် ပြည်သူလူထု အလွှာအသီးသီးအားစည်းရုံးပြီး အသွင်ပုံသဏ္ဌာန်အမျိုးမျိုး၊ နည်းလမ်းအသွယ်သွယ်နှင့် ဆောင်ရွက်လာကြမည့် မည်သည့်အန္တရာယ်မျိုးကိုမဆို ကာကွယ်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ ယုံကြည်အားကိုးမှုကို ရရှိစေရန်အတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို လက်တွေ့ပါသည့် တပ်ပြင်စည်းရုံးမှုများကို အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာမည့် မည်သည့်တာဝန်မျိုးကိုမဆို ကျေပွန်အောင် ထမ်းဆောင်သွားကြရန်၊ အချိန်နှင့်အမျှ ပြောင်းလဲဖြစ်ပေါ်နေသည့် စစ်မှုရေးရာနှင့် စစ်လက်နက်၊ အတတ်ပညာများကို ခေတ်နှင့်အညီ သိရှိပြီး ဆက်စပ်တွေးခေါ် လုပ်ကိုင်နိုင်သော ခေါင်းဆောင်ကောင်းများဖြစ်အောင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာ ဆောင်ရွက်သွားကြရန်၊ စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာရှိမှု၊ စည်းလုံးညီညွတ်မှုနှင့် အမိန့်နာခံမှုကောင်းပြီး စစ်ဘက်၊ နယ်ဘက်ဥပဒေများကို လေးစားလိုက်နာကာ နိုင်ငံတော်နှင့် တပ်မတော်အပေါ်၊ ရဲဘော် ရဲဘက်ချင်းအပေါ် မှန်ကန်သည့် သစ္စာစောင့်သိသော ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးစားသွားကြရန်၊ တပ်မတော်၏ မွန်မြတ်သည့် အစဉ်အလာကောင်းများကို အသက်ပေးကာကွယ်စောင့်ရှောက်ရင်း မိမိလက်အောက်နှင့် အထက်တပ်မှူးများက ယုံကြည်အားထားရသော ခေါင်းဆောင်ကောင်းများဖြစ်အောင် ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့်အညီ ကျင့်ကြံနေထိုင် ကြိုးစားသွားကြရန်၊ စစ်သည်တော်ကျင့်ဝတ်များကို လေးစားလိုက်နာပြီး တပ်တွင်း တပ်ပြင်စည်းရုံးရေးကို ခိုင်မာအောင်တည်ဆောက်ကာ နိုင်ငံတော်ကာကွယ်ရေးအတွက် ကျရာအခန်းကဏ္ဍက ကျေပွန်အောင် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နှင့်အတူ ရိပ်သာဧည့်ခန်းမ၌ ထူးချွန်ဆုရဗိုလ်လောင်းများနှင့် ၎င်းတို့၏ မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ညပိုင်းတွင် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၉) သီဟတပ်ခွဲသင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်သည်။

အဆိုပါသင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

**(မြဝတီ)**

» စာမျက်နှာ ၉ မှ

**နန္ဒစစ်အောင်**

လက်ရှိအစိုးရက အပြောင်းအလဲနဲ့ တက်လာတဲ့ အစိုးရတစ်ရပ်၊ အရပ်သားအစိုးရတစ်ရပ်၊ ပြည်သူက ရွေးချယ်ထားတဲ့အစိုးရတစ်ရပ်၊ ၁၉၉၀ ရွေးကောက်ပွဲကတည်းက ရွေးခဲ့တဲ့ အစိုးရတစ်ရပ်ဖြစ်တဲ့အတွက် ပြည်သူကို ကိုယ်စားပြုနိုင်ဖို့လိုအပ်တယ်။ ပြည်သူ့မျှော်လင့်ချက်ကို အကောင်အထည်ဖော်နိုင်ဖို့ လိုအပ်တယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒီမိုကရေစီစံနှုန်းနဲ့ ကိုက်ညီတဲ့ ပြည်သူ့အစိုးရတစ်ရပ်အတွက် အဆင်သင့်ဖြစ်တဲ့ ဥပဒေအဖြစ် ဆောင်ရွက်နိုင်ဖို့ လိုအပ်တယ်။

**မီးမီး**

အခုလက်ရှိ အစိုးရသစ်ဟာ ပြည်သူကနေပြီးတော့ ပြည်သူ့ဆန္ဒနဲ့ တစ်ခဲနက် ရွေးချယ်လိုက်တဲ့ ပြည်သူတွေ ယုံကြည်စွာနဲ့ မဲပေးထားတဲ့ အစိုးရစစ်စစ်ကို ကျွန်မတို့ အခုချိန်မှာဆိုရင် ရရှိပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ နှစ်ပေါင်းများစွာကတည်းက ဖိနှိပ်ချုပ်ချယ်မှုတွေ၊ အာဏာရှင်စနစ်ရဲ့ လက်အောက်မှာ အရပ်သားအာဏာရှင်ဖြစ်လိုက်၊ စစ်အာဏာရှင်ဖြစ်လိုက် နည်းမျိုးစုံနဲ့ ကျွန်မတို့ ပြည်သူတွေခံစားပြီးဖြစ်ပါတယ်။ အခုအချိန်မှာဆိုရင် အရင်အစိုးရဟောင်းလက်ထက်က အရှုပ်ထုပ်တွေအားလုံးဟာ အစိုးရသစ်ခေါင်းပေါ် အလိုအလျောက်ရောက်ရှိနေချိန်ဖြစ်တယ်။ နိုင်ငံရေးအရလည်း အလွန်ရှုပ်ထွေးနေချိန်ဖြစ်တယ်။ အဲဒီတော့ ကျွန်မတို့ ပြည်သူ့အစိုးရသစ်အနေနဲ့ ကျွန်မတို့ မြန်မာနိုင်ငံမှာရှိတဲ့ ပြည်သူပြည်သားတွေအားလုံးကို ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ တရားဥပဒေစိုးမိုးမှုရှိစွာ၊ နောက်ပြည်တွင်းငြိမ်းချမ်းရေးကိုလည်း အကောင်းဆုံးဖော်ဆောင်နိုင်စွာနဲ့ မြန်မာပြည်သူပြည်သားတွေ အားလုံးဖော်ဆောင်ကြနိုင်ပါစေလို့ ဆန္ဒပြုပါတယ်။

❖ **ကျောဖုံးမှ**

ဒေါ်အောင်ဆန်းစုကြည်ဘက်မှာလည်း ဦးဝင်းတင်တို့၊ ဦးမိုးသူတို့စသည်ဖြင့် သူ့အစုလေးနဲ့သူ ဖြစ်နေတယ်ပေါ့၊ အဲဒီလိုဖြစ်နေတဲ့အချိန်မှာ ဩဂုတ် ၂၄ ရက်မှာ ဒေါ်အောင်ဆန်းစုကြည်က ရွှေတိဂုံဘုရား အနောက်မုခ်မှာထွက်လိုက်တယ်။ အဲဒီတော့ ကျွန်တော်တို့ကလည်း စုစည်းမိသွားပြီဖြစ်တော့ မိုးကောင်းဘုရားမှာ ပွဲတစ်ပွဲ လုပ်လိုက်တယ်။ အဓိပ္ပာယ်ကတော့ တိုတိုပါပဲ။ ဒီလို အကြမ်းဖက်မှုတွေ၊ သတ်ကြဖြတ်ကြတာတွေကိုတားဖို့၊ ဒီမိုကရေစီအတွက် အေးအေးချမ်းချမ်း လုပ်ကြဖို့ပါ။ ကျွန်တော်ကလည်း တပ်က နောက်ဆုံးထွက်လာတဲ့ လူဖြစ်ပြီးတော့ တာဝန်ကလည်း ကာကွယ်ရေးဦးစီးချုပ် လုပ်ခဲ့ဖူးတော့ ကျွန်တော့်ကို နည်းနည်းလေးရှေ့တန်းတင်တာပေါ့လေ၊ အဲဒီအချိန်အထိ အဲဒီအဖွဲ့က နာမည်မတပ်ရသေးဘူး၊ ဟိုဘက်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း နာမည်မတပ်ရသေးဘူး။ အစုအဖွဲ့အနေနဲ့ပဲပေါ့၊ ဒါပေမယ့် ကျွန်တော်တို့က တရားဝင်တော့ မခေါ်သေးပေမယ့် မျိုးချစ်ရဲဘော်ဟောင်းများ အဖွဲ့ပေါ့။ အဲဒီအဖွဲ့က ခေါင်းဆောင်ဆိုလို့ ခင်ဗျားပဲရှိတယ် ဆိုတော့ ကျွန်တော်လည်း ပါဝင်တာပေါ့ဗျာ။

**မေး။ ။နောက်ပိုင်းမှာ ဘဘက ဝန်ကြီးချုပ်ဟောင်း ဦးနု ဦးဆောင်တဲ့ ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေး(ဒီ/ငြိမ်း) အဖွဲ့မှာ ပူးပေါင်းပါဝင်ခဲ့ပြီး နောက်ပိုင်းမှာ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့နဲ့ ဆက်လက်ပူးပေါင်းဆောင်ရွက်ခဲ့တာ ဘာကြောင့်ပါလဲ။**

ဖြေ။ ။ခုနပြောတဲ့ အစုအဖွဲ့လေးတွေ ဖြစ်နေတဲ့ အချိန်မှာ ဦးနုက မထွက်သေးဘူး၊ ဒါပေမယ့် ဒီမိုကရေစီ အရေးအတွက် ရဲရဲဝံ့ဝံ့ဆောင်ရွက်တာကိုချီးကျူးတယ်။ အဘက အသက်အရွယ်ကြီးရင့်ပြီဖြစ်လို့ လူထုရှေ့ထွက်လာတာကိုတော့ သည်းခံပါ။ ဒီမိုကရေစီအရေးကိုတော့ ထောက်ခံပါတယ်ဆိုတဲ့ ကြေညာချက်ထုတ်ပါတယ်။

အဲဒီအချိန်မှာ ဦးနုက လူထုရှေ့မထွက်သေးဘူး၊ မထွက်တော့ သူ့အပေါင်းအသင်း သခင်တွေကပြောတယ်။ ဒါပေမယ့် ဦးနုက ထွက်မလာသေးဘူး။ အဲဒီတော့ အဲဒီက လူတစ်စုက ကျွန်တော့်အိမ်ကိုလာတယ်၊ ဗိုလ်ချုပ်ကြီး တင်ဦး လိုက်ပါပြောမယ်ဆိုရင် ထွက်ကောင်းထွက်လာပါလိမ့်မယ်၊ လာပြောပေးပါဆိုလို့ ကျွန်တော်က ကောင်းပါပြီဗျာ ဆိုပြီး သူ့အိမ်ရှေ့သွားတော့ အပေါက်ဝရောက်တော့ ဒေါ်မြရီက ထွက်လာပြီး ဒေါ်နဲ့မောနဲ့ 'ရှင်တို့ဘာလာလုပ်တာလဲ၊ ကျွန်တော့်ယောကျ်ား အေးအေးဆေးဆေးနေတာ မနေရဘူး၊ သွား ၊ လာမနှောင့်ယှက်ကြနဲ့'လို့ ဒီလိုပြောပါတယ်။ ဦးနုက သူ့အိမ်ရဲ့ခေါင်းရင်းမှာ တရားစခန်းနဲ့ အိမ်ငယ်လေးမှာ သူနေပါတယ်။ သူက အဲဒီအိမ်လေးထဲကထွက်လာပြီး ဒေါ်မြရီကို 'မပြောပါနဲ့ကွာ'လို့ ပြောပြီး ဘာကိစ္စလဲမေးတယ်။

ကျွန်တော်က အဲဒီအချိန်မှာ မျက်ရည်လေးဝဲတဲတဲကျပြီး 'ကိုကြီးနု မထွက်ရင် မကောင်းပါဘူး၊ လူတွေလည်း ကြောက်လန့်နေတယ်၊ အားရှိဖို့လိုပါတယ်'လို့ ပြောတော့ အဲဒီမှာသူက 'စဉ်းစားဦးမယ်'လို့ပြောတယ်။ နောက်တော့ လူထုရှေ့ သူထွက်လာတယ်။

အဲဒီနောက်မှာ ဦးနုရဲ့အဝိုင်းအဝန်းအတွင်းက ဗိုလ်မှူးအောင်တို့၊ ဗိုလ်ခင်မောင်၊ ဝိဓူရ သခင်ချစ်မောင်တို့ သူ့ရဲ့တပည့်တွေဖြစ်တဲ့ ဦးသိန်းစိန်တို့၊ ဦးထွန်းမြင့်တို့၊ ရှေ့နေကြီး သခင်ချစ်တို့ ပါလာတယ်။ တစ်ရက် နှစ်ရက်လောက်ကြာတော့ မန်းဝင်းမောင်ပါလာတယ်။ အဲဒီမှာ အစုအဖွဲ့ဖြစ်သွားပြီ။ ကျွန်တော်တို့ဘက်က ဦးအောင်ရွှေ၊ ကျွန်တော်ပါတယ်။ ဗိုလ်မှူးကြီးစောမြင့်ပါတယ်။

အဲဒီမှာ တံတားနီကိစ္စအတွက် ကျောင်းသားတွေ ဖိတ်တယ်။ ဦးနုရယ်၊ ကျွန်တော်ရယ်ကို နာမည်တတ်ဖိတ်တယ်။ နောက် ဦးအောင်ကြီးကိုလည်း ဖိတ်တယ်။ သူကလည်း သူ့စကားအမှားကြောင့် လူထုကိုပြန်စုစည်းဖို့ ပေါက်ချလာတယ်။ မှတ်မိသေးတယ်၊ ဦးနုက ဘဝင်နည်းနည်းကျပုံမရဘူး၊ သူဝင်လာတဲ့အခါကျတော့ ဦးနုက ကျွန်တော့်ကို သူ့နားမှာကပ်ထိုင်နေ၊သူ့ဘေးခပ်လှမ်းလှမ်းမှာထားဖို့ အနေအထားမျိုးပေါ့။ အဲဒီပွဲမှာ ဦးနုက ဝမ်းပန်းတသာ ရွှင်ရွှင်လန်းလန်းနဲ့အတော့်ကိုတက်ကြွတယ်။ အဲဒီပွဲလုပ်ပြီးပြန်သွားပြီး နှစ်ရက်၊ သုံးရက်ပဲ ကြာမယ် ကျွန်တော်ထင်တယ်။ ဩဂုတ်လ တတိယပတ် ထင်တယ်။ ကျွန်တော်တို့ဆီ ချိပ်ပိတ်ထားတဲ့စာလေးတစ်စောင် ထွက်လာတယ်၊ ဗိုလ်မှူးအောင် အိမ်မှာခေါ်တဲ့အစည်းအဝေး၊ ကျွန်တော်က ကာကွယ်ရေးဝန်ကြီး၊ ဦးအောင်ရွှေက ပြည်ထဲရေး၊ ဗိုလ်မှူးစောမြင့်က ပြန်ကြားရေး၊ သခင်ချစ်မောင်က အလုပ်သမား၊ လယ်သမား၊ ဦးအောင်က ဘဏ္ဍာရေး စသဖြင့် ဖွဲ့ပြီးပြီဗျ။

အဲဒီအခါကျတော့ လန့်သွားတာပေါ့။ အစိုးရဖွဲ့တယ်ဆိုတော့ ဒီလိုတော့မဖြစ်သေးဘူး ပြောကြဆိုကြပေါ့၊ ဦးနုက လုပ်ရင် အဲဒီလိုပဲ လုပ်တတ်တယ်။ ကျွန်တော်တို့ကို မပြောဘူး။ အဲဒီလိုစင်ပြိုင်လုပ်ရင်တော့ တပ်က ခံမှာမဟုတ်ဘူး၊ အဖမ်းခံရမှာ၊ ဖြစ်မှာတော့ မဟုတ်ဘူးဆိုပြီး တစ်ယောက် တစ်ပေါက်ပေါ့။ အဲဒီအချိန်မှာ တံခါးအကွယ်လေးနားမှာ သူငယ်လေးတစ်ယောက်ရပ်နေတယ်။ သူက အကျႌလက်တို၊ ကချင်ပုဆိုးအစိမ်းလေးနဲ့ပေါ့။ သူက ကျွန်တော်တို့ပြောတာ ရပ်နားထောင်နေတယ်။ ကျွန်တော်က အဲဒီအိမ်က လက်တိုလက်တောင်းခိုင်းတဲ့ကလေးပဲ အောင်းမေ့နေတယ်။

ဦးနုကပြောတာကတော့ တိုတိုပါပဲ။ ပြည်သူ့ဆီက ရယူထားတဲ့ တိုင်းပြည်အာဏာကို ပြန်အပ်ရမယ်။ သူ့ကို ပြန်အပ်ပါ။ အပ်ပြီးရင် သူကရွေးကောက်ပွဲလုပ်ပေးမယ်။ လောလောဆယ် အခြေအနေအရ ဒီလိုဆောင်ရွက်ပေးဖို့အတွက် အစိုးရဖွဲ့စည်းလိုက်သည်ပေါ့။ ကျွန်တော်တို့က ဘာမှမပြောဘူး၊ အဲဒီမှာ ဦးနုက အောက်မှာ စောင့်နေတဲ့ ဦးဗန်ကိုဟောင်းကို အစိုးရအဖွဲ့စာရင်းကြေညာခိုင်းတယ်။ သူက စကားနှေးတော့ ဖတ်တာနှေးလို့ လူတွေက အားမရဘူး၊ ကျွန်တော်က စိတ်မြန်လက်မြန်ဆိုတော့ အဲဒီအချိန်မှာ အဖွဲ့ အတွင်းရေးမှူး ပုံစံအကျိုးတော်ဆောင်ဆိုပြီး ခန့်ထားတော့ ကျွန်တော်ဖတ်လိုက်မယ်ဆိုပြီး ဖတ်လိုက်တယ်။

အဲဒီလိုကျွန်တော်ပြောပြီးသွားပြီး အပေါ်မှာ ပြန်ထိုင်တဲ့အထိ အဲဒီကလေးက အဲဒီမှာပဲ ရပ်နားထောင်နေတယ်။ နောက်တစ်ခါ ဒါနဲ့ပတ်သက်ပြီး အကုန်လုံးက အားလုံး မသိဘဲလုပ်လိုက်တာ မသင့်တော်ဘူးပြောကြတာပေါ့။ အစိုးရဖွဲ့ရင် ပြဿနာပေါ်မှာပဲဆိုတော့ ကျွန်တော်တို့ သုံးဦးက ဒါနဲ့ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်ရန် မသင့်တော်တဲ့အတွက် အဲဒီမှာ နုတ်ထွက်လိုက်တယ်။ အဲဒီအချိန်မှာ ခုနက တံခါးနားမှာ နားထောင်နေတဲ့ ကလေးက 'အန်ကယ်တို့ဗျာ၊ ဘယ်လိုဖြစ်ကြတာလဲဗျာ၊ ဒီလိုဖြစ်နေတာ အင်မတန်ကြေကွဲစရာကောင်းတာပေါ့'လို့ ပြောတယ်။ အဲဒီကလေးက နောက် ကျွန်တော် စဉ်းစားတော့ မင်းကိုနိုင်ထင်တယ်။

သူ(ဦးနု) တော်တော်တော့ စိတ်မကောင်းဘူး၊ နောက်ကျွန်တော့်ကို စကားကို မပြောတော့ဘူး၊ ကျွန်တော်သွားကန်တော့တာတောင် စကားမပြောဘူး၊ လာခေါ်တုန်းက ကျွန်တော်က လာခေါ်တယ်၊ ပြီးတော့ ကျွန်တော်က ထွက်တယ်ဆိုတော့ သူသိပ်ပြီး ဘဝင်တော့ ကျမသွားဘူးပေါ့။ နောက်တော့ ဗိုလ်မှူးအောင် အိမ်နဲ့သူ့အိမ်မှာ အစည်းအဝေးထိုင်ပြီးတော့ ပါတီတစ်ခုဖွဲ့လိုက်တယ်။ အတွင်းရေးမှူးအနေနဲ့ ကျွန်တော့်ကို ပေးတယ်။ နောက်မှ အမည်ပေးတော့ ဒီမိုကရေစီနဲ့ငြိမ်းချမ်းရေးပါတီ(ဒီ/ငြိမ်း)ပေါ့။ ကျွန်တော်တို့ဘက်ကလည်း မျိုးချစ်ရဲဘော်ဟောင်းများ အဖွဲ့ဖွဲ့ပြီး ရုံးတွေ၊ ဆိုင်းဘုတ်တွေနဲ့ ဖွင့်တယ်။ ဥက္ကဋ္ဌက ဦးအောင်ရွှေ၊ ဒုတိယဥက္ကဋ္ဌက ကျွန်တော်ပေါ့။ တစ်နေ့ကျတော့ ဦးနုက ကျွန်တော့်ကို ခေါ်တယ်။ သူ့အိမ်မှာပဲ၊ နောက် စာရွက်ကလေးတစ်ရွက်ကို ထပ်ရေးတယ်။ ချိပ်ပိတ်ပြီး ကျွန်တော့်ကိုပေးတယ်။ နောင်ခါကျမှ ဖောက်ဖတ်ပါ၊ ခု လောလောဆယ် သိမ်းထားပါလို့ ဒီလိုပြောတယ်။ နောင်ဖွင့်ဖတ်တော့ တခြားမဟုတ်ပါဘူး 'သူ အစိုးရဖွဲ့စည်းသည့်ကိစ္စအားလုံးသည် ကျွန်တော့်ဆုံးဖြတ်ချက်ကြောင့် လုပ်တာပါ။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော် အားလုံးတာဝန်ယူပါသည်'ဆိုတဲ့ စာပါပဲ။ အဲဒီစာက သမိုင်းဝင်ပါပဲ။ နောက်ပိုင်းအိမ်တွေ ဘာတွေလာရှာတော့ မရှိတော့ပါဘူး။

တစ်နေ့မှာ ဂါဒီယန်းဦးစိန်ဝင်းက လက်ဖက်ရည်သောက်ကြရအောင်ဆိုပြီး ဖိတ်တယ်။ ဟိုရောက်တော့ ဗိုလ်ချုပ်အောင်ကြီးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ကို တွေ့တယ်။ အဲဒီမှာ ဒေါ်အောင်ဆန်းစုကြည်ကို သိသွားတယ်။ အဲဒီမတိုင်မီ တစ်ခုရှိသေးတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ကျွန်တော်မသိသေးဘူး။ အဲဒါဘာလဲဆိုတော့ သတင်းစာရှင်းလင်းပွဲ ဆေး-၁ မှာ လုပ်တယ်။ အဲဒီမှာ စင်ပေါ်မတက်သေးဘဲအောက်မှာ ထိုင်နေတော့မိန်းကလေးတစ်ယောက်က ကျွန်တော့်ညာဘက်မှာထိုင်နေတယ်။ သူက ကျွန်တော့်ကို 'အန်ကယ် ကျွန်မတို့ကိုခေါ်တာ ဘာကြောင့်ခေါ်တာလဲ'တဲ့။ ကျွန်တော်ကလည်း အတွေးကခေါင်၊ ဘာမှန်းလည်းမသိတော့ စိတ်ကညစ်နဲ့ 'ဘယ်သိမလဲဗျာ။ ကျွန်တော့်ကိုခေါ်လို့ ဒီရောက်တာပဲ။ ကျွန်တော်မသိဘူး။ လာပါဆိုလို့သာ လာရတာ'လို့ ခပ်ကြမ်းကြမ်း ပြန်ပြောတော့ သူ လန့်သွားတယ်။ အဲဒါကို သူခဏခဏ အမြဲတမ်းပြန်ပြောတယ်။ နောက်မှ ဒေါ်အောင်ဆန်းစုကြည်၊ ဗိုလ်ချုပ်အောင်ဆန်းသမီး ဆိုတာ သိလိုက်ရတယ်။ အဲဒီမှာ ဒေါ်အောင်ဆန်းစုကြည်ကို အနီးကပ်မြင်ဖူးတာ။ အဲဒီပွဲမှာ ဦးနုရယ်၊ ကျွန်တော်ရယ်၊ ဒေါ်အောင်ဆန်းစုကြည်၊ ဗိုလ်ရန်နိုင်၊ ဘီဘီစီထွေးမြင့်၊ ဦးဗန်ကိုဟောင်း၊ ဗိုလ်ချုပ်အောင်ကြီးရယ် ထိုင်ပြီး အဆင်သင့်ဖြစ်တဲ့အခါမှာ ၈၈ အရေးတော်ပုံ ကျောင်းသားခေါင်းဆောင်တွေ၊ ကျောင်းသား ကျောင်းသူတွေစကားပြောတယ်။

ကလေးမလေးတစ်ယောက်က တုန်တုန်ယင်ယင်နဲ့ထပြီး ဘဘတို့ရယ်၊ ကျွန်မတို့ လုပ်လာတာ သွေးမြေကျပေမယ့် ဘယ်လိုဆက်လုပ်ရမယ်ဆိုတာ မသိပါဘူး။ ဒါကြောင့်မို့ အဘတို့ ညီညီညွတ်ညွတ်နဲ့ဦးဆောင်ပြီးတော့လုပ်ပေးပါလို့ပြောတယ်။ အဲဒီအချိန်မှာ ဦးနုက နိုင်ငံရေးသမားဆန်ဆန် 'ညည်းတို့က အစကတည်းက မပြောဘူး။ အခုမှ ကပ်ပြောတော့ တို့ကဘယ်လိုလုပ်ရမှာလဲ'လို့ ငေါက်လိုက်တယ်။ ကလေးမလေးတွေ လန့်သွားပြီး၊ တချို့ ဝမ်းနည်းပြီး ငိုကြတယ်။ နောက်ပိုင်းမှာ ဒေါ်အောင်ဆန်းစုကြည်ရယ်၊ ကျွန်တော်ရယ်၊ ဗိုလ်ချုပ်အောင်ကြီးရယ် တွေ့ဆုံကြပြီး "အောင်စုတင်"ဆိုပြီးတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုစတင်ဖွဲ့ခဲ့ကြတယ်။ ဦးအောင်ကြီးက ဥက္ကဋ္ဌ၊ ကျွန်တော်က ဒုတိယဥက္ကဋ္ဌ၊ ဒေါ်အောင်ဆန်းစုကြည်က အတွင်းရေးမှူးပေါ့။ နောက်ပိုင်း ဦးအောင်ကြီး ထွက်သွားပြီး ကျွန်တော်က ဥက္ကဋ္ဌပေါ့၊ ဥက္ကဋ္ဌမရှိတော့ ဒုဥက္ကဋ္ဌ တက်လုပ်ရတာပေါ့။

**မေး။ ။ဒေါ်အောင်ဆန်းစုကြည်နဲ့ ဘဘတို့ အပါအဝင် ထိပ်ပိုင်းခေါင်းဆောင်များနှင့် အန်အယ်လ်ဒီပါတီအနေနဲ့ မြန်မာ့နိုင်ငံရေးသမိုင်း ရေစီးထဲမှာ ခယောင်းလမ်းကိုဖြတ်သန်းခဲ့ရပြီးတဲ့နောက် မတ်လ ၃၀ ရက်နေ့မှာ နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူနိုင်ခဲ့တော့ အဲဒီအခမ်းအနားမှာ ဘဘအနေနဲ့ စိတ်ခံစားချက် ဘယ်လိုရှိပါလဲ။**

ဖြေ။ ။ရွေးကောက်ပွဲမှာ သန့်သန့်ရှင်းရှင်းလုပ်မယ်လို့ ပြောထားပေမယ့် ဖြစ်မှဖြစ်ပါ့မလားလို့ စိတ်ထဲရှိခဲ့တာပေါ့။ ဒါပေမယ့်ဖြစ်မြောက်သွားတယ်။ အောင်မြင်သွားတယ်၊ ငြိမ်းချမ်းသွားတယ်။ တစ်ကမ္ဘာလုံးကလည်း ချီးကျူးကြတယ်။ နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူရတော့ ဝမ်းသာတာပေါ့။ တပ်မတော်အနေနဲ့လည်း ပြည်သူလူထုရဲ့ ဆန္ဒနဲ့တစ်ပြေးညီဖြစ်အောင် ကြိုးစားစေချင်တယ်။

**မေး။ ။အသက် (၄၇) နှစ်အရွယ်နဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖြစ်ခဲ့တော့ ဘဘရဲ့ တပ်မတော်အပေါ်ထားတဲ့ သဘောထားကို သိချင်ပါတယ်။**

ဖြေ။ ။တပ်မတော်က ကျွန်တော့်ရဲ့ အသည်းနှလုံးပေါ့။ တပ်မတော်ကို မချစ်ဘူးလားမေးရင် ချစ်တယ်။ ဒါပေမယ့် ပြည်သူကို ပိုချစ်တယ်။ ဒါပါပဲ။ လက်နက်ရှိလို့ ငါစစ်သား. . ။ငါစစ်သားလို့မထင်ရဘူး။ သူတို့(စစ်သား)လည်းပြည်သူလူထုပဲ။ မွေးကတည်းက ဘယ်သူကများ လက်နက်ကလေးနဲ့ ပါလာလို့လဲ။ စည်းနဲ့ကမ်းနဲ့ လုပ်ရတာပဲ။ ကျွန်တော်က စစ်တပ်ကို မချစ်ပဲနေမလား။ ကျွန်တော့် တပ်မတော်ပဲ။ ကျွန်တော် ၁၆ နှစ်သားကတည်းက လုပ်လာတာ။ စစ်တပ်ထဲမှာ ၃၃ နှစ် လုပ်ခဲ့တာ။ ကျွန်တော့်တပ် ကျွန်တော်ချစ်တာပေါ့။ ကျွန်တော် စစ်တပ်ထဲမှာနေတုံးက ကြားခဲ့တာ ပြည်သူသည် အမိ ပြည်သူသည် အဖ ဆိုပြီးတော့ပဲ ကျွန်တော်ကြားခဲ့တာ။

**မေး။ ။လက်ရှိအစိုးရသစ်အတွက် နိုင်ငံရေးအရ အဓိကစိန်ခေါ်မှုက ဘာဖြစ်မယ်လို့ ထင်မြင်မိသလဲ။**

ဖြေ။ ။နံပါတ်တစ်ကတော့ တိုင်းပြည်နဲ့ပတ်သက်လို့ ငြိမ်းချမ်းရေးလုပ်ဖို့က အရေးကြီးတယ်။ အပစ်အခတ်ရပ်စဲရေးကတော့ ရပ်ကိုရပ်ရမယ်။ အပစ်အခတ်ရပ်ပြီးတာနဲ့ တစ်ပြိုင်တည်း သူ့အကျိုး ကိုယ့်အကျိုးကို မျှမျှတတ ကြည့်ပြီး လုပ်ပေးရမယ်။ သိပ်ကိုကြီးမားတဲ့ အကြောင်းအရာတွေကိုတော့ နားလည်မှုယူရမယ်။ ရင်ဆိုင်ရမယ်။ ဒါကို ပထမဆုံးအဖြေရှာရမယ်။

နောက်တစ်ခုက Rule of Law (တရားဥပဒေစိုးမိုးရေး) ဖြစ်ဖို့။ ဒါကသိပ် အရေးကြီးတဲ့ကိစ္စ။

**မေး။ ။အစိုးရသစ်အနေနဲ့ ငြိမ်းချမ်းရေးကို ဦးစားပေး လုပ်ဆောင်မယ်ဆိုတော့ all inclusive ပါဝင်အောင် လုပ်ဆောင်နိုင်ပါ့ မလား။**

ဖြေ။ ။အမှန်ကတော့ all inclusive ဖြစ်မှ ရမှာပဲ။ all inclusive ဖြစ်ဖို့လည်း ကြိုးစားရမှာပဲ။ နိုင်ငံတကာမှာတော့ all inclusive မရဘူး။ ဒါပေမယ့် ရှိသင့် ရှိထိုက်တဲ့ inclusive ဖြစ်အောင် လုပ်ဖို့လိုတယ်။ ကျွန်တော်ကတော့ အေးချမ်းချင်တယ်။ နောင်လာနောက်သားတွေအတွက် မှားခဲ့တဲ့ အမှားတွေကို ထပ်ပြီး မမှားစေချင်ဘူး။ ငြိမ်းချမ်းရေးဆိုတာ မြင်သွားချင်တယ်။

**မေး။ ။ဒေါ်အောင်ဆန်းစုကြည်အပေါ် ဘဘရဲ့ မျှော်လင့်ချက်နဲ့ ယုံကြည်ချက်က လက်ရှိအချိန်မှာရော ပြောင်းလဲမှု ရှိသေးလား။**

ဖြေ။ ။ဒေါ်အောင်ဆန်းစုကြည် ဝင်လာကတည်းက အာဏာယူဖို့ စကားတွေ ပြောခဲ့တာမဟုတ်ဘူး။ ဒီတိုင်းပြည်အပေါ်မှာ ချွတ်ခြုံကျနေတဲ့ ပညာရေး၊ ကျန်းမာရေး၊ လူသားအရင်းအမြစ်နဲ့ ပတ်သက်ပြီး ဖွံ့ဖြိုးတိုးတက်ရေး ဒါတွေကိုလုပ်ပေးနိုင်ရင် ကျေနပ်တယ်ဆိုတာမျိုးပဲ။ ဒါပေမယ့် သူ့ကိုပဲ ဦးတည်ချက်ထားပြီး နိုင်ငံရေးလောကထဲက ဖယ်ပစ်နေသလိုလုပ်တယ်။ သူက ဒါကို မကျေနပ်တာ။ ဒေါ်အောင်ဆန်းစုကြည် ဒီအမျိုးသမီးရဲ့ သတ္တိကတော့ လူလေး သေးသေးလေးကို နည်းတဲ့သတ္တိမဟုတ်ဘူး။ သူ့ရဲ့သတ္တိရော၊ စိတ်ဓာတ်ခွန်အား သတ္တိရောနှစ်ခုလုံးရှိတယ်။ အဖေသွေးရော၊ အမေ သွေးရော ပါလာတယ်လို့ ပြောလို့ရတယ်။ အဖေ အမေဆီက အကောင်းစားတွေ ရထားတာပဲ။ ပါတီအပေါ် ကျွန်တော့် ယုံကြည်ချက် မပြောင်းဘူး။

**မေး။ ။လက်ရှိ နိုင်ငံတော်သမ္မတ ဦးထင်ကျော်အပေါ်ကိုရော ဘဘ အနေနဲ့ ဘယ်လောက်အထိ မျှော်လင့်ထားပါသလဲ။**

ဖြေ။ ။သူက လူတော်ပါ။ ပြောနိုင်တယ်။ ဆိုနိုင်တယ်။ နိုင်ငံတကာနဲ့ ပြေလည်အောင် ဆက်ဆံနိုင်တယ်။ ဦးမင်းသုဝဏ်ကိုယ်တိုင်က သူ့သားတွေကို ကောင်းကောင်းလေ့ကျင့်ပေးခဲ့တာ။ သဘောထား၊ ပင်ကိုစိတ်ထား ဒါတွေအကုန်ရှင်းတယ်။ ဒါတွေကို ကျွန်တော်ကောင်းကောင်းသိတယ်။ သူက နားမလည်ရင် နားမလည်ဘူးပြောတယ်။ သူနားလည်ရင် အကုန်လုပ်ပေးတယ်။ သူက ဆရာကောင်းသမားကောင်းတွေ ရခဲ့တယ်။ စကားပြောရင် ကျွန်တော့်ထက်ပျော့ပျောင်းတယ်။ ကျွန်တော်ကသာ စစ်သားဖြစ်လို့ တစ်ခါ တစ်ခါ ဒေါသစိတ်နဲ့ပြောရင် ပြောတတ်တာ။

**မေး။ ။အခု အစိုးရသစ်က မြန်မာနိုင်ငံအတွက် ဘယ်လောက် ပြောင်းလဲပေးနိုင်မယ်လို့ ယုံကြည်ပါလဲ။**

ဖြေ။ ။ဒီအခြေအနေနဲ့ သွားရင် အခု ၂၀၁၆ အကုန်တောင် အောင်မြင်မှုတွေ ရနိုင်တယ်လို့ မြင်တယ်။ မြန်မာပြည်ရဲ့ စီးပွားရေးဆိုရင်တော့ မြင်သာထင်သာ ရှိအောင် လုပ်နိုင်ပါလိမ့်မယ်။

**မေး။ ။မြန်မာပြည်သူ ပြည်သားတွေကို ဘဘအနေနဲ့ ဘာများ အမှာပါးချင်ပါသလဲ။**

ဖြေ။ ။အားလုံးကတော့ဗျာ လွတ်လပ်ရေး ရကတည်းက ဘာအရသာမှ မခံစားခဲ့ရဘူး။ ပါလီမန်ခေတ်မှာလည်း လေးနှစ်လောက်ပဲ။ နောက်ပိုင်းကျတော့လည်း လက်နက်ကိုင်ပဋိပက္ခဖြစ်နေတာ တောက်လျှောက်။ ပါတီကြီး နှစ်ခုက လာတုန်းကတော့ ချစ်ချစ်ခင်ခင်နဲ့ လက်တွဲပြီး တောက်လျှောက်လုပ်ခဲ့ကြတာဗျာ။ နောက်ပိုင်းကျတော့ တိုင်းပြည်ထူထောင်ဖို့ တစ်ယောက်ကလည်း ဒါမှ ဒါ။ နောက်တစ်ယောက်ကလည်း ဒါမှဒါ နဲ့ သွားလိုက်ကြတာ။ မြန်မာပြည်ကို မြေပုံပေါ်တင်လိုက်ရင် ရန်ကုန်တစ်ခုပဲ ကျန်တယ်။ ဒါတောင် ရန်ကုန် လှိုင်အောက်ဘက်ဆို အင်းစိန်နားနီးလို့ ဒုန်းဒုန်းဒိုင်းဒိုင်းနဲ့ ကျွန်တော် သိပ်ဝမ်းနည်းတာ။ ကျွန်တော် ကျောင်းသားဘဝတုန်းက သိပ္ပံဘာသာတွဲယူပြီး ဆရာဝန် သိပ်ဖြစ်ချင်ခဲ့တာ။ စစ်ကြီးဖြစ်သွားတဲ့အချိန်မှာ ဂျပန်တွေဝင်လာပြီး အင်္ဂလိပ်စာတွေ အကုန်ဖျက်ပေါ့။ နောက်အင်္ဂလိပ်တွေ ပြန်ဝင်လာတော့ လွတ်လပ်ရေးအတွက် ဆက်တိုက်ရနဲ့ အကြောင်းတွေ မညီညွတ်တော့ဘူး။ တစ်ချိန်လုံး ကျွန်တော်ကြီးပြင်းခဲ့ရတာ အမြောက်ဆန်၊ ဗုံးဆန်၊ သေနတ်သံ ကျည်ဆန်တွေနဲ့ပဲ ကျွန်တော်ကြီးပြင်းခဲ့ရတဲ့အတွက် ကျွန်တော်မြန်မာစာ သိပ်မတတ်ဘူး။ စာရေး မကောင်းဘူးပေါ့။ အင်္ဂလိပ်စာလည်း မတောက်တစ်ခေါက်ပဲ။ ကျွန်တော်တို့ ရခဲ့တာကတော့ နှက်မယ်၊ ဆော်မယ်၊ ပစ်မယ်ဆိုတာမျိုးတွေပဲ ရခဲ့တာ။ ဒါတွေနဲ့ပဲ ကြီးပြင်းလာခဲ့တာ။ စစ်ထဲမှာ ၃၃ နှစ်နေခဲ့တာဗျာ။ တကယ်လို့သာ ဟိုတုန်းကတည်းက တိုင်းပြည်အေးချမ်းခဲ့ရင် ကျွန်တော် ပညာရပ်တွေ လုပ်နိုင်မှာ။ တိုင်းပြည်အတွက် အလုပ်တွေလည်း ဒီလောက်လုပ်စရာမလိုဘူး။ အခုတော့ မပြီးမချင်း လုပ်နေရတာ။

(ဟုတ်ကဲ့. . ဖြေကြားပေးတဲ့ ဘဘ ကို ကျေးဇူးအများကြီးတင်ပါတယ်)

**တွေ့ဆုံမေးမြန်း**
**ခင်မောင်ထွေး၊ ရဲခေါင်ညွန့်**

# အမေရိကန်သမ္မတလောင်းရွေးကောက်ပွဲ ဝစ္စကွန်ဆင်ပြည်နယ်တွင် တက်ဒ်ခရုဇ်နှင့် ဘာနီဆန်ဒါးစ်တို့အနိုင်ရ

**နယူးယောက် မေ ၆**
အမေရိကန်နိုင်ငံ ဝစ္စကွန်ဆင်ပြည်နယ်တွင်ပြုလုပ်သည့် အမေရိကန်သမ္မတလောင်း ရွေးကောက်ပွဲတွင် ရီပတ်ဘလီကန်ပါတီမှ အထက်လွှတ်တော်အမတ် တက်ဒ်ခရုဇ်က အနိုင်ရရှိသွားသကဲ့သို့ ဒီမိုကရက်တစ်ပါတီဘက်တွင်လည်း အထက်လွှတ်တော်အမတ် ဘာနီဆန်ဒါးစ်က အနိုင်ရအောင်ပွဲခံနိုင်ခဲ့သည်။

တက်ဒ်ခရုဇ်သည် ရီပတ်ဘလီကန်ပါတီ၏ ဝစ္စကွန်ဆင်ပြည်နယ် ပါတီတွင်းအကြိုရွေးကောက်ပွဲတွင် အနိုင်ရရှိသွားခဲ့ကြောင်း အေဘီစီသတင်းဌာနက ထုတ်လွှင့်ကြေညာသည်။ ရီပတ်ဘလီကန်ပါတီက ပါတီကိုယ်စားပြုသမ္မတလောင်းအဖြစ် ထောက်ခံမှုအများဆုံးရရှိထားသည့် အိမ်ခြံမြေလုပ်ငန်းရှင်သူဌေးကြီး ဒေါ်နယ်ထရမ့်ကို ထောက်ခံမှုမဲများရှိစေရန် ကြိုးပမ်းခဲ့သည်။ သို့သော် ဝစ္စကွန်ဆင်ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် အခြားရီပတ်ဘလီကန်ပါတီဝင်အများစုက တက်ဒ်ခရုဇ်ကို တစ်ခဲနက်ထောက်ခံအားပေးခဲ့ကြသည်။

ဒီမိုကရက်တစ်ပါတီဘက်တွင်မူ ပါတီကိုယ်စားပြုသမ္မတလောင်းအဖြစ် အလားအလာကောင်းနေသည့် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟီလာရီကလင်တန်ကို ဆန်ဒါးစ်က အနိုင်ရရှိသွားခဲ့သည်ဟု အေဘီစီသတင်းဌာနက ထုတ်ပြန်ကြေညာသည်။ ကလင်တန်သည် ပြည်နယ်အများစုတွင် ပါတီကိုယ်စားပြုသမ္မတလောင်းအဖြစ် အနိုင်ရရှိထားသည်။ သို့သော် ဝစ္စကွန်ဆင်ပြည်နယ်တွင်မူ ဆန်ဒါးစ်က ပွတ်ကာသီကာဖြင့် အနိုင်ရရှိသွားသည့်အတွက် ဆန်ဒါးစ်အနေဖြင့် ဆက်လက်ယှဉ်ပြိုင်ရန်အရှိန်ရသွားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**


တက်ဒ်ခရုဇ်။


ဘာနီဆန်ဒါးစ်။

# အကျင့်ပျက်ခြစားမှုဖြင့် တရုတ်ထိပ်တန်းဗိုလ်ချုပ်ကြီးဟောင်း တရားရုံး၌အမှုရင်ဆိုင်နေရ

**ပေကျင်း မေ ၆**
တရုတ်ထိပ်တန်းတပ်မတော်အရာရှိဟောင်းတစ်ဦး လာဘ်ပေးလာဘ်ယူမှုစွပ်စွဲချက်များဖြင့် တရားရုံးတွင် အမှုရင်ဆိုင်နေရကြောင်း တရုတ်နိုင်ငံပိုင်မီဒီယာက ယနေ့ရေးသားဖော်ပြသည်။

တရုတ်ဗဟိုစစ်ဘက်ဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌဟောင်း အငြိမ်းစားဗိုလ်ချုပ်ကြီး ကောပေါ်ရှုံမှာ အကျင့်ပျက်ခြစားမှုနှင့်ပတ်သက်၍ တရားစွဲဆိုခံရမည့် အဆင့်မြင့်ဆုံးအရာရှိတစ်ဦးဖြစ်လာမည်ဖြစ်သည်။


အငြိမ်းစားဗိုလ်ချုပ်ကြီး ကောပေါ်ရှုံ။

လက်အောက်ငယ်သားများအား ရာထူးတိုးမြှင့်ရေးအတွက် သူ၏သြဇာအာဏာအသုံးပြု၍ အကူအညီပေးခဲ့မှုအပေါ် အတုံ့အလှည့်အနေဖြင့် ကောပေါ်ရှုံက တံစိုးလက်ဆောင်များ လက်ခံခဲ့သည်ဆိုသော သံသယဖြစ်ဖွယ်ရာအကြောင်းကိစ္စများကို စစ်ဘက်ဆိုင်ရာရှေ့နေများက ပြီးခဲ့သည့်ဇူလိုင်လကတည်းက စုံစမ်းစစ်ဆေးခဲ့ကြသည်။ တံစိုးလက်ဆောင်များ လက်ခံခဲ့သည်ဟု ကောက ဝန်ခံခဲ့ကြောင်း စစ်ဘက်ဆိုင်ရာရှေ့နေများ၏ပြောကြားချက်များကို ကိုးကား၍ ဆင်ဟွာသတင်းဌာနက ပြောကြားသည်။

ကောသည် ယွမ်သန်း ၈၀ ကျော် (သို့မဟုတ်) အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၄ သန်းခန့် လာဘ်ငွေလက်ခံခဲ့ကြောင်း သတင်းရပ်ကွက်တစ်ခုကိုကိုးကား၍ ဟောင်ကောင်အခြေစိုက်သတင်းစာတစ်စောင်ဖြစ်သော South China Morning Post က ဆိုသည်။

ကောအား အရေးပါသောရာထူးနေရာများ၌ သမ္မတဟောင်း ကျန်ဇီမင်းက ခန့်အပ်ခဲ့ခြင်းဖြစ်ပြီး ၁၉၉၉ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးအဆင့် တိုးမြှင့်ခန့်အပ်ခံခဲ့ရသူဖြစ်သည်။ ၂၀၀၂ ခုနှစ် သမ္မတဟောင်း ဟူကျင်တောင်လက်ထက်တွင် ကောအား တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ရန် ရွေးချယ်ခန့်အပ်ခဲ့သည်။

သမ္မတရှီကျင့်ဖျင်က အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်ကို အရှိန်မြှင့်လုပ်ဆောင်နေသည့်ကာလတွင် ကောပေါ်ရှုံအား တရားစွဲဆိုမှုဖြစ်ပေါ်လာခြင်း ဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

# တရုတ်နိုင်ငံက တောင်တရုတ်ပင်လယ်အတွင်း ကျွန်းတုပေါ်၌ မီးပြတိုက်ဖွင့်လှစ်

**ပေကျင်း မေ ၆**
တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်အတွင်း ယင်းနိုင်ငံက တည်ဆောက်ထားသည့် ကျွန်းတုများအနက် ကျွန်းတုတစ်ခုတွင် မီးပြတိုက်သစ်တစ်လုံးကို စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆူဘီကျောက်တန်း၌ မီးပြတိုက်သစ်တည်ဆောက်မှုပြီးစီးခဲ့ပြီဖြစ်ရာ မီးပြတိုက်ကို ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း တရုတ်သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါမီးပြတိုက်သည် ၅၅ မီတာ(ပေ ၁၈၀)အမြင့်ရှိပြီး ပြီးခဲ့သည့် အောက်တိုဘာလတွင် စတင်တည်ဆောက်ခဲ့သည်။ မီးပြတိုက်တည်ရှိရာကျွန်းတုသည် လွန်ခဲ့သည့်နှစ်က အမေရိကန်စစ်သင်္ဘောတစ်စင်းက တရုတ်နိုင်ငံက ပိုင်ဆိုင်သည်ဟု ထုတ်ဖော်ပြောဆိုထားသော နေရာအနီးအပါးမှ ဖြတ်သန်းကာ စစ်အင်အားပြသခဲ့သည့်နေရာအနီးတွင် တည်ရှိသည်။

လွန်ခဲ့သည့် အောက်တိုဘာလက ဆူဘီကျောက်တန်းမှ ရေမိုင် ၁၂ မိုင်အကွာအဝေးအတွင်းသို့ အမေရိကန်ရေတပ်မှ ပဲ့ထိန်းဒုံးကျည်တပ်ဖျက်သင်္ဘောတစ်စင်းဖြစ်သော ယူအက်စ်အက်စ် လာဆင် ဝင်ရောက်ဖြတ်သန်းသွားခဲ့ရာ တရုတ်နိုင်ငံက ဒေါသတကြီးဝေဖန်ပြောကြားခဲ့သည်။

ဆူဘီကျောက်တန်းကို တရုတ်နိုင်ငံက ကျွန်းတုတစ်ခုအဖြစ် တည်ဆောက်ခဲ့သည်။ ဆူဘီကျောက်တန်းကို ကျွန်းတစ်ကျွန်းအဖြစ် ပြောင်းလဲခြင်းမရှိမီက ဒီရေဖုံးလွှမ်းခံခဲ့ရသော နေရာတစ်နေရာအဖြစ် တည်ရှိခဲ့သည်။

တောင်တရုတ်ပင်လယ်အတွင်း ရေယာဉ်များ လွတ်လပ်စွာခုတ်မောင်းသွားလာနိုင်စေရေးအတွက် ဝန်ဆောင်မှုပေးနိုင်ရန် မီးပြတိုက်ကို တည်ဆောက်ရခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လူကန်းက ပြောကြားသည်။

**ရိုက်တာ။**

# ရုရှား၌ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းအတွက် အမျိုးသားအစောင့်တပ်ဖွဲ့ ထူထောင်မည်

**မော်စကို မေ ၆**
ရုရှားနိုင်ငံ၌ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် ဒုစရိုက်မှုများကို ဂိုဏ်းဖွဲ့ကျူးလွန်မှုတိုက်ဖျက်ရေး လုပ်ဆောင်နိုင်ရန် အမျိုးသားအစောင့်တပ်ဖွဲ့ကို ဖွဲ့စည်းထူထောင်မည်ဖြစ်ကြောင်း သမ္မတ ဗလာဒီမာပူတင်က ပြောကြားသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် ဒုစရိုက်မှုများကို ဂိုဏ်းဖွဲ့ကျူးလွန်မှုတိုက်ဖျက်ရေးလုပ်ငန်းအတွက် လုပ်ပိုင်ခွင့်အာဏာများ အပ်နှင်းထားသည့် ဖက်ဒရယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ကိုထူထောင်ရန် မိမိတို့ဆုံးဖြတ်လိုက်ကြောင်း သမ္မတ ပူတင်က အစိုးရရုံး၌ လုံခြုံရေး တာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင် ပြောကြားသည်။

ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့များကိုအခြေခံကာ အမျိုးသားအစောင့်တပ်ဖွဲ့ကို ထူထောင်မည်ဖြစ်ကြောင်း၊ ရုရှားနိုင်ငံ၏ မူးယစ်ဆေးဝါးနှိမ်နင်းရေး အေဂျင်စီနှင့် ဖက်ဒရယ်လူဝင်မှုကြီးကြပ်ရေးဌာနတို့ကို ပြည်ထဲရေးဝန်ကြီးဌာနအောက်တွင် ထားရှိမည်ဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားသည်။

အမျိုးသားအစောင့် တပ်ဖွဲ့ထူထောင်ရန် ခွင့်ပြုပေးသည့်အမိန့်ကို သမ္မတ ပူတင်က မေ ၅ ရက်တွင် ထုတ်ပြန်ပေးခဲ့သည်။

အသစ်ဖွဲ့စည်းမည့် အမျိုးသားအစောင့်တပ်ဖွဲ့၏ တာဝန်ဝတ္တရားများကို သတ်သတ်မှတ်မှတ် ပြဋ္ဌာန်းပေးထားသည်။

**ရိုက်တာ။**



# ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးလေတပ်ပိုင် လေယာဉ်တစ်စင်း ပျောက်ဆုံး

**တိုကျို မေ ၆**
ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးလေတပ်ပိုင် လေယာဉ်တစ်စင်းသည် ဂျပန်နိုင်ငံအနောက်တောင်ပိုင်း ကာဂိုရှီးမားစီရင်စုရှိ အခြေစိုက်စခန်းတစ်ခုမှ စတင်ထွက်ခွာပြီး မကြာမီတွင် ပျောက်ဆုံးသွားခဲ့ကြောင်း ဒေသန္တရသတင်းများ အရသိရသည်။

အဆိုပါ ယူ-၁၂၅ လေယာဉ်သည် မေ ၆ ရက် မွန်းလွဲ ၁ နာရီတွင် ကိုယ်ပိုင်ကာကွယ်ရေးလေတပ်၏ ကင်နိုရာအခြေစိုက်စခန်းမှ စတင်ထွက်ခွာခဲ့ကြောင်း သိရသည်။

နိုင်ငံပိုင်လေဆိပ်များအား ဝေဟင်မှ စစ်ဆေးကြည့်ရှုရန် လူခြောက်ဦးခန့် အဆိုပါလေယာဉ်ပေါ်တွင် လိုက်ပါစီးနင်းခဲ့သည်။ အခြေစိုက်စခန်း တာဝန်ရှိသူများ၏ အဆိုအရ လေယာဉ်သည် မွန်းလွဲ ၂ နာရီခွဲတွင် ရေဒါစနစ်မှပျောက်ကွယ်သွားပြီး မြေပြင်ထိန်းချုပ်ရေးစခန်းနှင့် အဆက်အသွယ်ပြတ်တောက်သွားကြောင်း သိရသည်။

ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်မတော်က ပျောက်ဆုံးလေယာဉ်အားရှာဖွေရန် ရဟတ်ယာဉ်များကို စေလွှတ်ထားပြီးဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**



# သူ့ရဲကောင်းမှ ဗီလိန်ဖြစ်သွားတဲ့ ဖာနန်ဒိုတောရက်စ် ဒိုင်လူကြီးအား ဝေဖန်



ချူးကမ့်ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ဘာစီလိုနာနှင့် အက်သလက်တီကိုအသင်းတို့၏ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်အား ကိုင်တွယ်ခဲ့သည့် ဒိုင်လူကြီး ဖိလစ်ဘာဒစ်ချ်မှာ ယခုကဲ့သို့ ပြိုင်ပွဲကြီးများအား ကိုင်တွယ်ရန် အဆင်သင့် အနေအထားရှိမနေခဲ့ကြောင်း အက်သလက်တီကိုတိုက်စစ်မှူး တောရက်စ်က ဝေဖန်လိုက်သည်။ တောရက်စ်သည် ယင်းပွဲစဉ်တွင် ပွဲချိန် ၂၅ မိနစ်၌ အဖွင့်ဂိုးသွင်းယူခဲ့သော်လည်း ပထမပိုင်းပြီးဆုံးရန် ၁၀ မိနစ်အလိုတွင် နှစ်ဝါ၊ တစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။

ယင်းနောက် ၁၀ ယောက်ကျန်အနေအထားဖြင့် ယှဉ်ပြိုင်ခဲ့ရသည့် အက်သလက်တီကိုမှာ ပွဲချိန်၆၃မိနစ်နှင့် ၇၄ မိနစ်တို့တွင် ဘာစီလိုနာတိုက်စစ်မှူး ဆွာရက်ဇ်၏ သွင်းဂိုးနှစ်ဂိုးအား ခွင့်ပြုခဲ့ရပြီးနောက် ပွဲအပြီးတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။ တောရက်စ်က ယင်းအနီကတ်ပြစ်ဒဏ်အတွက် သူ့ကိုယ်သူ အပြည့်အဝ တာဝန်ယူကြောင်း၊ သို့သော် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်အား တာဝန်ယူသည့် ဒိုင်လူကြီးတစ်ဦး၏ အရည်အသွေးမရှိသူအား ကိုင်တွယ်ခွင့်ပေးသည့် ယူအီးအက်ဖ်အေ၏ စီမံခန့်ခွဲမှုမှာ ရှက်စရာကောင်းကြောင်း ပွဲအပြီးတွင် ဝေဖန်စကားဆိုခဲ့သည်။ တောရက်စ်သည် ယင်းပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် ဘာစီလိုနာအား ရင်ဆိုင်ခဲ့သည့် စုစုပေါင်း ၁၉ ပွဲတွင် ၁၁ ဂိုးအထိ သွင်းယူနိုင်ခဲ့သည့် ကစားသမားလည်း ဖြစ်လာခဲ့သည်။

တောရက်စ်မှာ နေမာနှင့် ဘက်စကွက်စ်တို့အပေါ် မလိုလားအပ်ဘဲ ပြစ်ဒဏ်နှစ်ကြိမ် ကျူးလွန်ခဲ့သဖြင့် အနီကတ်ပြသခံရခြင်းမှာ ထိုက်တန်ခဲ့သည်။ သို့သော် အဆိုပါပွဲစဉ်တွင် ဘာစီလိုနာအတွက် သွင်းဂိုးနှစ်ဂိုးလုံး သွင်းယူခဲ့သူ ဆွာရက်ဇ်မှာလည်း အနီကတ်ပြထုတ်ပယ်ခံရရန် အခြေအနေမျိုးဖန်တီးခဲ့သေးသော်လည်း ဒိုင်လူကြီး ဖိလစ်ဘာဒစ်ချ်က လျစ်လျူရှုခဲ့သည်။ ဆွာရက်ဇ်သည် ပင်နယ်တီဧရိယာအတွင်း ဂျူအန်ဖရန်အား ခြေဖြင့် အထင်အရှားပင်ကန်ခဲ့သလို ဖိလစ်ပီလုဇ်၏ လည်ပင်းကိုလည်း ဆုပ်ကိုင်ခဲ့သော်လည်း ဒုတိယအပြုအမူအတွက်သာ အဝါကတ်တစ်ကြိမ်ပြသခဲ့သော ဒိုင်လူကြီး၏ လုပ်ရပ်မှာ အငြင်းပွားစရာ အခြေအနေတစ်ရပ်ကို ဖန်တီးပေးခဲ့ခြင်းပင်ဖြစ်သည်။ ယင်းမမျှတသည့် ဆုံးဖြတ်ချက်ကပင် ဘာစီလိုနာ၏ အနိုင်ရလဒ်ကို ပုံဖော်ပေးခဲ့ခြင်းဖြစ်သည်။

အက်သလက်တီကို နည်းပြ ဆီမြွန်နီက ဆွာရက်ဇ်နှင့်ပတ်သက်၍"သူက ပြစ်ဒဏ်နှစ်ကြိမ်ထက်မက ကျူးလွန်ခဲ့တာပါ။ ဒါပေမယ့် နှစ်ကြိမ်ပဲလို့ သတ်မှတ်ရင်လည်း ရပါတယ်။ ကျွန်တော်စဉ်းစားမိတဲ့အတိုင်း ထုတ်ပြောဖို့တော့ မဖြစ်နိုင်ပါဘူး။ မနှစ်က အာဒါတူရန်လည်း ဘာနေဗျူးမှာ အလားတူဖြစ်ရပ်ဖြစ်ခဲ့သေးပါတယ်။ ကျွန်တော်ပြောတာ ဘယ်လောက်အထိ မှန်ကန်တယ်ဆိုတာ တာဝန်ရှိသူတွေ သိပါတယ်"ဟု ဆိုလိုက်သည်။

အက်သလက်တီကိုနောက်ခံလူ ဖိလစ်ပီလုဇ်ကလည်း ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ဘာစီလိုနာနှင့် အက်သလက်တီကိုတို့ တွေ့ဆုံခဲ့စဉ်က မက်ဆီအား ဂုဏ်ခြေဖြင့် ကန်မိသဖြင့် တိုက်ရိုက်အနီကတ်ပြသကာ ထုတ်ပယ်ခဲ့သော်လည်း ဘာစီလိုနာကစားသမားများ ပြစ်ဒဏ်ဘယ်ပုံဘယ်နည်းဖြင့် ကျူးလွန်စေကာမူ ထုတ်ပယ်ခံရခြင်းမရှိခြင်းမှာလည်း စဉ်းစားစရာအခြေအနေပင်ဖြစ်ကြောင်း ဝေဖန်လိုက်သည်။

ဆွာရက်ဇ်ကမူ " တောရက်စ်ဟာ တကယ်ကို အရည်အသွေးရှိတဲ့ ကစားသမားဆိုတာ အားလုံးသိပါတယ်။ ဒါပေမယ့် သူက တကယ်ကြီးမားတဲ့ ပြစ်ဒဏ်နှစ်ကြိမ်တောင် ကျူးလွန်ခဲ့တာပါ။ ဒါက ဒိုင်ရဲ့ဆုံးဖြတ်ချက်ပါ။ ၁၁ယောက် ၁၁ယောက်ချင်း ယှဉ်ကစားရရင် ပိုကောင်းမှာဖြစ်ပြီး တစ်ယောက်လျော့အနေအထားနဲ့ အသင်းအပေါ် အနိုင်ယူနိုင်ခဲ့တာက မပြည့်စုံသလိုပါပဲ"ဟု မှတ်ချက်ပြုလိုက်သည်။

**ရှိုင်ယန်ဟောဒင် ရေးသားသည်**

# ဂွါဒီယိုလာ ထွက်ခွာသွားသော်လည်း ကင်မစ်ချ်နှင့် သီယာဂို ဘိုင်ယန်မြူးနစ်တွင် ဆက်ရှိမည်

လက်ရှိ ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဂွါဒီယိုလာသည် ယခုနှစ်ဘောလုံးရာသီကုန်တွင် ဘိုင်ယန်မြူးနစ်အသင်းမှ ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ပြီး ထိုသို့ မန်စီးတီးအသင်းသို့ ဂွါဒီယိုလာပြောင်းရွှေ့သွားသော်လည်း ဘိုင်ယန်မြူးနစ်လူငယ်ကစားသမားများဖြစ်ကြသည့် ကင်မစ်ချ်နှင့် သီယာဂိုတို့မှာ ဘိုင်ယန်မြူးနစ်အသင်းတွင် ဆက်ရှိနေမည်ဖြစ်ကြောင်း ကွင်းလယ်ကစားသမား ဇာဗီအလွန်ဆိုက ထုတ်ဖော်ပြောကြားလိုက်သည်။

နည်းပြဂွါဒီယိုလာ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားမည့်သတင်းကို ဖေဖော်ဝါရီလကတည်းက ဘိုင်ယန်မြူးနစ်အသင်းက တရားဝင်ထုတ်ပြန်ကြေညာထားခဲ့ပြီး လက်ရှိမန်စီးတီးအသင်းနည်းပြ ပယ်လီဂရီနီနေရာတွင် အစားထိုးခန့်အပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် လက်ရှိဘွန်ဒက်စ်လီဂါအမှတ်ပေးဇယားတွင် ဒုတိယနေရာမှ ရပ်တည်လျက်ရှိသည့် ဒေါ့မွန်အသင်းကို ငါးမှတ်ဖြတ်ကာ အမှတ်ပေးဇယားထိပ်ဆုံး၌ ဦးဆောင်လျက်ရှိသည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်ကစားပြီးနောက် ဂျာမန်ပိုကယ်ဖလားဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ဝါဒါဘရီမင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ထို့ကြောင့် လက်ရှိအနေအထားအရ ဘိုင်ယန်မြူးနစ်အသင်းသည် ဖလားသုံးလုံးရရှိမည့်လမ်းကြောင်းပေါ်တွင် ရပ်တည်လျက်ရှိပြီး ယခုနှစ်ဘောလုံးရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းအောင်မြင်မှုအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည့် ကစားသမားများစာရင်းတွင် အသက်(၂၁)နှစ်အရွယ်ရှိ ကင်မစ်ချ်နှင့် အသက်(၂၄)နှစ်အရွယ်ရှိ သီယာဂိုတို့လည်း ပါဝင်ခဲ့သည်။

သို့ရာတွင် ကင်မစ်ချ်နှင့် သီယာဂိုတို့မှာ အသင်းပြောင်းရွှေ့မည်မဟုတ်ဘဲ လာမည့်ရာသီတွင် နည်းပြဂွါဒီယိုလာမရှိတော့လျှင်လည်း ဘိုင်ယန်မြူးနစ်အသင်းတွင် ဆက်ရှိနေမည်ဖြစ်ကြောင်း ကွင်းလယ်ကစားသမား ဇာဗီအလွန်ဆိုက ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။ ကင်မစ်ချ်သည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲအရပ်ရပ်၌ ပွဲပေါင်း ၂၈ ပွဲပါဝင်ကစားပေးထားပြီး သီယာဂိုသည်လည်း ပွဲပေါင်း ၃၂ ပွဲ အထိ ပါဝင်ကစားပေးထားသည်။

**(ငွေကြယ်)**

# ဘာစီလိုနာနှင့် ရီးယဲလ်မက်ဒရစ်တို့အား ဒဏ်ရာပြဿနာကင်းစင်နေသည့် ဘိုင်ယန်မြူးနစ် အနိုင်ယူနိုင်စွမ်းရှိ

ဘိုင်ယန်မြူးနစ်အသင်းသည် ယခုအချိန်တွင် ဒဏ်ရာပြဿနာများ ကင်းစင်နေသဖြင့် ချန်ပီယံလိဂ်အင်အားကြီး ပြိုင်ဘက်များဖြစ်သည့် ဘာစီလိုနာနှင့် ရီးယဲလ်မက်ဒရစ်တို့ကိုပင် အနိုင်ယူနိုင်သော စွမ်းရည် အပြည့်ရှိကြောင်း ဘိုင်ယန်ကွင်းလယ်လူ ဇာဗီအလွန်ဆိုက ထုတ်ဖော်ပြောကြားလိုက်သည်။ ဘိုင်ယန်သည် ယမန်နှစ်က ဘာစီလိုနာအား အဝေးကွင်းတွင် သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယအကျော့တွင် သုံးဂိုး-နှစ်ဂိုးဖြင့် ပြန်လည်အနိုင်ကစားနိုင်ခဲ့သည်။

ယင်းသို့ ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းမှာ ရာသီနှောင်းပိုင်းခံစားခဲ့ရသည့် ဒဏ်ရာပြဿနာများ၏ နောက်ဆက်တွဲ ဆိုးကျိုးကြောင့်ဖြစ်ပြီး ယခုနှစ်တွင်မူ ယင်းအခြေအနေမျိုး ထပ်မံဖြစ်လာရန်မရှိကြောင်း ဆိုလိုက်သည်။ အလွန်ဆိုက ဘာစီလိုနာနှင့် ရီးယဲလ်မက်ဒရစ်သာမက ချန်ပီယံလိဂ်ပြိုင်ဘက်တိုင်းမှာ ခက်ခဲသည့်အတွက် ဘာမဆိုဖြစ်လာနိုင်ကြောင်းလည်း တစ်ဆက်တည်းပင် ပြောကြားခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ဧပြီ ၆ ရက်က ယှဉ်ပြိုင်ခဲ့သည့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဘင်ဖီကာအား တစ်ဂိုး-ဂိုးမရှိဖြင့်သာ အနိုင်ရရှိခဲ့ပြီး ဒုတိယအကျော့ကို ဧပြီ ၁၃ ရက်တွင် ယှဉ်ပြိုင်ကစားရဦးမည်ဖြစ်သည်။ သို့သော် အကြိုဗိုလ်လုပွဲအဆင့်သို့ နောက်ဆုံးသုံးနှစ်ဆက်တိုက် တက်ရောက်နိုင်ခဲ့သည့်ဘိုင်ယန်မှာ ရီးယဲလ်မက်ဒရစ်၊ ဘာစီလိုနာတို့ကိုသာ အဓိကပြိုင်ဘက်များအဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။

## ဗလင်စီယာကို ဆီဗီလာ အနိုင်ကစားဖို့ခက်ခဲမယ့်

## စပိန်လာလီဂါရင်ခုန်သံ - ၃၂

***စပိန်လီဂါပွဲစဉ်(၃၂)ကိုလာမယ့် ဧပြီလ ၉၊ ၁၀၊ ၁၁၊ ၁၂ ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ဗလင်စီယာနဲ့ဆီဗီလာတို့ ဆုံတွေ့တဲ့ပွဲကောင်းတွေ ပါဝင်နေလို့ စိတ်ဝင်စားဖို့ကောင်းမွန်နေကာ ဘာစီလိုနာနဲ့ရီးယဲလ်မက်ဒရစ်တို့အနေနဲ့လည်း အနိုင်ရယူနိုင်မလားဆိုတာကို စောင့်ကြည့်သွားရမှာဖြစ်ပါတယ်။***

**ရှိုင်းမင်းမင်း**

**ဂရန်နာဒါ-မာလာဂါ နံနက် ၁း၀၀ (၉-၄-၁၆)**

ဂရန်နာဒါဟာ တန်းမဆင်းရဖို့အတွက်အာမခံချက်လုံးဝမရှိသေးတာကြောင့် နောက်ပိုင်းပွဲတွေမှာအားစိုက်ကစားနေသလို ခြေစွမ်းပိုင်းလည်း ကောင်းမွန်နေပါတယ်။ အိမ်ကွင်းလည်းဖြစ်နေတာကြောင့် ဂရန်နာဒါတို့ ဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့ ပိုမိုအားစိုက်လာဖို့လည်းရှိနေပါတယ်။ ဒါ့အပြင် မာလာဂါကလည်း အဝေးကွင်းခြေအနည်းငယ်ကျဆင်းတတ်တာကြောင့် ဂရန်နာဒါတို့ သရေရလောက်ရမှာပါ။

**ရီးယဲလ်မက်ဒရစ်-အီဘား ည ၈း၃၀ (၉-၄-၁၆)**

ရီးယဲလ်မက်ဒရစ်ဟာ ချန်ပီယံဆုမျှော်မှန်းနိုင်ရေး ခက်ခဲမှုတွေရှိနေပေမယ့်လည်း ဒီလိုပွဲစဉ်မျိုးမှာတော့ အမှားအယွင်းအဖြစ်ခံမှာမဟုတ်ပါဘူး။ အိမ်ကွင်းလည်းဖြစ်နေကာ ရီးယဲလ်ဟာ အိမ်ကွင်းပွဲတွေမှာ အသင်းလိုက်ကစားပုံရော တိုက်စစ်ပိုင်းကပါ ပိုမိုကောင်းမွန်တတ်ပါတယ်။ အီဘားရဲ့ခံစစ်ကလည်း ကျစ်လျစ်မှုမရှိတာကြောင့် ဒီပွဲမှာ ရီးယဲလ်ကသာ ဖိအားပေးကစားကာ အနိုင်ယူသွားမှာပါ။

**အက်စပန်ညို-အက်သလက် ည ၁၀း၄၅ (၉-၄-၁၆)**

အက်သလက်တီကိုဟာ ခြေစွမ်းပိုင်းကောင်းမွန်တဲ့အသင်းဖြစ်သလို ဘာစီလိုနာကို ဖိအားပေးနိုင်ဖို့အတွက်လည်း အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့် အက်စ်ပန်ညိုကလည်း လက်ရှိအချိန်မှာခြေစွမ်းပိုင်းကောင်းမွန်နေသလို အိမ်ကွင်းအားနဲ့လည်း တုံ့ပြန်ကစားသွားမှာပါ။ အက်စ်ပန်ညိုအနေနဲ့ အိမ်ကွင်းပွဲတွေမှာလည်း ခြေကပိုမိုကောင်းမွန်တတ်တာကြောင့် အက်သလက်တီကို အခက်တွေ့နိုင်ကာ ကပ်ပြီးသာအနိုင်ရမယ်။

**ဆိုစီဒက်-ဘာစီလိုနာ နံနက် ၁း၀၀ (၁၀-၄-၁၆)**

ဘာစီလိုနာဟာ ခြေစွမ်းပိုင်းကောင်းမွန်နေသလို တိုက်စစ်ကလည်း ဂိုးသွင်းခြေထက်မြက်နေပါတယ်။ ဒီပွဲမှာလည်းချန်ပီယံဆုရယူနိုင်ရေးအတွက် အားစိုက်ကစားလာမှာလည်းသေချာနေပါတယ်။ ဘာစီလိုနာကသာ အဝေးကွင်းနိုင်ပွဲရယူသွားနိုင်မှာပါ။

**ဘက်တစ်- လီဗန်တေး နံနက် ၂း၃၅ (၁၀-၄-၁၆)**

လီဗန်တေးဟာ အမှတ်ပေးဇယားအောက်ဆုံးကို ရောက်ရှိနေကာ တန်းမဆင်းရဖို့ အားစိုက်ကစားနေပေမယ့်လည်းခြေကကျဆင်းနေပါတယ်။ ဘက်တစ်ကလည်း တန်းမဆင်းရဖို့ လုံလောက်တဲ့ အမှတ်မရရှိသေးတာကြောင့် အိမ်ကွင်းမှာ အားစိုက်ကစားလာမှာသေချာပါတယ်။ ဘက်တစ်ကပဲ အိမ်ကွင်းမှာ အနိုင်ရယူသွားနိုင်မှာပါ။

**ဂီဂွန်-ဆယ်တာဗီဂို ညနေ ၄း၃၀ (၁၀-၄-၁၆)**

ဂီဂွန်ဟာ တန်းမဆင်းရဖို့အတွက်အားစိုက်ကစားနေပေမယ့် ခြေစွမ်းပိုင်းကတော့ ကောင်းမွန်မှုမရှိပါဘူး။ ဆယ်တာဗီဂိုကတော့ ဥရောပဝင်ခွင့် ရယူနိုင်ရေးအားစိုက်ကစားနေသလို ခြေကလည်း ကောင်းမွန်နေပါတယ်။ အခုနောက်ပိုင်းပွဲတွေမှာ တိုက်စစ်ကစားပုံပိုမိုကောင်းမွန်လာတာကြောင့် အဝေးကွင်းဖြစ်ပေမယ့် ဂီဂွန်ကို ဖိအားပေးအနိုင်ကစားသွားနိုင်မှာပါ။

**ဗလင်စီယာ-ဆီဗီလာ ည ၈း၃၀ (၁၀-၄-၁၆)**

ဗလင်စီယာကတန်းဆင်းရမယ့် အခြေအနေအထိ အခြေအနေ ဆိုးလာတာကြောင့် နည်းပြကို ထုတ်ပယ်ကာ အပြောင်းအလဲပြုလုပ်ထားပါတယ်။ ဒါကြောင့် ဗလင်စီယာရဲ့ခြေစွမ်းပိုင်းကလည်း တိုးတက်မှုတွေ ရှိလာနိုင်ပါတယ်။ အိမ်ကွင်းလည်းဖြစ်နေတာကြောင့် ဗလင်စီယာတို့ နိုင်ပွဲရယူနိုင်ရေးပိုမိုအားစိုက်လာဖို့လည်း ရှိနေပါတယ်။ ဆီဗီလာကတော့ခြေကောင်းမွန်နေတယ်ဆိုပေမယ့် အဝေးကွင်းပွဲတွေမှာခြေက အနည်းငယ်ကျဆင်းတတ်ပါတယ်။ ဒီပွဲမှာတော့ ဗလင်စီယာတို့သရေလောက်ရမှာပါ။

**ဗီလာရီးယဲလ်-ဂီတာဖေး ည ၁၀း၄၅ (၁၀-၄-၁၆)**

ဗီလာရီးယဲလ်ဟာ အခုနောက်ပိုင်းမှာ ခြေစွမ်းပိုင်းအနည်းငယ်ကျဆင်းနေပါတယ်။ ဒါပေမယ့် ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ဖို့ အမှားမခံတဲ့အနေအထားကို ရောက်လာတာကြောင့် အခုအိမ်ကွင်းပွဲမှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဗီလာရီးယဲလ်ဟာ အိမ်ကွင်းပွဲတွေမှာလည်း ခြေကပိုမိုကောင်းမွန်တတ်ပါတယ်။ ဗီလာရီးယဲလ်ပဲအနိုင်ရမှာပါ။

**ဘီဘာအို-ဗယ်လက်ကာနို နံနက် ၁း၀၀ (၁၁-၄-၁၆)**

ဘီဘာအိုဟာ လက်ရှိအမှတ်ရရှိထားမှု အနေအထားအရ ဥရောပဝင်ခွင့်မျှော်လင့်နိုင်တဲ့ အနေအထားမှာ ရှိနေပါတယ်။ ဒါ့အပြင် အိမ်ကွင်းလည်းဖြစ်တာကြောင့် ဗယ်လက်ကာနိုကို ဖိအားပေးသွားနိုင်မှာပါ။ တန်းမဆင်းရဖို့ အားစိုက်ကစားနေတဲ့ ဗယ်လက်ကာနိုခြေကမဆိုးဘူးဆိုပေမယ့်လည်း ဒီပွဲမှာတော့ ဘီဘာအိုကသာ အိမ်ကွင်းအားနဲ့ထိန်းချုပ်ကစားပြီး နိုင်ပွဲလည်းရယူသွားနိုင်မှာပါ။

**ဒီပို့တီဗို-လက်စ်ပဲလ်မက်စ် နံနက် ၁း၀၀ (၁၂-၄-၁၆)**

တန်းမဆင်းရဖို့အတွက် အားစိုက်ကစားနေတဲ့ လက်စ်ပဲမက်စ်ဟာ ဒီနောက်ပိုင်းခြေကတောက်လျှောက်နီးပါး ကောင်းမွန်နေပါတယ်။ ဒီပွဲမှာလည်းတန်းမဆင်းရဖို့လုံလောက်တဲ့အမှတ်မရသေးလို့ လက်စ်ပဲလ်မက်စ်တို့ အားစိုက်ကစားလာဦးမှာသေချာနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ လက်စ်ပဲလ်မက်စ်တို့ အခွင့်အရေးရနိုင်ကာ အနိမ့်ဆုံးသရေလောက် ကစားသွားနိုင်ဖို့ရှိနေပါတယ်။

ကြေးမုံ
ဧပြီ ၇၊ ၂၀၁၆

# ပဲခူးတွင် မူးယစ်ဆေးဝါးများနှင့် လက်ပစ်ဗုံးတစ်လုံး သိမ်းဆည်းရမိ



**ပဲခူး ဧပြီ ၆**

ပဲခူးမြို့ ကျွန်းသာယာရပ်ကွက် မဇင်း(၁) လမ်းဆုံ၌ စခန်းမှူး ရဲအုပ် စိန်လွင်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် အောင်နိုင်ဝင်းနှင့်အဖွဲ့သည် ဧပြီ ၅ ရက် နံနက် ၁၁ နာရီခွဲက သတင်းအရသွားရောက်ရှာဖွေရာ MIKKO ဆိုင်ကယ် အနက်ရောင်တစ်စီးနှင့် မသင်္ကာဖွယ်ရာ လူတစ်ဦးအား တွေ့ရှိ၍စစ်ဆေးရာ ဝေါမြို့နယ် ညောင်ကိုင်းကျေးရွာနေ ကြည်စိန်(ခ) အညာသား (၄၂) နှစ်ဖြစ်ပြီး ၎င်းလွယ်ထားသော Chengfeng စာတမ်းပါ ပြောက်ကျားအိတ်အား သက်သေများရှေ့တွင် ရှာဖွေစစ်ဆေးရာ စိတ်ကြွဆေးပြား ခုနစ်ပြားနှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် သတ္တုခဲပတ်တစ်ခု ၊ လေးလက်မခန့်အရှည်ရှိသော သတ္တုပိုက်တံတစ်ခု၊ လေးလက်မခန့်ရှိသည့် အပေါက်ပါ ဝါးချောင်း တစ်ခု၊ Huawei အမျိုးအစား (Y 300) ဖုန်းတစ်လုံး၊ Win Phone WO 65 စာတန်းပါ ဖုန်းတစ်လုံး၊ Phone battery (wp) တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ရဲအုပ်စိန်လွင် ဦးဆောင်သောအဖွဲ့သည် မွန်းလွဲ ၁ နာရီခွဲက သက်သေများနှင့်အတူ ကြည်စိန် (ခ )အညာသား နေထိုင်ရာ ဆောက်လုပ်ဆဲ ဘုရင့်နောင် (၁) လမ်း မဇင်းရပ်ကွက်နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ YAESU အမျိုးအစား လက်ကိုင်စကားပြောစက်တစ်လုံး၊ လုံးပတ် ခြောက်လက်မ၊ အမြင့် လေးလက်မခန့်ရှိ လက်ပစ်ဗုံးတစ်လုံး၊ KNU / KNLA/ PC စာတန်းပါ ပြောက်ကျားအင်္ကျီလက်ရှည်တစ်ထည်တို့အား သက်သေများ ရှေ့တွင် ရှာဖွေသိမ်းဆည်းနိုင်ခဲ့သည်။

အဆိုပါ ကြည်စိန်( ခ ) အညာသားအား ပဲခူးအမှတ် (၂) ရဲစခန်းက အမှုဖွင့်အရေးယူ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(သူရအောင်)**

# ပုလဲမြို့နယ်တွင် သစ်မျိုးစုံ ၃၇ တန်ကျော် ပိုင်ရှင်မဲ့ သိမ်းဆည်းရမိ

**ပုလဲ ဧပြီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် သစ်တောဦးစီးဌာနသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ တရားမဝင် သစ်များခိုးယူခြင်း၊ ခုတ်လှဲခြင်း၊ သယ်ဆောင်ခြင်းများကို စီမံချက်ချပြီး စစ်ကြောင်းအသွင်ဖြင့် ကာကွယ်ဖမ်းဆီးလျက်ရှိရာ ဧပြီ ၃ ရက်က ပိုင်ရှင်မဲ့ သစ်မျိုးစုံ ၃၇ တန်ကျော်ကို သိမ်းဆည်းရမိခဲ့သည်။

ယင်းမာပင်ခရိုင်နှင့် ပုလဲမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် ချင်ပြစ် ရဲစခန်းမှူး ရဲအုပ်ကျော်ဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မရိုးတုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးနေလင်းနှင့် ပူးပေါင်းအဖွဲ့သည် ဧပြီ ၃ ရက်က မရိုးတုန်း (အရှေ့) ကျေးရွာ ဘုန်းတော်ကြီးကျောင်းအနီးတွင် ပိတောက်ခွဲသား ၄၈ ချောင်း (၇ ဒသမ ၀၈၅၀၉ တန်)၊ မရိုးတုန်းကျေးရွာ၏ အနောက်တောင်ဘက် တစ်မိုင်ခန့်အကွာတွင် ကျွန်းခွဲသား ၁၀၄ ချောင်း (၃ ဒသမ ၈၂၀၀ တန်)၊ ပိတောက်ခွဲသား ၄၇ ချောင်း (၄ ဒသမ ၄၄၉၄ တန်)၊ ပိတောက်ယောင်ခြမ်းတစ်ချောင်း (၀ ဒသမ ၂၂၇၀ တန်)၊ မရိုးတုန်း(အရှေ့) ကျေးရွာ၏ တောင်ဘက် တစ်မိုင်ခန့်အကွာတွင် ပိတောက်ခွဲသား ၈၄ ချောင်း (၆ ဒသမ ၁၅၄၆ တန်)၊ ပိတောက်ယောင်ခြမ်း သုံးချောင်း ( ၀ ဒသမ ၅၄၆၀ တန်)၊ ကျွန်းခွဲသား ၁၀ ချောင်း ( ၁ ဒသမ ၇၄၀၆ တန်)၊ ပိတောက်ခွဲသား ၅၀ ချောင်း ( ၇ ဒသမ ၆၇၈၄ တန် )၊ ပိတောက်သစ်ခုနစ်ချောင်း ( ၁ ဒသမ ၁၉၈ တန်)၊ ပိတောက်ခွဲသား ၂၃ချောင်း (၃ ဒသမ ၆၆၄၆ တန်)၊ ပိတောက်ယောင်ခြမ်း သုံးချောင်း (၀ ဒသမ ၅၃၈၀ တန်) စုစုပေါင်း သစ်မျိုးစုံ ၃၇ ဒသမ ၁၀၁၆ တန်အားပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။



ပုလဲမြို့နယ် မရိုးတုန်းကျေးရွာအုပ်စု ဧရိယာအတွင်း ဧပြီ ၃ ရက်က ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသော သစ်များကို တွေ့ရစဉ်။

အဆိုပါ ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည့် တရားမဝင် သစ်မျိုးစုံ ၃၇ တန်ကျော်ကို ပုလဲမြို့နယ် သစ်တောဦးစီးဌာန၌ ထိန်းသိမ်းထားရှိကြောင်းနှင့် သစ်တောဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း တရားမဝင်သစ်ထုတ်လုပ်မှု လျော့နည်းပပျောက်စေရေးအတွက် ကျေးရွာများသို့ကွင်းဆင်း၍ ပညာပေးဟောပြောဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ ဖမ်းဆီးအရေးယူခြင်းလုပ်ငန်းများကိုလည်း အရှိန်တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းခန့်စိုး( ဇေယျာမြေ)**



# နောင်တရားမြို့နယ်တွင် ဘိန်းစိမ်းနှင့် ဘိန်းဆီခဲများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၆**

မူးယစ်တပ်ဖွဲ့စု(၂၆) ပင်လောင်းမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၃ ရက်က နောင်တရားမြို့နယ် နန်းပုလင်းကျေးရွာအုပ်စု လိုက်ပေကျေးရွာနေ ခွန်မောင်ပေ၏နေအိမ်ကို ရှာဖွေရာ ၎င်းအားမတွေ့ရဘဲ သားဖြစ်သူ ခွန်စိုးသိန်းအားတွေ့ရပြီး ဘိန်းစိမ်း ၈ ဒသမ ၁ ကီလို၊ ဘိန်းဆီခဲ ၁ ဒသမ ၈ ကီလိုနှင့် မြန်မာငွေကျပ် ၁ ဒသမ ၅ သိန်းတို့ကို သိမ်းဆည်းရမိသည်။**(အပေါ်ပုံ)**

ထို့အတူ ဧပြီ ၂ ရက်က မဘိမ်းမြို့နယ် (ဒေသအခေါ် ကွင်းကိုးဆယ်)ရှိ မနန်းအောင်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၂၀၀၀ နှင့် ဘိန်းဖြူ ၃၆ ဂရမ်ကို လည်းကောင်း၊ အလားတူ ယင်းနေ့က မဘိမ်းမြို့နယ် ငို့စင်ကျေးရွာအနီး ကျော်ရဲအောင် မောင်းနှင်လာသည့်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀ ကို သိမ်းဆည်းရမိ သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

# ရိုးပြတ်မီးရှို့ရာမှ နေအိမ်နှစ်လုံး မီးလောင်ကျွမ်း

**ကျုံပျော် ဧပြီ ၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ဆောက်ဝိုင်းအုပ်စု သခွတ်ကုန်းကျေးရွာတွင် ဧပြီ ၅ ရက် ညနေ ၃ နာရီ ၁၀ မိနစ်က ရိုးပြတ်မီးရှို့ရာမှ နေအိမ်နှစ်လုံးသို့ မီးကူးစက်လောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါကျေးရွာနေ လွင်အောင်(လယ်စာရင်းဌားလုပ်ကိုင်သူ)က လယ်အတွင်း ရိုးပြတ်များ မီးရှို့ရာ လေတိုက်ခတ်မှုကြောင့် မီးလောင်ကျွမ်းမှုများပြားကာ ကျေးရွာရှိ လူနေအိမ်သို့ မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးလောင်ကျွမ်းမှုကြောင့် ဓနိမိုး၊ ထရံကာ၊ ပျဉ်ခင်း အိမ်နှစ်လုံး ဆုံးရှုံးခဲ့ရကြောင်း သိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

**ဘဏ်ပိတ်ရက်ကြော်ငြာ**

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၁ ရက်မှ ၂၀ရက်ထိ (၁၀)ရက်တိတိ၊ "မြန်မာနှစ်သစ်ကူးနေ့"များသည် အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

**ဖခင်အမည်မှန်**

လသာမြို့နယ်၊ အထက(၁) ပဋ္ဌမတန်းမှ မောင်ဝေယံဖြိုး၏ ဖခင် အမည်မှန်မှာ ဦးလင်းလင်းလတ်[၁၂/မဂတ(နိုင်)၀၇၂၄၂၅]ဖြစ်ပါကြောင်း။

ဦးလင်းလင်းလတ်

**ASIA KING** အမှတ်-၄၁၂(မြေညီ)၊ ညောင်လေးလမ်း၊ တာမွေ (မိုးကြီးအိုးဝင်မှတ်တိုင်)

သင်္ကြန်ခရီးစဉ်များ Apr 11,12,17,22 ထွက်မည်။ ✤ 09-43114301, 09-420221257

✤ပုဂံ၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ ကျောက်စိမ်း Guest 100000/Hotel 160000
✤ပုဂံ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော် Guest 100000/Hotel 160000
✤ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ Hotel 100000 ရွှေစက်တော်ပါ Guest 100000/Hotel 160000
✤ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး Guest 130000/Hotel 180000
✤မန္တလေး၊ စစ်ကိုင်း၊ အလောင်းတော်၊ မုံရွာ၊ ကျောက်စိမ်း Guest 100000/Hotel 160000
✤မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်၊ ကျောက်စိမ်း၊ မြေပြာအိုင် Guest 100000/Hotel 160000
✤တောင်ကြီး၊ အင်းလေး၊ ထမ့်စမ်း၊ ကက္ကူ Guest 90000 –လှိုင်ကော်ပါ Guest 120000

ခရီးစဉ်အားလုံး Fully Air-con Bus✤ အိမ်အရောက်လက်မှတ်ပို့ ✤တစ်ဆင့်သွားခြင်း ✤ Hotel/Guest အဆင့်မြင့်ခရီးစဉ်

**စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း**

မကွေးမြို့နေ (ဦးမောင်မောင်ဆန်း)-ဒေါ်မြင့်မြင့်ရီတို့၏သား
မောင်မျိုးဇော်ထွန်း
**First Engineer (JSM Ship Management Co.,Ltd.)**
**IMT CD 28/CE.26.B.A(English)**
နှင့်
ရန်ကုန်မြို့နေ ဦးမြင့်ဆွေ [ဦးစီးအရာရှိ-ငြိမ်း၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန]-ဒေါ်ဝင်းတင် တို့၏တစ်ဦးတည်းသောသမီး
မအိမွန်ဆွေ
**A/S (KBZ BANK)**
**MBA, B.Com, DBL, LCCI Level III(UK)**
**SEAMEO CHAT (DIPLOMA IN ENGLISH)**

တို့သည် ရန်ကုန်မြို့ M-3 FOOD CENTER ၌ ၂၆-၃-၂၀၁၆ရက်(စနေနေ့)တွင် နှစ်ဖက်မိဘဆွေမျိုးများနှင့် မိတ်သင်္ဂဟများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်မျိုးဇော်ထွန်း-မအိမွန်ဆွေ**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

**ကန့်ကွက်နိုင်ရန် ကြော်ငြာခြင်း**

မိတ္ထီလာမြို့၊ မြို့မ(၄)ရပ်ကွက်၊ အကွက်အမှတ်-၂/မင်းရပ်၊ ဦးပိုင်အမှတ်(၁၁)၊ မြေကွက်အမှတ်(၁၄)၊ ဧရိယာဧက (၀. ၀၆၄) ကေသည် ဒေါ်သန်းစိန် အမည်ဖြင့် အမှုတွဲအမှတ် ၆/၁၉၇၈-၇၉ အရ (၁၂-၁၀-၁၉၉၈)ရက်အထိ (၁၅)နှစ် ဂရန်ရရှိခဲ့ရာ ဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ထုတ်ပေးနိုင်ပါရန် သက်ဆိုင်ရာ ရပ်ကွက်ထောက်ခံချက်၊ မြို့မရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာတွင် မြို့နယ်စာချုပ်စာတမ်းဌာနမှုးရုံး မှတ်ပုံတင်အမှတ်-၈၉/၂၀၁၆ ဖြင့် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မိမိတို့၏ ပိုင်ဆိုင်မှု အထောက်အထားများနှင့်အတူ ကန့်ကွက်လွှာ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မိတ္ထီလာမြို့**

## မုံရွာခရိုင် ချောင်းဦး၌ နွေရာသီ အားကစား သင်တန်းဆင်းပွဲကျင်းပ

**ချောင်းဦး မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့၌ နွေရာသီအားကစား သင်တန်းဆင်းပွဲကို မတ် ၃၁ ရက် နံနက် ၈ နာရီခွဲ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ချောင်းဦးမြို့နယ် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထွေထွေကိစ္စရပ်များ လေ့လာသုံးသပ်ဆန်းစစ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးစောလှထွန်းနှင့် မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်းတို့က အမှာစကားပြောကြားပြီး မြန်မာ့သိုင်း သင်တန်းသား၊ သင်တန်းသူများက နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် မြန်မာ့သိုင်းပညာကို သရုပ်ပြကစားခဲ့ကြောင်း သိရသည်။

ယင်းနောက် ချောင်းဦးမြို့နယ် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထွေထွေကိစ္စရပ်များ လေ့လာသုံးသပ်ဆန်းစစ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးစောလှထွန်းက သင်တန်းဆရာများကိုယ်စား သင်တန်းနည်းပြဆရာဦးဇော်လင်းထံသို့ ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်းက သင်တန်းသားခေါင်းဆောင် မောင်ဟိန်းရာဇာထက်ထံသို့ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## White Generations အဖွဲ့မှ နွေရာသီကွန်ပျူတာသင်တန်း အခမဲ့ဖွင့်လှစ်သင်ကြားပေး

**ကျောက်ပန်းတောင်း မေ ၆**



မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ရွှေနဒီပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် နွေရာသီကာလ ကလေး၊ လူငယ်များအချိန်ကို အကျိုးရှိစွာအသုံးချနိုင်စေရန်နှင့် ကွန်ပျူတာအတတ်ပညာကိုခေတ်နှင့်အညီ သင်ကြားတတ်မြောက်နိုင်စေရန် ရည်ရွယ်၍ ရွှေနဒီပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၏အစီအစဉ်ဖြင့် အခမဲ့သင်ကြားပေးမည့် နွေရာသီကွန်ပျူတာသင်တန်းကို မေ ၄ ရက် နံနက် ၉ နာရီက စတင်ဖွင့်လှစ် သင်ကြားပေးခဲ့ကြောင်း သိရသည်။

"ဒီသင်တန်းဖွင့်လှစ်ရတဲ့ ရည်ရွယ်ချက်ကတော့ ခေတ်ရဲ့လိုအပ်ချက်အရမဖြစ်မနေ တတ်သင့်တဲ့ပညာရပ်တစ်ခုဖြစ်တာကတစ်ကြောင်း၊ နောက်ပြီး အပြင်မှာ သင်ယူဖို့အတွက် ငွေကြေးအခက်အခဲရှိတဲ့ ကလေးတွေအတွက်လည်း အခုလိုအခမဲ့ သင်ကြားပေးခြင်းအားဖြင့် ကလေးတွေရဲ့ အတတ်ပညာတတ်မြှောက်မှုကို ဖြည့်ဆည်းပေးရာ ရောက်တာကတစ်ကြောင်းတို့ကြောင့် ဦးဇင်းအနေနဲ့ ဒီကွန်ပျူတာသင်တန်းကို ဖွင့်ပေးဖြစ်တာပါ။ အထောက်အကူပြု ပစ္စည်းအနေနဲ့ကတော့ ဦးဇင်း ဒီလိုသင်တန်းလေးတွေ ဖွင့်ချင်ရင်ဖွင့်လို့ရအောင် လာလှူထားကြတဲ့ ကွန်ပျူတာ အစုံ ၃၀ ရှိပါတယ်။ နေရာထိုင်ခင်းကလည်း အဆင်သင့်ပါပဲ။ သင်ကြားပေးမယ့် နည်းပြဆရာ၊ ဆရာမတွေကိုတော့ ရန်ကုန်က စေတနာအလှူ့ကူညီမယ့်အဖွဲ့ကို အကူအညီတောင်းထားတာပါ" ဟု ရွှေနဒီပရဟိတကျောင်းဆရာတော်ဦးယုဇနက မိန့်ကြားသည်။

အဆိုပါကျောင်းတွင် ကွန်ပျူတာအစုံ ၃၀ ရှိသည့်အတွက်၊ Section တစ်ခုလျှင် လူ ၃၀ စီဖြင့် တစ်နေ့လျှင် Section ငါးခုခွဲ၍ သင်ကြားပေးမည်ဖြစ်ကြောင်းလည်းသိရသည်။ သင်တန်းများကို ပညာအရည်အချင်းအလိုက်ခွဲ၍ (၉) တန်း၊ (၁၀)တန်း၊ ကျောင်းသား၊ ကျောင်းသူများကို Section 1-2၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ဘွဲ့ရများကို Section 3 နှင့် စတုတ္ထတန်းမှ အဋ္ဌမတန်းအထိ ကျောင်းသားငယ်များကို Section 4/3 ဟူ၍ ခွဲခြားထားခြင်းဖြစ်ကြောင်းသိရသည်။ အဆိုပါကွန်ပျူတာသင်တန်းကို ရန်ကုန်မြို့မှ White Generations အဖွဲ့မှ လူငယ်များက ပညာဒါနပြုသင်ကြားပေးသွားမည်ဖြစ်သည်။

"ကျွန်မတို့က White Generations အဖွဲ့က Volunteers တွေပါ။ ကျွန်မတို့အဖွဲ့က သစ်ပင်စိုက်တာတို့ ကျေးရွာတွေမှာ ရွှေ့လျားစာကြည့်တိုက်လေးတွေ ဖွင့်တာတို့ လုပ်ပေးပါတယ်။ အခုလည်း ဒီအညာဒေသ ညောင်ဦးနယ်မှာ သစ်ပင်စိုက်ဖို့ ကိစ္စနဲ့ပတ်သက်ပြီး ဆရာတော်နဲ့ဆက်သွယ်မိတာပါ။ ကျွန်မတို့လုပ်ငန်းအတွက် ဆရာတော်က သစ်ပင်ကို လိုသလောက်ထောက်ပံ့ပေးမယ်ဆိုတော့ ကျွန်မတို့ဘက်ကလည်း တစ်ခုခု ပြန်ပြီးကူညီချင်တာနဲ့ အခု ဆရာတော်ဖွင့်ချင်တဲ့ ဒီကွန်ပျူတာသင်တန်းမှာ ပညာဒါနအနေနဲ့ ကုသိုလ်ဖြစ်လာသင်ပေးကြတာပါ" ဟု White Generations အဖွဲ့မှ ခေါင်းဆောင်ဖြစ်သူ ဒေါ်စုဝတ်ရည်နှင်းကပြောသည်။

ရွှေနဒီပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ယခုဖွင့်လှစ်နေသည့်အခမဲ့ ကွန်ပျူတာသင်တန်းကို အဆိုပါအဖွဲ့မှ အဖွဲ့ဝင်ငါးဦးဖြင့် နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ သင်တန်းသား ၁၅၀ ကို သင်တန်းချိန် ငါးချိန် ဖွင့်လှစ်၍ သင်ယူတတ်မြောက်မှု စွမ်းရည်အလိုက် သင်ခန်းစာများကိုတိုးမြှင့် သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ မေ ၄ ရက်မှ မေ ၅ ရက်အထိဖြစ်ကြောင်းသိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## စဉ့်ကိုင်မြို့နယ်မုန့်ပေါင်းကျေးရွာတွင်မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကွင်းဆင်းစစ်ဆေး

**စဉ့်ကိုင် မေ ၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် အတွင်းရှိ ကျေးလက်နေပြည်သူများဆင်းရဲမှု လျှော့ချပြီး လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရေး အတွက် စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ၁၄ ရွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အနက် မေ ၅ ရက် နံနက် ၉ နာရီက မုန့်ပေါင်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများကို စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မာစန်းနှင့် ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



စဉ့်ကိုင်မြို့နယ် မုန့်ပေါင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများကွင်းဆင်းစစ်ဆေးရာတွင် အရင်းမပျောက်လည်ပတ် ရန်ပုံငွေ၊ ငွေရင်းများ ထိန်းသိမ်းထားရှိမှု၊ ကျေးရွာပြည်သူများ၏ ဘဝဖွံ့ဖြိုးတိုးတက်စေမည့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ ရေလုပ်ငန်းများနှင့် အသေးစားကုန်ထုတ်လုပ်ငန်းများ လက်တွေ့ဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီးလိုအပ်သည့် စာရင်းဇယားများ ဆောင်ရွက်ထားရှိမှုများကို စနစ်တကျသင်ကြားပြသပေးခဲ့ကြကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

## ပါဠိပထမပြန်စာမေးပွဲများ မလှိုင်မြို့နယ်၌ကျင်းပ

**မလှိုင် မေ ၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပသော ၂၀၁၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲများကိုမတ် ၃၁ ရက်မှ စတင်၍ မေ ၆ ရက်ထိ မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် ဖြေဆိုလျက်ရှိကြောင်းသိရသည်။

ပထမပြန်စာမေးပွဲတွင် မလှိုင်မြို့နယ်အတွင်းရှိ စာသင်တိုက်များမှ ပထမကြီးတန်း ၂၅ ပါး၊ ပထမလတ်တန်း ၁၃ ပါး၊ ပထမငယ်တန်း ၃၀ ပါး စုစုပေါင်း စာရင်းရှိ ၆၈ ပါး (သီလရှင်အပါဝင်) ဖြစ်၍ မေ ၄ ရက်ထိ ပျက်ကွက် ၁၀ ပါးရှိပြီး စုစုပေါင်းဖြေဆိုသူ ၅၈ ပါး (သီလရှင်အပါအဝင်) ဖြေဆိုလျက်ရှိကြောင်း သိရသည်။

စာဖြေသံဃာတော်များအား မြို့နယ်အုပ်ချုပ်ရေးမှူး အမှူးပြုသော ဌာနဆိုင်ရာများ၊ စေတနာရှင်၊ အလှူရှင်များကအလှူညီ့ကျ ဆွမ်း၊ ဘောဇဉ်များ ဆက်ကပ်လှူဒါန်းပြီး ကုသိုလ်ပြုကြသည်။ **အောင်ငွေး(မလှိုင်)**

## နယ်စပ်ရေးရာ ပူးပေါင်းဆောင်ရွက်မှု စွမ်းရည်မြှင့် သင်တန်းဖွင့်

**တနင်္သာရီ မေ ၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှဦးစီး၍ နှစ်နိုင်ငံထိစပ်နေသည့် နယ်နိမိတ်မှတ်တိုင်များအား သိရှိနားလည်တတ်ကျွမ်းပြီး ထိန်းသိမ်းနိုင်ရန်အလို့ငှာ ဖွင့်လှစ်သောနယ်နိမိတ်ရေးရာ၊ နယ်စပ်ရေးရာပူးပေါင်းဆောင်ရွက်မှု စွမ်းရည်မြှင့် သင်တန်းဖွင့်ပွဲ အခမ်းအနားကို တနင်္သာရီခန်းမအတွင်း မေ ၅ ရက် နံနက် ၈ နာရီက ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗမာတောင်ဒေသ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာနနှင့် မြို့နယ်လမ်းဦးစီးဌာနတို့မှ တာဝန်ရှိသူများမှ နှစ်နိုင်ငံ သံတမန်နည်းလမ်းအရ နယ်နိမိတ်မှတ်တိုင်များအား ထိန်းသိမ်းခြင်း၊ စစ်ဆေးခြင်းဆိုင်ရာများ၊ နယ်စပ်စောင့်ကြည့်ရေးအဖွဲ့ဖွဲ့၍သုံးလတစ်ကြိမ် စဉ်ဆက်မပြတ် စောင့်ကြည့်ရေးဆိုင်ရာများကို Power Point ဖြင့် မေ ၅ ရက်မှ ၆ ရက် အထိ နှစ်ရက်တာပို့ချပေးခဲ့ကြောင်းသိရသည်။

အဆိုပါ နယ်စပ်ရေးရာ ပူးပေါင်းဆောင်ရွက်မှုစွမ်းရည်မြှင့် သင်တန်းသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ရပ်ကွက်၊ ကျေးရွာ ၂၁ အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးများတက်ရောက်ခဲ့ပြီး စုစုပေါင်း သင်တန်းသူ သင်တန်းသား ၇၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ထိန်ဝင်း(ပြန်ဆက်)**

## ဆင်ပေါင်ဝဲမြို့၌ နဝမတန်း ပြင်ပဖြေဆိုမှု မေ ၁၈ ရက်နောက်ဆုံးထား၍ လျှောက်ထားနိုင်

**ဆင်ပေါင်ဝဲ မေ ၆**

ဆင်ပေါင်ဝဲမြို့၌ နဝမတန်း (ပြင်ပဖြေ) ဖြေဆိုနိုင်ရန်အတွက် မြို့နယ်တွင်းရှိ နဝမတန်း (ပြင်ပဖြေ )ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများသည် လျှောက်လွှာများကို မေ ၁၈ ရက် နောက်ဆုံးထား၍ မြို့နယ်ပညာရေးမှူးရုံးသို့ လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။။

လျှောက်ထားရာတွင် နောက်ဆုံးသင်ယူခဲ့သောအတန်း၏ ကျောင်းထွက်လက်မှတ်နှင့် နောက်ဆုံးသင်ယူခဲ့သော အတန်း၏ ခုံအမှတ်ပါ တင်ပြကြရမည်ဖြစ်ပြီး နဝမတန်းပြင်ပဖြေဆိုသူများအား မေ ၂ ရက် မှ မေ ၁၀ ရက်အတွင်း မြို့နယ်အခြေခံပညာ အထက်တန်းကျောင်းတွင် စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမျိုး (ဆင်ပေါင်ဝဲ)**

## ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ကလေးဗဟိုပြုချဉ်းကပ်နည်း မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်

**စစ်တွေ မေ ၆**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပေါက်တောမြို့နယ်လုံးကျွတ် အလယ်တန်းပြ၊ မူလတန်းပြ ဆရာ၊ ဆရာမများကို ကလေးဗဟိုပြုချဉ်းကပ်နည်း(CCA) မြို့နယ်အဆင့် ဆင့်ပွားသင်တန်းကို ပေါက်တောမြို့နယ် အ-ထ-က ကျောင်း အစည်းအဝေးခန်းမ၌မေ ၄ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်နယ်ပညာရေးမှူး ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်လှက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးမောင်ညွန့်က (CCA) သင်တန်းနှင့် ပတ်သက်သည့်အကြောင်းအရာများ အစီစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ကျောင်းဆရာ၊ ဆရာမများစုစုပေါင်းအင်အား ၆၉၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၄ ရက်မှ ၈ ရက်ထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဆန်းဝင်း(ခရိုင်ပြန်/ဆက်)**


SONY
SONY DAYS
PROMOTION
2016
11TH MAR ~ 11TH APRIL
SPECIAL ITEMS !!!
4K ANDROID TV™ • X SERIES
KD-65X8500C
KD-75X8500C
KD-55/65X9000C
WORLD THINNEST 4K* LCD TV
KD-65X9300C
*4K: 3,840 x 2160 PIXELS
FREE GIFT
FREE GIFT
FREE GIFT
FREE GIFT
ILCE-7R
10% Discount
• 36.4MP 35mm full-frame Exmor™ CMOS sensor
• Full HD movie recording with advanced audio functions
• ISO 50 - 25600 • Fast Intelligent AF
• No optical lowpass filter
FREE GIFT
ILCE-7K
10% Discount
ILCE-7 Body + SEL2870 lens
• 24.3MP 35mm full-frame Exmor™ CMOS sensor
• Full HD movie recording with advanced audio functions
• ISO 100 - 25600 • Enhanced fast hybrid AF
FREE GIFT
PlayStation® 4
Main processor :
• Single-chip custom processor
• CPU: low power x86-64 AMD "Jaguar", 8 cores
• GPU: 1.84 TFLOPS, AMD next-generation Radeon™ based graphics engine
• Memory : GDDR5 8GB
• Storage size : 500GB Hard disk drive.
Sony's Android TV™
KD-X8500C
55"
KD-X8300C
43"
49"
KD-X8000C
49"
KDL-W800C
43"
50"
55"
" ကြည်နူးပျော်ရာ နှစ်သစ်ကူးအချိန်ခါတွင် Sony ၏ Android TV™ နှင့် 4K TV များ ဝယ်ယူရင်း
အဖိုးတန် Hi-Fi စက်ကြီးတွေ၊ 3D Blu-ray™ Home Theatre, PS4™ Game စက်နှင့် HDMI™ DVD Player များကို လက်ဆောင်ရယူလိုက်ပါ "
Camera နှင့် Mobile Phone များတွင်လည်း အဖိုးတန်နှစ်သစ်ကူးလက်ဆောင်များစွာ ထည့်ပေးထားပါတယ်။
SONY SHOWROOM
Official Warranty by: TMW Enterprise Limited
Yangon : Kabar Aye, Tel: 01-546006, 401416 , Bo Aung Kyaw, Tel : 01-398566, 398563 , Gamone Pwint Shopping Mall, Tel : 09 73119900 ,
Mandalay : TMW Tower, Tel: 02-72580~4 , Yadanarpon Diamond Plaza, Tel: 09-91008417 | Nay Pyi Taw, Tel: 067-420791, 420966
အမြို့မြို့ အနယ်နယ်ရှိ Wai Yan Electronics နှင့် Dealer ဆိုင်ကြီးများတွင်လည်း Official Warranty ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
Like Us On http://www.facebook.com/tmwmm
Buy Smart, Be Assured!
Insist on Official Warranty, It makes a difference!

## ကြော်ငြာ

### စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂)သို့ ဖိတ်ကြားခြင်း

၁၉၆၆ခုနှစ်၊ ဇွန်လ ၆ ရက် (၆-၆-၆၆) ရက်တွင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂) တက်ရောက်ခဲ့ကြသော သူငယ်ချင်းတို့သည် ၂၀၁၆ခုနှစ်၊ ဇွန်လ ၆ ရက် (၆-၆-၁၆) ရက်တွင် ရွှေရတု နှစ်(၅၀)ပြည့်မြောက်တော့မည်ဖြစ်ပါသည်။

ကျဆုံး/ကွယ်လွန်သူများအား ရည်စူး၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအတိုင်းကျင်းပမည်-

**ရက်ချိန်**-၂၃-၄-၂၀၁၆ ရက် (စနေနေ့) နံနက် ၉း၃၀ နာရီ

သံဃာတော်(၉)ပါးအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး အမျှပေးဝေခြင်း

**နေရာ** - ပုညနိယာမရွှေသုဝဏ်ကျောင်းတိုက်၊ အောင်ရတနာလမ်း၊ သဃ်န်းကျွန်းမြို့နယ်။

(မိသားစုဝင်များနှင့် ဦးစီးကော်မတီဝင်များ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။)

နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် မိတ်ဆုံညစာစားပွဲကို အောက်ပါအတိုင်း ကျင်းပမည်-

**ရက်ချိန်** - ၆-၆-၂၀၁၆ ရက် (တနင်္လာနေ့) ညနေ ၁၈း၃၀ နာရီ

**နေရာ** - Yangon Hotel ၈ မိုင်လမ်းဆုံ၊ မရမ်းကုန်းမြို့နယ်။

(သူငယ်ချင်းများ၊ မိသားစုဝင်များ စုံညီစွာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။)

**လေးစားစွာဖြင့်**
**အမှုဆောင်အဖွဲ့**
**ဖုန်း-၀၉-၇၃၂၀၄၀၀၄၊ ၀၁-၃၈၇၅၀၁**

### စစ်တက္ကသိုလ် အမှတ်စဉ် (၂၈) ဗိုလ်လောင်းသင်တန်း (၂၉)နှစ်မြောက် သင်တန်းဆင်းနှစ်ပတ်လည်နေ့ အခမ်းအနား ဖိတ်ကြားလွှာ

စစ်တက္ကသိုလ်အမှတ်စဉ် (၂၈) ဗိုလ်လောင်းသင်တန်း၏ သင်တန်းဆင်း(၂၉) နှစ်ပြည့်မြောက်သည့်နေ့တွင် ကျဆုံး၊ သေဆုံး သူငယ်ချင်းများအားရည်စူး၍ နိုင်ငံတော်ဗဟိုသံဃာ့မဟာနာယက ဆရာတော်ကြီးများအား ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် မိတ်ဆုံညစာစားပွဲ အစီအစဉ်အား အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် မပျက်မကွက် ကြွရောက်ပေးကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

**ဆရာတော်ကြီးများအား ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း**

နေ့ရက်၊ အချိန် -၁၀-၄-၂၀၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီ

နေရာ -ကမ္ဘာအေးနိုင်ငံတော်ဗဟိုသံဃာ့မဟာနာယက ဆွမ်းစားဆောင်

(မှတ်ချက်။ သူငယ်ချင်းများမှ ဇနီးနှင့်အတူ တက်ရောက်ပေးကြပါရန်နှင့် ကျဆုံး/သေဆုံးသူငယ်ချင်းများ၏ မိသားစုများ ကြွရောက်ပေးကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။)

**မိတ်ဆုံညစာစားပွဲအစီအစဉ်**

နေ့ရက်၊ အချိန် -၁၀-၄-၂၀၁၆ ရက် (တနင်္ဂနွေနေ့) ညနေ ၆ နာရီ

နေရာ -ကုန်းမြင့်သာစားတော်ဆက်

(မှတ်ချက်။ သူငယ်ချင်းများမှ ဇနီးနှင့်အတူ တက်ရောက်ပေးကြပါရန်နှင့် ကျဆုံး/သေဆုံးသူငယ်ချင်း များ၏ ဇနီးများပါ ကြွရောက်ပေးကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။)

### သွေးသည်အသက်


ရွှေပင့်ကူ
April ၁၁ ထွက်မည်
420144148, 421163797

သုံးရာသီ
Apr-7, 8, 11, 12
420144148, 421163797

မိုးမြင့်ကြယ်
ကားမျိုးစုံငှားရမ်းပေးသည်။
သင်္ကြန်အတွက် ချောင်းသာ/ငွေဆောင် Hotel, Guest အခန်းစီစဉ်ပေးသည်။
ချောင်းသာ (Hotel-ဖြီး) 40000/50000 ငွေဆောင် (Hotel-ကား) 45000
01-549380, 09-5093704, 09-450012971

သန္တိသုခ ၏ သင်္ကြန်ခရီးစဉ်များ
A. တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော APR 11 ၁.၅ သိန်း
B. ... APR 10 ၂.၅ သိန်း
C. ... APR 11 ၄.၂ သိန်း
09-26 4444 750
09-4210 14940

ရွှေဥဒေါင်းမင်း 09-421152677, 09-421122687
မဟာသင်္ကြန်တောင်ကြီးအထူးခရီးစဉ်
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကဲ့လုံ၊ ကလော၊ အောင်ပန်း 100000
Apr 11 ထွက်မည်

MEGA TWO STAR
တောင်ကြီး-အင်းလေး-ပင်းတယ-ကလော-မိန်းမရဲ့တောင်-မြသိမ်ဘုရားဆိုင်ခရီးစဉ်
Hotel, Restaurants, ... (၄)ည(၅)ရက် -၁၇၀၀၀၀/-
(01) 8603651, (09) 5141446, 5032762, 251038391

ပြည့်စုံရတနာ သင်္ကြန်အထူးခရီးစဉ်
Apr-12, Apr-11
Apr-8,11,17
09-250269946, 09-73159071

ရွှေနဂါး ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ/ငွေဆောင်(နေ့စဉ်)
ဟိုတယ်/စရိတ်ငြိမ်း စီစဉ်ပေးသည်။ ကားစီးလုံးငှားသည်။
Ph: 209077, 209388, 09-73167000, 09-73168000

Asia Top 0943164118, 09421099574, 098635520
45000
75000
70000
55000 75000
65000
85000
100000
60000
140000 Air-con

ရွှေစီးတွက် 09423722092, 43197550 April 11/12/17
ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ * တောင်ကြီး၊ အင်းလေး၊ ပင်းတယ
ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ အလောင်းတော် * တောင်ကြီး၊ အင်းလေး၊ လိုင်ကော်
ရွှေစက်တော်၊ ပုဂံ၊ တောင်ကြီး၊ အင်းလေး * မန္တလေး၊ လားရှိုး၊ မုဆယ်၊ ရွှေလီ
မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ၊ အလောင်းတော် * ထားဝယ်၊ ဘုတ်ကျွန်း၊ တနင်္သာရီ၊ မြိတ်ဘုရား

TRIWAVE Travels & Tours 09-2574 20127, 09-2540 74927
Apr 12-16 တောင်ကြီး-အင်းလေး-ကလော-ပင်းတယ-ကက္ကူ-ထမ်ဆန်း (165000 Ks) - 81 Hotel Inlay
Apr 17-20 ပုဂံ-ပုပ္ပါး (95000 Ks) - Floral Breeze Hotel

THE LINS Travels & Tours Co., Ltd
Domestic & International Air Ticketing
Ph : (+95-1)296531, 201784, 201785, (+95-9)773000994~8
thelinstravel@gmail.com
info.thelinstravel@gmail.com
www.thelinstravel.com
11.4.2016 160,000 Ks
11.4.2016 175,000 Ks
29.4.2016 83,000 Ks
7.5.2016 35,000 Ks
14.5.2016 35,000 Ks
21.5.2016 125,000 Ks


### ပြင်ဆင်ဖတ်ရှုပါရန်

၂-၂-၂၀၁၆ ရက်နေ့ ...

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးစိုင်းထက်အောင်ကျော် [၉/အမဇ(နိုင်)၀၀၆၅၆၁]၏ CDC-51536 စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၅၈၀၅၂၇၄


now in Myanmar in partnership with STRATEGY FIRST INSTITUTE

STAMFORD INTERNATIONAL UNIVERSITY

LAUREATE INTERNATIONAL UNIVERSITIES



SIGNATURE M.B.A

Strategy First ၏ မိတ်ဖက်ဖြစ်သော Stamford International University မှ MBA program ကို မေလ (၂၇) ရက်နေ့တွင် စတင်သင်ကြားပေးမည်ဖြစ်သည်။

Stamford International University သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး အဆင့်မြင့်ပညာအဖွဲ့အစည်းကွန်ရက်ကြီးဖြစ်သော Laureate (http://laureate.net) တက္ကသိုလ်များထဲမှ တစ်ခုဖြစ်ပါသည်။

ဗန်ကောက် Stamford International University တွင် သင်ကြားပေးနေသည့် နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာ၊ဆရာမများမှ အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပေးမည်ဖြစ်ပါသည်။ မအားလပ်သောအလုပ်ခွင်မှ အရာရှိများအတွက် အဆင်ပြေစေရန် အတန်းချိန်များသည် ရုံးပိတ်ရက်များနှင့် ရုံးချိန်လွတ်သင်တန်းချိန်များဖြစ်ပါသည်။ (၁၈) လ ကြာမြင့်ပါမည်။

■ ဝင်ခွင့်စာမေးပွဲကို ဧပြီလ (၈) ရက်နေ့တွင် ဖြေဆိုရမည် ဖြစ်ပါသည်။

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp.

Please Note: Strategy First does not render its services to tobacco, alcohol and MLM enterprises and their employees.

Apply Now - (09) 450177770

JUNCTION CITY
HOTEL • OFFICE • RETAIL • SERVICED RESIDENCES

JUNCTION CITY မိသားစု၏
မြန်မာနှစ်သစ်အကြိုစတုဒိသာအလှူ

၂၀၁၆ ခုနှစ်၊ ဧပြီလ ၇ ရက် (ကြာသပတေး)
နံနက် ၁၁:၃၀ နာရီ
ဗိုလ်ချုပ်ဈေးဟောင်းရှေ့ ကားပါကင်

D အောင်ပိုင် IDAP
ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းကျောင်း
ဘော်ဒါဆောင် နှင့် အထူးဗိုင်းများ
(၅ တန်းမှ ၁၀ တန်း အထိ)
တာဝန်ခံသင်တန်းမှူး Ph: 09 51 82513, 09 96 51 82513 အုပ်ချုပ်ရေးမှူး Ph: 09 4500 16503
(၁၈) ကျွေးအနီး၊ အမှတ် ၉၃၅၊ မောင်းမကန် ကမ်းသာလမ်း၊ (၁၉) ရပ်ကွက်၊ ဒဂုံတောင်၊ ရန်ကုန်မြို့

**မော်လမြိုင်တက္ကသိုလ်**
**မော်လမြိုင်ကောလိပ်/ဒီဂရီကောလိပ်**
**သင်္ချာကျောင်းသူ/ကျောင်းသားဟောင်းများ၏**
**အာစရိယပူဇော်ပွဲကို ၁၅-၅-၂၀၁၆ ရက်တွင် ကျင်းပမည်ဖြစ်ပါ၍ သင်္ချာကျောင်းသူ/ကျောင်းသားဟောင်းများနှင့် တွေ့ဆုံဆွေးနွေးလိုပါသဖြင့် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်**

နေ့စွဲ - ၈-၄-၂၀၁၆ ရက်(သောကြာနေ့)
အချိန် - နံနက် ၉း၀၀ နာရီ
နေရာ - စိတ်တိုင်းကျစားရိပ်မြုံ
(သိမ်ဖြူလမ်း၊ ဆရာဝန်အသင်းတိုက်အနီး၊ ကန်တော်ကြီး)

**ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ (ရန်ကုန်)**
**ဖုန်း-၀၉-၅၀၀၇၀၈၉၊ ၀၉-၃၀၂၀၇၄၄၆**

**ပြင်ဆင်ပြီးတိုက်ခန်းရောင်းမည် (ပွဲစားမလို)**

၁။ စမ်းချောင်း၊ လမ်းသန့်၊ ကြွေပြားပြည့်ခင်းကပ်၊ MBR(1), A/C(2), ရေပူရေအေး၊ မြေညီထပ်(ထပ်ခိုး 3/4ပါ)၊ ပေ (၁၂ ၁/၂×၅၀)၊ ပြင်ဆင်ပြီး အသင့်နေ(သန့်)။
၂။ စမ်းချောင်း၊ မြေနီကုန်း၊ ကြွေပြား၊ ကျွန်းပါကေးပြည့်၊ MBR(1), BR(1), ဖုန်း၊ ဒုတိယထပ်၊ ပေကျယ်(၂၅×၅၀)၊ ခေတ်လေှကားပါ။ လူနေခွင့်ကျ ကွန်ဒို တိုက်ခန်း(သစ်)ဝယ်သူဆက်သွယ်ရန်ဖုန်း-09-789959120, 09-261414321

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၆-၃-၂၀၁၆ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ-၂ ပါ ရွှေနေဦးသက်ဇော်၏ အများသိစေရန်ကြေညာခြင်း ကြော်ငြာပါ (၁၈၂၉) သိန်းကို ၂၂-၄-၂၀၁၆ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

မြန်မာ့ ရိုးရာ
သင်္ကြန်သံချပ် ဖျော်ဖြေပွဲ



8th April, 2016 - Junction Square (5:00PM)
Junction Mawtin (7:30PM)

9th April, 2016 - Junction 8 Mile (5:00PM)
Junction Zawana (7:30PM)

10th April, 2016 - Junction Square (5:00PM)



JUNCTION CENtRE
www.facebook.com/junctionshoppingcentre
www.junctioncentregroup.com
JUNCTION SQUARE

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့
## Union Civil Service Board

**လျှောက်လွှာခေါ်ယူခြင်း**

**ကြော်ငြာစာအမှတ်၊ ၁ / ၂၀၁၆**

**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်**

**( ၂၀၁၆ ခုနှစ်၊ မေလ ၄ ရက် )**

၁။ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာနနှင့် ဆေးသုတေသနဦးစီးဌာနတို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက်လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (က) | လက်ထောက်ဆရာဝန်/လက်ထောက်ဆရာဝန် (သုတေသနအရာရှိ) | ၁၀၀၀ နေရာ | M.B.B.S |
| (ခ) | သွားဘက်ဆိုင်ရာဆရာဝန် | ၄၂ နေရာ | B.D.S |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ၁၃-၅-၂၀၁၆ ရက်နေ့တွင် အသက် ၃၅ နှစ်ထက်မကျော်လွန်သူဖြစ်ရမည်၊

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊

(ဃ) M.B.B.S ဘွဲ့အတွက် ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလအထိနှင့် B.D.S ဘွဲ့အတွက် ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလအထိဘွဲ့ရရှိပြီးသူဖြစ်ရမည်။

၃။ လျှောက်လွှာကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့ ၁၃-၅-၂၀၁၆ရက်နေ့ အရောက်လူကိုယ်တိုင်(သို့မဟုတ်)စာတိုက်မှတစ်ဆင့်ပေးပို့လျှောက်ထားရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ ၊ ပူးတွဲပါရှိရမည့်စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀၀/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ ၊ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့၏ ၃-၃-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၂၂၁ / ရွေးချယ်ရေး (အမိက) ၂၀၁၄ ဖြင့် ထုတ်ပြန်ထားသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ ကြော်ငြာပါရာထူးများအတွက် လျှောက်ထားသူဦးရေသည် လစ်လပ်ရာထူးအရေအတွက်ထက် လျော့နည်းနေလျှင်ဖြစ်စေ၊ တူညီနေလျှင်ဖြစ်စေ၊ ပိုမိုသည့်တိုင်အောင် ကွာခြားချက်များပြားခြင်းမရှိလျှင်ဖြစ်စေ လစ်လပ်ရာထူးများအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ နည်းဥပဒေ၁၅ကိုကျင့်သုံးလျက် ရေးဖြေစာမေးပွဲစစ်ဆေးခြင်းမပြုဘဲ လျှောက်ထားသူများကို အကြောင်းကြားခေါ်ယူကာ စိတ်အခြေအနေစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းများကို ဆောင်ရွက်မည်ဖြစ်သည်။

၆။ စိတ်အခြေအနေစစ်ဆေးခြင်းကို ၄-၇-၂၀၁၆ရက်နေ့တွင်လည်းကောင်း၊ လူတွေ့စစ်ဆေးခြင်းကို ၅-၇-၂၀၁၆ရက်နေ့တွင်လည်းကောင်းစတင်မည်ဖြစ်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ရုံးအမှတ်(၁၇)၊ နေပြည်တော်တွင်ကျင်းပမည်ဖြစ်ပါသည်။ ဖြေဆိုရမည့်နေ့ရက်များကို တစ်ဦးချင်းစီသို့ စာဖြင့်အကြောင်းကြားပေးပို့မည်ဖြစ်ပါသည်။ နေ့ရက်အလိုက်လူတွေ့စစ်ဆေးခြင်းခံယူမည့်သူများ၏ အမည်စာရင်းကို အဖွဲ့၏Websiteတွင် ၂၀-၆-၂၀၁၆ရက်နေ့မှစတင်ကြေညာပေးမည်ဖြစ်ပါသည်။

၇။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ရုံးအမှတ်(၁၇)၊ နေပြည်တော် ( တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၀၉၀၅၂ နှင့် ၀၆၇ - ၄၀၉၄၃၀ )သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၈။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များဖြစ်သော ucsb.imis.com.mm နှင့် www.ucsb.gov.mm တွင်လည်းဖော်ပြထားပါသည်။

## အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော်အား ၂၀၁၆ခုနှစ်၊ မတ်လ ၁၅ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ်မှ အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် သမ္မတကြီး ဦးဆောင်သော နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ်**

**ဖွဲ့စည်းခွင့်အမှတ်-၁၁၇၂**

## ထပ်ဆင့်အကယ်ဒမီနေတိုးအတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

ရခိုင်အမျိုးသမီးအသင်း (ရန်ကုန်) ၏ နှစ်(၆၀)ပြည့် အထိမ်းအမှတ်အနေဖြင့် "ပတ္တမြားဒေဝီစောမဲကျီ" သမိုင်းဝင် ဖြစ်ရပ်မှန် စင်တင်ပြဇာတ်ကပြရာတွင် ပန်းရန်သမားလေး မောင်ရွှေသီးအဖြစ် ပါဝင်ကူညီသရုပ်ဆောင်ပေးခဲ့သော **အကယ်ဒမီနေတိုး**သည် ၂၀၁၅ ခုနှစ် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုကို "နက္ခတ်မှားတဲ့တိုက်ပွဲ" ဇာတ်ကားဖြင့် ဆွတ်ခူးရရှိခဲ့ပါသဖြင့် ရခိုင်အမျိုးသမီး အသင်း(ရန်ကုန်) မှ အထူးဂုဏ်ယူ ဝမ်းမြောက်မိပါသည်။

**ရခိုင်အမျိုးသမီးအသင်း (ရန်ကုန်)**

## စက်သုံးဆီ အရောင်းဆိုင်များ ရောင်းမည်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ (ဒသမ ၂၂၈ကေ)နှင့် စဉ့်ကိုင်မြို့ (ဒသမ ၅၈ကေ)တို့တွင် တရားဝင်လိုင်စင်ဖြင့် ဖွင့်လှစ်ရောင်းချလျက်ရှိသော စက်သုံးဆီ အရောင်းဆိုင် (၂)ဆိုင်အား ရောင်းရန်ရှိပါသည်။

**ဖုန်း-၀၉-၇၈၇၅၂၄၆၃၆၊ ၀၉-၂၆၃၆၂၁၅၀၄၊**
**၀၉-၇၈၈၉၀၆၅၆၀၊ ၀၉-၅၁၀၇၀၅၈**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နေ ဦးယုနိုင်-ဒေါ်စုစုသိန်း (မေတ္တာဂုဏ်ရည်ရွှေဆိုင်)တို့၏ သမီးကြီး ဒေါက်တာ နှင်းယုစန္ဒာ(Victoria Hospital)နှင့် သမီးလတ် ဒေါက်တာ စန္ဒာချို (SSC Hospital)တို့ MRCP(UK)ဘွဲ့ရရှိခြင်း အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**ဦးသန်းဦး-ဒေါ်သီတာအေး**
**မောင်အာကာနန်းထိုက်(အထက-၁ ဒဂုံ)**
**မောင်ကြည်သာနန်းထိုက်(အထက-၁ ဒဂုံ)**
**မယွန်းဝတီနန်းထိုက်(အထက-၁ ဒဂုံ)**
**(နန်းထိုက်ရတနာရွှေဆိုင်)**
**သုံးခွမြို့။**

KBZ BANK
STRENGTH OF MYANMAR

## ' ဂုဏ်ယူ၊ အားကျ လေးစား၊ အတုယူပါသည် '

Brighter Future Myanmar

- ကမ္ဘောဇဘဏ်လီမိတက် သည် World Finance 100 တွင်ရွေးချယ်၊ ဆုချီးမြှင့်ခံရခြင်း။
- နိုင်ငံတော် နှင့် ပြည်သူများ အကျိုးစီးပွားအတွက် ဘက်ပေါင်းစုံ မှကူညီပံ့ပိုးခြင်း။
- သဘာဝဘေး အန္တရာယ်ကျရောက်သည့် ဒေသအသီးသီးမှ ပြည်သူများအတွက် အများအကျိုးပြု ပရဟိတ လုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ပေးခြင်း၊ ထောက်ပံ့ကူညီပေးခြင်း။
- ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၁၈.၃.၂၀၁၆ ရက်နေ့ သတင်းထုတ်ပြန်ချက်အရ – မြန်မာတစ်နိုင်ငံလုံးဝင်ငွေခွန်အများဆုံး ထမ်းဆောင်သူ လုပ်ငန်းရှင် ( ၁၀၀၀ ) ဦးအနက်မှ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ-ဦးအောင်ကိုဝင်း သည် ပထမနေရာ မှ ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သူအဖြစ် ( ၄ ) နှစ်ဆက်တိုက် ထမ်းဆောင်နိုင်ခဲ့ခြင်း။ ထို့ကြောင့် ကျွန်တော်/ကျွန်မတို့ လူငယ်လုပ်ငန်းရှင်များအတွက် အမှန်တကယ် ဂုဏ်ယူ၊ အားကျ၊ လေးစား၊ အတုယူထိုက်သည့် ပုဂ္ဂိုလ်တစ်ဦးအဖြစ် ချီးကျူး ဂုဏ်ပြုအပ်ပါသည်။

STRONG SOURCE
Group of Companies

ဦးစိုးနိုင် (MD)   ဒေါ်အေးမိမိဇင် (DY MD)

နှင့် ဝန်ထမ်းမိသားစု

STRONG SOURCE PTE.LTD (Singapore)   HOTEL SS Hotels & Resorts   STRONG SOURCE CONSTRUCTION CO.,LTD.

SSCL   sm@rt talk

BLACK CANYON COFFEE   GIONEE Authorized Distributor   mi Authorized Distributor

## ကြော်ငြာ

**Modern Myanmar** Travels ကားမျိုးစုံစီးလုံးငှား အထူးစီစဉ်ပေးပါသည်။
မဟာသင်္ကြန်ခရီးစဉ်များကြိုတင်လက်မှတ်ရောင်းပြီ။ ကျိုက်ထီးရိုး(၅ရက်)
ငွေဆောင်သင်္ကြန် (၅ရက်) (Hotel+ကား)
ချောင်းသာသင်္ကြန်(၅ရက်)(Guest Package)
သင်္ကြန်-ငွေဆောင်/ချောင်းသာ Hotel / Guest အခန်း(သီးသန့်)စီစဉ်ပေးသည်။
၂၃၆၊ ၃၃လမ်း(အထက်)၊ ကျောက်တံတား 09-450047016,09-253540004

**အာရှနဂါး**
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph:01 707062, 09 799100100
01 703790, 09 797100100

**Royal Gandamar** Travels & Tours
Hotel, Air Ticket, Express, Guide စနစ်တကျ
အတွေ့အကြုံ ရင့်ကျက်သော ခရီးသွားလုပ်ငန်း

| | | | |
|---|---|---|---|
| ၁။ ထားဝယ်ရှင်ကိုးရှင်-လောင်းလုံးကျွန်း | (၆ရက်) | Apr11,13,14,15 | ၂၄၀၀၀၀ |
| ၂။ တောင်ကြီး-အင်းလေး-ကလော-ပင်းတယ | (၅ရက်) | Apr 11,16 | ၁၉၅၀၀၀* |
| ၃။ ရွှေစက်တော်-ပုဂံ (စွယ်တော်၄ဆူ)-ပုပ္ပါး | (၅ရက်) | Apr 9,13 | ၁၇၀၀၀၀ |
| ၄။ စစ်ကိုင်း-မုံရွာ-အလောင်းတော်ကဿပ-ကျောက်ဆည် | (၅ရက်) | Apr 11,16 | ၁၇၀၀၀၀ |
| ၅။ ပုဂံ(စွယ်တော်၄ဆူ)-ပုပ္ပါး-ပခုက္ကူ | (၄ရက်) | Apr 9,12,15 | ၁၂၀၀၀၀ |
| ၆။ ဖားအံ-ကျိုက်ထော်-မော်လမြိုင်-စက်စဲ | (၃ရက်) | Apr 9,12,15,18 | ၉၉၀၀၀ |

အမှတ်(၁၈၅/၁၈၇) မဟာဗန္ဓုလလမ်း နှင့် ၅၂လမ်းထောင့် Yurimieko ရှေ့၊ ဗိုလ်တထောင်မြို့နယ်
Ph-01-397484, 09-333 53275, 09-25089 2626

**ဆရာအာသာ SUCCESS Language Academy**
**လုပ်ငန်းတန်းကျောင်းခွဲ**
တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများ ကျောင်းအားရက်မှာ အင်္ဂလိပ်စာ ... အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048, 256954

ဦးထွန်းလင်းခြံလမ်း အမှတ် ၅ (B-3) ဒုတိယထပ် (လှည်းတန်းစင်္ကြံ)
Ph: 01-503472, 09 73001453, 09 30775232

**BASIC ENGLISH SPEAKING**
9 - 12:00 (Sat + Sun) 23 Apr
3:30 - 5 (Mon~Thurs) 25 Apr
6 - 7:30 (Mon~Thurs) 25 Apr
7:30 - 9 (Mon~Thurs) 11 May

**BASIC FOUR SKILLS ENGLISH**
9 - 12:00 (Sat + Sun) 23 Apr
7:30 - 9 (Mon~Thurs) 25 Apr
10-11:30 (Mon~Thurs) 25 Apr
1 - 2:30 (Mon~Thurs) 25 Apr
3:30 - 5 (Mon~Thurs) 25 Apr
1 - 4:00 (Sat + Sun) 30 Apr
1 - 2:30 (Mon~Thurs) 2 May
7:30-10:30 (Sat + Sun) 14 May

**PRE-INTERMEDIATE**
1 - 2:30 (Mon~Thurs) 25 Apr
3:30 - 5 (Mon~Thurs) 25 Apr
7:30 - 9 (Mon~Thurs) 4 May

**INTERMEDIATE (Academic English)**
1 - 4:00 (Sat + Sun) 3 Apr
3:30-5:30 (Mon~Thurs) 25 Apr
7:30 - 9 (Mon~Thurs) 30 May

**VOCAB ENRICHMENT**
1 - 2:30 (Mon~Thurs) 28 Mar
9 - 12:00 (Sat + Sun) 23 Apr

**BASIC GRAMMAR**
3:30 - 5 (Mon~Thurs) 9 May

**BASIC WRITING**
10-11:30 (Mon~Thurs) 25 Apr

**BASIC ENGLISH SPEAKING**
7:30 - 9 (Mon~Thurs) 25 Apr
1 - 2:30 (Mon~Thurs) 4 May
10-11:30 (Mon~Thurs) 17 May

**PRE-INTERMEDIATE**
7:30-10:30 (Sat + Sun) 23 Apr
10-11:30 (Mon~Thurs) 25 Apr
4:30-7:30 (Sat + Sun) 29 May
1 - 2:30 (Mon~Thurs) 30 May

**BASIC FOUR SKILLS ENGLISH**
10-11:30 (Mon~Thurs) 4 Apr
12:30-3:30 (Sat + Sun) 23 Apr
7:30 - 9 (Mon~Thurs) 25 Apr
1 - 2:30 (Mon~Thurs) 25 Apr
3:30 - 5 (Mon~Thurs) 25 Apr
6 - 7:30 (Mon~Thurs) 25 Apr
1 - 2:30 (Mon~Thurs) 2 May
9 - 12:00 (Sat + Sun) 7 May

**IELTS (Preparation)**
1 - 3:30 (Mon~Thurs) 28 Mar
7:30-9:30 (Mon~Thurs) 9 May

**IELTS (Writing)**
7:30 - 9 (Mon~Thurs) 9 May

**IELTS (Speaking)**
7:30-9 (Mon~Thurs) 25 Apr

**IELTS (Reading)**
1-3:00 (Mon~Thurs) 25 Apr

**IELTS (Grammar)**
10-11:30 (Mon~Thurs) 25 Apr

# သီတာ
## အာမခံစိန်ရွှေရတနာဆိုင်



**၂၀၁၆ မဟာသင်္ကြန် အထူးအစီအစဉ်**
**( ၁ - ၄ - ၂၀၁၆ မှ ၁၀ - ၄ - ၂၀၁၆ အထိ )**

မိတ်ဟောင်း / မိတ်သစ်များအား ကျေးဇူးတုံ့ပြန်သော အနေဖြင့်
ကား(၁)စီး ၊ ဆိုင်ကယ် (၃)စီး ၊ ရွှေထည်များ နှင့် ဇလာမပါကံစမ်းမဲများစွာ
ပေးနေပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။





သီတာ ရွှေဆိုင် ( ၃ ) ဆိုင်လုံးတွင်
နေ့စဉ် ပိတ်ရက်မရှိ ရာသက်ပန်
ဖွင့်လှစ်လျက် ရှိပါသည်။

ဆိုင်ခွဲ (၁) - အမှတ် (၁၀၃၅)၊ သုမင်္ဂလာလမ်းမကြီး၊ (၆) ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ (အင်းဝမှတ်တိုင်အနီး)
ဖုန်း (၀၁) - ၂၃၃၂၄၆၄

ဆိုင်ခွဲ (၂) - အမှတ် (၉၃၀)၊ (၁)လမ်း၊ လေးထောင့်ကန်လမ်းမကြီး၊
ငမိုးရိပ်ရပ်ကွက်၊သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ (စံပြဈေးမှတ်တိုင်အနီး)
ဖုန်း (၀၁) - ၅၇၉ ၃၅၄၊ ၈၅၅၀၁၁၇

ဆိုင်ခွဲ (၃) - အမှတ် (၃၃)၊ လေးထောင့်ကန်လမ်းမကြီး၊ သဃ်္ဃန်းကျွန်းဈေးကြီးရှေ့
(ဆ/က) ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း (၀၁) - ၈၅၅၀ ၆၀၁

**အောင်နိုင်သူ ပဟာဇိန် ကုမ္ပဏီလီမိတက်**
**Winner Super Diamond Pile Co., Ltd.**
**W.S.D Group**

# W.S.D Pile



Licence No.PL-12

လူကြီးမင်းတို့၏ အဆောက်အဦးများနှင့် စက်ရုံများတွင်
ပိုင်ရိုက်ခြင်း၊Bored Pile,လုပ်ငန်းများ ဆောင်ရွက်လိုပါက
ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။



Add: အမှတ်(၅၆)၊ မြေညီထပ်၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph:01-381964, 09-73131288, 09-73150482, 09-977909888, 09-250499988
Off: Ph- 09-250 288811, FAX: 01-381964, Email: wsdmyanmar@gmail.com


telenor
အတာသင်္ကြန်မှာ
facebook
ပိုပိုပြီး သုံးကြစို့
Facebook ကို ၁ မီဂါဘိုက် ၁ ကျပ် ၅၀ ပြား နှုန်းဖြင့် အသုံးပြုနိုင်ရန်
FB ဟုရိုက်၍ ၅၀၀ သို့ SMS ပို့ပါ။
စာရင်းသွင်းခမှာ ၁၄၀၀ ကျပ် ဖြစ်ပြီး ၁ မီဂါဘိုက် ၁ ကျပ် ၅၀ ပြားနှုန်းဖြင့် ပုံမှန်ငွေဖြည့်လက်ကျန်မှ ကောက်ခံသွားပါမည်။
Facebook pack ကိုစာရင်းသွင်းပြီး ၁၄ရက်အတွင်းအသုံးပြုနိုင်ပါသည်။
*ကုန်သွယ်လုပ်ငန်းခွန် ၅% ပါဝင်ခြင်းမရှိပါ။
အသေးစိတ်အချက်အလက်များကို www.telenor.com.mm တွင်ကြည့်ရှုနိုင်ပါသည်။
မြန်မာနိုင်ငံရဲ့ အကြီးမားဆုံး 3G ကွန်ရက်

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်အမာ**
**အသက် (၉၀)**

ပါမောက္ခ ဒေါက်တာဒေါ်တင်တင်မာ (ပါမောက္ခ/ဌာနမှူး၊ အသည်းနှင့် သည်းခြေလမ်းကြောင်း၊ ခွဲစိတ်ကုပညာဌာန၊ ခုတင် ၅၀၀ ဆံ့ အထူးကုဆေးရုံကြီး)၏မိခင် ဒေါ်အမာသည် ၁၀-၃-၂၀၁၆ ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

**ဦးဇော်မိုးခိုင်-ဒေါက်တာစောနေနွယ်**
**AA Medical Products Ltd.**
**Pacific AA Group**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် အလှူဒါယကာကြီး**
**ဝဏ္ဏကျော်ထင် ဗိုလ်မှူးကြီးမောင်ပါ(ငြိမ်း) (၇၇)နှစ်**
**ကြည်း-၁၀၁၅၁၊ OTS(30)**
**ပထမအကြိမ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**ဒုတိယမြို့တော်ဝန်(ငြိမ်း)၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ အင်ကြင်းမြိုင်လမ်း၊ အမှတ်(၃၉၆)နေ ဒေါ်ခင်ညွန့်မြိုင်(အထက်တန်းပြဆရာမ-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးကြီးမောင်ပါ(ငြိမ်း)သည် ၂-၄-၂၀၁၆ရက်(စနေနေ့) အိန္ဒိယစံတော်ချိန်ညနေ ၆း၅၀နာရီတွင် အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့အနီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးသိန်းအောင်-ဒေါ်သင်းသင်းလှ**
**မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
**ဗိုလ်မှူးအောင်မော်ဟိန်း(တင်မောင်ဝေ) (၅၄)နှစ်**
**တပ်မတော်ရေ(ငြိမ်း)၊ D.S.A 25**

ဒေါက်တာကေသီထွန်း၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးအောင်မော်ဟိန်း (တင်မောင်ဝေ) တပ်မတော်ရေ(ငြိမ်း) အသက် (၅၄)နှစ်သည် စင်ကာပူနိုင်ငံ၌ ၄-၄-၂၀၁၆ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၂၅)မှ သူငယ်ချင်းများနှင့်**
**မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးကိုကိုမေအောင်လှိုင် (၅၃)နှစ်**
**2/E, APL Co. Ltd.**
**CD-16, IMT**

သူငယ်ချင်း ကိုကိုမေအောင်လှိုင် မမျှော်လင့်ဘဲ ရုတ်တရက် ခွဲခွာသွားတဲ့အတွက် ဒို့သူငယ်ချင်းတွေအားလုံး ဝမ်းနည်းကြေကွဲစွာနဲ့ ခံစားရင်း အခင်ဆုံးသူငယ်ချင်းကို အမြဲသတိရနေမှာပါ။

ကောင်းမွန်သော ဘုံဘဝ ခံစားရောက်ရှိနိုင်ပါစေ။

**CD-16, IMT**
**မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးခင်မောင်သန်း(အင်ဂျင်နီယာမှူးကြီး၊ ကမ်းလွန်စက်မှု)**
**BE(Mechanical)**
**အသက် (၅၂)နှစ်**
**ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ဌာန၊ M.O.G.E**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပညာသိဒ္ဓိရပ်ကွက်၊ ခရေအိမ်ရာနေ ဒေါ်ခင်မာဝေ၏ ချစ်လှစွာသော ခင်ပွန်း ဦးခင်မောင်သန်း (အင်ဂျင်နီယာမှူးကြီး၊ ကမ်းလွန်စက်မှု၊ ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း)သည် ၅-၄-၂၀၁၆ (အင်္ဂါနေ့) ည ၈း၃၀ နာရီတွင် နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးခင်မောင်သန်း (၅၂)နှစ်**
**အင်ဂျင်နီယာမှူးကြီး (MOGE)**
**B.E (Mechanical) (1987)**

သူငယ်ချင်း ကိုခင်မောင်သန်း ၅-၄-၂၀၁၆ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**1987/1991 အင်ဂျင်နီယာနှင့်**
**ဗိသုကာဘွဲ့ရသူငယ်ချင်းများ**

## ဦးစံထွန်းမင်း (၅၂)နှစ်

ရန်ကုန်မြို့၊ အမှတ်(၅၇)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်နေ (ဦးစိန်မင်း)-ဒေါ်စိန်နုဖြူ(USA)တို့၏သား၊ (ဦးဘညွန့်-ဒေါ်သန်း)၏ သားသမက်၊ ဦးအောင်သိန်း-ဒေါ်ခင်နုစိန် (USA)တို့၏မောင်၊ ဦးအောင်မျိုးသန့်-ဒေါ်နုစိန်ဝေ(USA)တို့၏ အစ်ကို၊ ဒေါ်သန်းသန်းဌေး၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ကြည်စိုးဟန် (Electrical year 2- Victoria University College)၊ မချောကလျာစံ (Grade-X-G, TTC ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း)တို့၏ ချစ်လှစွာသောဖခင်သည် ၆-၄-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ဂျပန်နိုင်ငံစံတော်ချိန် နံနက် ၀၀း၁၄နာရီ၊ ၅-၄-၂၀၁၆ (အင်္ဂါနေ့) မြန်မာစံတော်ချိန် ည ၉း၃၀နာရီတွင် ဂျပန်နိုင်ငံ CHIBAKEN FUNABA SHI TAKANEDAI ၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း ဒါယိကာမကြီး
## ဒေါ်ဖြူ(ဗဟိုစည်) (၈၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဗဟိုစည်အိမ်ရာ၊ တိုက် (၄၈)၊ အခန်း (၅)နေ (ဦးခင်စိန်)၊ (ဦးမိုက်ကယ်)- ဒေါ်တင်မေရီ၊ ဦးဝင်းတင်-ဒေါ်သန်းသန်းညွန့်၊ ဦးဘိုဆင်-ဒေါ်ကြည်ကြည်ဝင်း၊ ဦးကျော်တင့်-ဒေါ်ယဉ်ယဉ်လှ၊ ဒေါ်ရင်ရင်ထွေး၊ ဒေါ်ဝင်းဌေး၊ ဦးခင်ဝေ-ဒေါ်မြမြသက်၊ ဦးစံမြင့်၊ (ကိုသိန်းထွန်း)-မခင်ခင်ထွေး၊ (ကိုကျော်ဝင်း)တို့၏ အဒေါ်၊ ဦးတင်လှ-ဒေါ်စုစုလှိုင်တို့၏ မိခင်၊ မောင်ဝင်းသူဟိန်း၊ မောင်ထက်ဝေလင်း၊ မအိရွှေစင်လှိုင်တို့၏အဘွားသည် ၅-၄-၂၀၁၆ (အင်္ဂါနေ့) ည ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အနိစ္စ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်မြိုင် အသက်(၉၀)

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့၊ ကွက်သစ်ရပ်ကွက်၊ ရန်ကုန်ပြည်လမ်းနေ (ဦးထွန်းရွှေ)၏ဇနီး၊ (ဦးအုန်း မြင့်)- ဒေါ်ခင်ချိုတို့၏ မွေးသမိခင်၊ မောင်စိုးထွန်းနောင်-မယဉ်ယဉ်မွန်၊ မောင်ခင်မောင်ထွန်း-မတင်တင်ခိုင်၊ မအိအိမွန်တို့၏အဘွား၊ မောင်လျှမ်းထက်နောင်၊ မောင်ဟိဏ်းထက်နောင်တို့၏ဘွားဘွားကြီး ဒေါ်ခင်မြိုင်သည် ၅-၄-၂၀၁၆ (အင်္ဂါနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၆(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရွာကြီးကုန်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး**
## ဒေါ်မြသန်း (၇၇)နှစ်
**အထက်တန်းပြဆရာမ(ငြိမ်း)**
**အထက(၁)၊ ပန်းဘဲတန်း(စိန်မေရီ)**
**CHINESE METHODIST**
**ကျောင်း (လမ်းမတော်)**

အိုးသည်ကုန်းမြို့နေ (ဦးကျော်ဟန်-ဒေါ်လှခင်)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅) ရပ်ကွက်၊ အမှတ်(၂၈၆)၊ ဗိုလ်မှူးဗထူးလမ်းနေ ဦးကျော်ဇော (Third Engineer Uniteam Co., Ltd.)၏ ချစ်လှစွာသောဇနီး၊ ဒေါ်တင်မြတ်၊ ပျဉ်းမနားမြို့နေ ဦးအောင်သောင်း-ဒေါ်တင်မြင့်တို့၏အစ်မသည် ၆-၄-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၅၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် တပည့်များအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၄-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးခင်စိုး(ရွှေဘို)
## အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဇေယျဝတီလမ်း၊ အမှတ်(၁၄) (၂/အေ/ဘီ)နေ (ဦးစိန်လွင်-ဒေါ်စောရှင်)တို့၏ သားထွေး၊ (ဦးအောင်ကျော်)-ဒေါ်လှမြင့်၊ (ဦးမြအောင်)-ဒေါ်ခင် စိန်သန်း၊ ဒေါ်တင်တင်အုန်း၊ ဒေါ်စိန်ရံ၊ ဦးဌေးအောင်၊ ဒေါ်သင်ဇာဝေတို့၏ညီ/မောင်၊ ဦးမောင်မောင်လွင်-ဒေါ်သိန်းသိန်းနွဲ့တို့၏ အစ်ကို၊ ဒေါ်မြစိန်၏ခင်ပွန်း၊ ကိုအောင်ခိုင်ဦး-မခင်ငြိမ်းချမ်းလှိုင်၊ ကိုအောင်ကျော်ကျော်တို့၏ဖခင်သည် ၆-၄-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၆(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဝင်းနောင် (၄၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော် (၃) လမ်း၊ အေ/ဘလောက်၊ တိုက်(၁၅)၊ အခန်း(၄၀၁)နေ (ဦးတင်နွယ်-ဒေါ်ခင်မျိုးဆင့်)တို့၏ သားကြီး၊ ဦးသန်းထိုက်၊ ဦးမျိုးမင်းစိုး-မမျိုးအိလှိုင်တို့၏အစ်ကို၊ မထွေးထွေးဝင်း၏ချစ်လှစွာသောခင်ပွန်း၊ မခေတ်တေးကလျာနောင်၏ ချစ်လှစွာသော ဖခင် ဦးဝင်းနောင်သည် ၅-၄-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၂း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၆ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၄-၂၀၁၆ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**
## ဒေါ်ခင်စမ်းဝင်း(ပြည်) (၈၇)နှစ်
**ပစ်တိုင်းထောင်ဆေးလိပ်ခုံ**

ပြည်မြို့၊ အမှတ်(၅)၊ ပုဆိုးတန်းလမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်နေ (ဦးတင်-ဒေါ်ကြူ)တို့၏သမီး၊ (ဦးကြည်)၏ဇနီး၊ ဦးမိုးဇင်-ဒေါ်တင်မာကြူတို့၏ မွေးသမိခင်၊ ဗိုလ်ကြီးမြင့်သိမ်းနိုင်(လက်ထောက်ကထိက၊ ဆေးပညာဌာန)၊ ဗိုလ်မှူးသုတ-မဇင်မိုးကျော်(စိန်ပြည့်လျှံစိန်ရွှေရတနာဆိုင်) တို့၏အဘွားသည် ၆-၄-၂၀၁၆ရက် နံနက် ၄ နာရီတွင် ကွယ်လွန်ပါသဖြင့် ၈-၄-၂၀၁၆ရက် ညနေ ၃ နာရီတွင် ပြည်မြို့ အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်လှရင်(Violet Aung Gyi)
**(စစ်တွေ)**
## အသက် (၉၀)

စစ်တွေမြို့နေ (အရေးပိုင်ဦးအောင်ကြီး-ဒေါ်စိန်သာ)တို့၏ သမီး၊ (ဦးသာနို့အောင်-ဒေါ်အေးခင်)၊ (ဦးစံထွန်းခိုင်-ဒေါ်အေးစိန်)၊ ရန်ကုန်မြို့နေ ဦးအောင်ကျော်ဇော-ဒေါ်ကြည်ကြည်တို့၏ညီမ၊ (ဦးထွန်းအောင်ကျော်)-ဒေါ်ခင်လှ၊ ဦးသာထွန်း-(ဒေါ်တင်တင်ညွန့်)၊ (ဒေါက်တာကျော်ဇံလှ)-ဒေါ်လှကျော့ခင်၊ (ဦးကျော်ကျော်)-ဒေါ်စိန်စစ်ဖြူ (ဒေါ်ကုလိသာ)၊ ဦးတင်အောင်-ဒေါ်မေစောရွှေတို့၏အစ်မ၊ ရန်ကုန်မြို့၊ တိုက် (၁၁)၊ အခန်း (၁၇) လမ်းသစ်ရိပ်သာ၊ လမ်းမတော်နေ [ဦးရွှေသာ (M.E.I.C-ငြိမ်း)]၏ဇနီးသည် ၆-၄-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၆ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး**
## ဦးထွန်းရွှေ(ခ)ဦးခွေး
**(ဖျာပုံ-ကုလားထိပ်)**
## အသက် (၇၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ အမှတ် (၆၄)၊ တရုတ်ကျောင်းလမ်းနေ (ဦးကပ်အစ်-ဒေါ်ခင်မေ)တို့၏သား၊ ဦးဇော်ဦး-ဒေါ်မိမိခိုင်(ကပ္ပတိန်)၊ ဦးကျော်မြင့်-ဒေါ်သီတာ၊ (ဦးနေမျိုး)-ဒေါ်နီလာတို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး၊ ဒေါ်သန်းမြ၏ ချစ်လှစွာသောခင်ပွန်းသည် ၆-၄-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၆ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**
## ဦးမောင်အုန်း
**(ပုလောမြို့)**
## အသက်(၇၀)
**အသင်းဝင်အမှတ်-၃၀၃၇**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၁)ရပ်ကွက်၊ ရှမဝ (၂)လမ်းနေ ဒေါ်အင်္ဂါကြူ၏ခင်ပွန်းသည် ၅-၄-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၆ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

## ဦးကိုကိုမေအောင်လှိုင်
## အသက်(၅၃)နှစ်
**2nd Engineer**
**APL Co., Pte. Ltd.**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ ဦးစိန်လှိုင်-ဒေါ်အုန်းအုန်းသန့်တို့၏ သားကြီး၊ ဦးမောင်မောင်အေး-ဒေါ်ရင်ရွှေတို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၂၈)ရပ်ကွက်၊ အောင်သိဒ္ဓိ(၃)လမ်း၊ အမှတ်(၉၄၀)နေ ဒေါ်တင်တင်ဝင်း၏ခင်ပွန်း၊ မောင်သီဟစိန်လှိုင်၊ မောင်ပုညစိန်လှိုင် တို့၏ ဖခင်၊ ဦးကိုကိုမေအောင်လှိုင်သည်၆-၄-၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၆(တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၄-၂၀၁၆(အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ကြည်(လှည်းကူး)
## အသက် (၇၆)နှစ်

လှည်းကူးမြို့နေ (ဦးဘဆင့်-ဒေါ်အုန်းမြိုင်)တို့၏သမီး၊ အစ်ကိုကြီး (ဦးတင်ကျန်-ဒေါ်ကျင်လှိုင်)၊ ဦးပေါက်ဖော်-(ဒေါ်စိန်ဥ)၊ (ဦးလှမြင့်)-ဒေါ်ဗိုလ်မ၊ ဦးလှခိုင်-ဒေါ်သိန်းအိတို့၏ညီမ၊ ဦးမြင့်စိုး-ဒေါ်အေးရီ (ဦးတင်အုန်း-ဒေါ်ခင်စန်းဝင်း)၊ ဦးမြင့်ဦး-ဒေါ်ယုတို့၏ အစ်မ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၇)ရပ်ကွက်၊ တောင်ငူလမ်း၊ အမှတ်(၄၃၆)နေ (အရာခံဗိုလ်နေမျိုးထူး)၏ဇနီး၊ (ဗိုလ်ကျော်ထူး)၊ ဦးခင်မောင်ဝင်း-ဒေါ်လှမျိုးနွယ်တို့၏ မွေးသမိခင်၊ မခင်စစ်သွေး၏အဘွားသည် ၆-၄-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၆ (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၁၆ (သင်္ကြန်အကြိုနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှမြင့် (၇၄)နှစ်
**ဌာနခွဲမှူး(ငြိမ်း)၊**
**ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇) အရှေ့ရပ်ကွက်၊ အောင်သပြေအရှေ့ (၂)လမ်း၊ အမှတ်(၃၂)နေ (ဦးအောင်ဒင်-ဒေါ်ဖွားကြီး)တို့၏သား၊ (ဦးလှထွန်း-ဒေါ်စန်းရီ)တို့၏ သားသမက်၊ ဒေါ်စန်းစန်းထွန်း၏ ခင်ပွန်း၊ ဦးမျိုးမင်းသိန်း-ဒေါ်လှလှထွန်း(ထွန်း-စာသင်စာကျက်ဝိုင်း)၊ ကိုကျော်ဇင်လတ်-မမြင့်ကေသီထွန်း၊ မောင်စန်းမြင့်ဟန်၊ ကိုဘုန်းပြည့်ဇော်-မမြင့်သဇင်ထွန်း၊ ကိုရန်နိုင်စိုး-မဝင်းဝင်းသော်၊ မောင်မျိုးမင်း၊ မောင်မျိုးသူ-မဆုနွယ်၊ (မမြင့်ဟေမာန်ထွန်း)တို့၏ ချစ်လှစွာသော မွေးသဖခင်ကျေးဇူးရှင်၊ မောင်ဟိန်းမင်းထွန်း၊ မောင်ဟိန်းသန့်ထွန်း၊ မောင်ဟိန်းဝေယံထွန်း၊ မောင်ဟိန်းဇာနည်ထွန်း၊ မောင်ထွန်းဘုန်းကိုတို့၏အဘိုးသည် ၅-၄-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၆ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၁-၄-၂၀၁၆(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမျိုးဟန် (၄၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အမှတ်(၂၇)၊ ယောမင်းကြီးလမ်းထိပ်၊ မြယမုံစားသောက်ဆိုင်နေ ဦးသောင်းဟန်-ဒေါ်ခင်သိန်း(ခ)ဒေါ်သိန်းသိန်းတို့၏ သားလတ်၊ မိတ္ထီလာမြို့နေ (ဦးကျော်ညွှန့်-ဒေါ်တင်ရွှေ)တို့၏ သားသမက်၊ ဗဟန်းမြို့နယ်၊ အင်ကြင်းမြိုင်အိမ်ရာ၊ တိုက်(A)၊ အခန်း(၃၀၄)နေ ဦးညွန့်ဟန်-ဒေါ်ခင်တီ၊ (ဦးကျော်မြင့်)-ဒေါ်ခင်စန်းတို့၏တူ၊ (ဦးအုန်းဟန်ဦး)၏ညီ၊ ဦးမင်းဟန်-ဒေါ်ခင်သန္တာတို့၏အစ်ကို၊ မောင်မြင့်မောင်မောင်၏ ဘကြီး၊ ဒေါ်အေးအေးသန်း၏ခင်ပွန်း၊ မောင်သိန်းမျိုးထွန်း၊ မခင်ပြည့်စုံတို့၏ဖခင်သည် ၅-၄-၂၀၁၆(အင်္ဂါနေ့) နံနက် ၈း၀၅နာရီတွင် ရန်ကုန်မြို့၊ ခုတင် (၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၆ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (မြယမုံစားသောက်ဆိုင်မှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၄-၂၀၁၆ (စနေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်(ခ)ဝူးကျုံးယုံ (၁၀၄)နှစ်
**(သုံးငါးမုန့်တိုက်၊ မန္တလေး)**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ အမှတ်(၁၉၀)၊ ၂၉လမ်း၊ ၇၉×၈၀ လမ်းကြား၊ တရုတ်တန်းနေ (ဒေါ်ဟန်)၏ခင်ပွန်း၊ ဦးတင်ဖေ-ဒေါ်ဟုန်၊ ဦးတင်ငွေ-ဒေါ်လီမေရင်း၊ ဦးတင်ရွှေ-ဒေါ်မြမြအေး၊ ဦးတင်စိန်-ဒေါ်သီတာ၊ ဦးထန်ရှီးလုံ-ဒေါ်ကြည်ကြည်စိန်၊ ဦးကျော်ချမ်းသာ-ဒေါ်ကြည်ကြည်တင်၊ဦးမြလွင်-ဒေါ်ကြည်ကြည်ခင်၊ ဒေါက်တာခင်မောင်ဇော်-ဒေါ်ကြည်ကြည်ရင်၊ ဦးလွေလီယား-ဒေါ်ကြည်ကြည်ငွေ တို့၏ မွေးသဖခင်၊ မြေး၁၆ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၆-၄-၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၆(ကြာသပတေးနေ့) ညနေ ၃နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ် ဖူးကျင့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးကျော်သောင်း(ဖျာပုံ) (၉၅)နှစ်

ဖျာပုံမြို့၊ အမှတ်(၂၈)၊ (၄)လမ်း၊ (၅)ရပ်ကွက်နေ (ဦးဘသန်း-ဒေါ်ဖွားမေ)တို့၏သား၊ ဦးအောင်မြင့်-ဒေါ်ထားရီ၊ ဦးဇော်မြင့်-ဒေါ်ယဉ်မေ၊ ဦးဌေးလွင်-ဒေါ်ခင်ခင်ဌေး၊ ဦးအုန်းဟန်-ဒေါ်စန်းစန်းဝေ၊ ဦးခင်မောင်ဆွေ-ဒေါ်အေးအေးမြင့်တို့၏ဖခင်ကြီး၊ မလွင်လွင်ဦး၊ မောင်ကျောင်မင်းခိုင်၊ မမျိုးမျိုးသောင်း၊ မခင်မြတ်ဆွေ၊ မနှင်းနွယ်ဦး၊ မခိုင်စုဝေ၊ မောင်ထက်နိုင်အောင်၊ မချမ်းငြိမ်းမွန်တို့၏အဘိုး၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီး ဦးကျော်သောင်းသည် ၆-၄-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၆ (သောကြာနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် လိပ်ဥကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးစောမျိုးသွေး အသက်(၉၀)
**နိုင်ငံ့ဂုဏ်ရည် (ဒုတိယဆင့်)**
**ကျောက်ကြီးမြို့နယ်၊ ပါတီယူနစ်ဥက္ကဋ္ဌ(ငြိမ်း)**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်၊ ဆားတန်းရပ်ကွက်နေ ဦးကြည်ဝင်း-ဒေါ်မျိုးဦး၊ ဦးကျော်ဦး-ဒေါ်မျိုးနွယ်၊ (ဦးနီသွေး)-ဒေါ်ကလျာဝင်းဆွေ၊ ဦးအေးကြိုင်(ဒုဗိုလ်မှူးကြီး-ငြိမ်း)-ဒေါ်မျိုးမျိုးသန့်၊ ဦးနီထွေး၊ ဒေါ်မျိုးပပသော်၊ ဦးနီဌေးတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မမေရှင်းသန့်ကြိုင်၊ မောင်ရဲသွေးအောင်၊ မကြည်ဖြူသွေးစံ၊ မောင်အုပ်စိုးပိုင်၊ မောင်သွေးသန့်ဝေယံ၊ မမျိုးဟေမာန်ကျော်တို့၏ဘိုးဘိုးကြီး၊ (ဒေါ်နီ)၏ခင်ပွန်းသည် ၃-၄-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၆ (အင်္ဂါနေ့) တွင် မြောက်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၉-၄-၂၀၁၆ (စနေနေ့) နံနက် ၇နာရီမှ ၁၂နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်လှရင် (Violet Aung Gyi) အသက်(၉၀)
**(စစ်တွေ)**

စစ်တွေမြို့နေ (အရေးပိုင်ဦးအောင်ကြီး-ဒေါ်စိန်သာ)တို့၏သမီး၊ စစ်တွေမြို့နေ (ဦးရွှေထွန်း-ဒေါ်မလုံး)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တိုက် (၁၁)၊ အခန်း (၁၇) လမ်းသစ်ရိပ်သာ၊ လမ်းမတော်နေ [ဦးရွှေသာ (M.E.I.C-ငြိမ်း)]၏ဇနီး၊ ဒေါက်တာသိန်းဇံ (အရိုးအထူးကု ဆရာဝန်ကြီး၊ ငြိမ်း)-ဒေါ်ရီရီစော၊ ဒေါ်ယဉ်ယဉ်သာ၊ ဒေါက်တာ စိုးမင်း (ဗိုလ်မှူး၊ငြိမ်း၊ စိတ်ပိုင်းဆိုင်ရာအထူးကုဆရာဝန်ကြီး) တို့၏ကျေးဇူးရှင်မိခင်၊ မောင်မြတ်အောင်ကျော် (G.C.A Co Ltd.)၏ အဘောင်ရှုန်သည် ၆-၄-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၆ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ**
## ဦးစိုးညွန့်
**မြန်မာ့အလင်းသတင်းစာတိုက်(အယ်ဒီတာ-ငြိမ်း)**
## အသက် (၈၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ ရန်နိုင်လမ်းသွယ် (၅)လမ်း၊ တိုက် (၁၂၈)၊ အခန်း (၆)နေ (ဦးကျင်ရှောင်-ဒေါ်ဖွားစိန်)တို့၏သား၊ (ဒေါ်သန်းနု)၏ခင်ပွန်း၊ ဒေါ်စန်းစန်းဝင်း၊ ဒေါ်မြင့်မြင့်အေး (First Top Com., Ltd)၊ ဦးအောင်ကြီး၊ ဦးကျော်ဝင်းမြင့်တို့၏ဖခင်၊ မခိုင်ကြေးမုံ၊ မောင်ဇေယျာထွဋ်တို့၏ အဘိုးသည် ၆-၄-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၅၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၈-၄-၂၀၁၆ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၁၆ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးမြသန်း (၇၆)နှစ်
**ဆည်မြောင်းဦးစီးဌာနထိန်းသိမ်းရေး (ငြိမ်း-သန်လျင်)**

သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၉)နေ (ဦးထွန်းဖေ-ဒေါ်ပု)တို့၏သား၊ (ဦးစံလင်း-ဒေါ်အုန်းမေ)တို့၏ သားသမက်၊ ဒေါ်လှမြ၏ခင်ပွန်း၊ ဦးမြင့်ဦး-(ဒေါ်သန်းသန်းလွင်)၊ ဦးအောင်ဝင်းရွှေ (Aung Engineering Co., Ltd)-ဒေါ်အေးအေးမာ၊ ဒေါ်စန်းစန်းဦး (အထက-၂ သန်လျင်)၊ ဦးသန်းထွန်းအောင် (ဦးစီးအရာရှိ၊ မြေဆီလွှာ၊ ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာန)-ဒေါ်ခင်ယင်းမာလွင်၊ ဦးကျော်ဇေယျ၊ ဦးဝင်းသိန်း-ဒေါက်တာဥမ္မာထွေး (ကျောင်းအုပ်ဆရာမကြီး၊ အလက-၂၊ ကမာရွတ်)တို့၏ ကျေးဇူးရှင်မွေးသဖခင် ဦးမြသန်းသည် ၆-၄-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၆ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## နိုင်မောင်ဇီ(ခ)ဦးမောင်ဇီ
## အသက်(၆၉)နှစ်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အလှုပ်ကျေးရွာနေ (နိုင်ထွန်းရင်-မိလှတင်)တို့၏ သား၊ (နိုင်ထိန်-မိကွန်ပီး)တို့၏သားသမက်၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ သုခလမ်း၊ အမှတ် (ဏ/၃၀)နေ မိတင်လှ၏ခင်ပွန်းသည် ၅-၄-၂၀၁၆ ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၆ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)**
## နာယကကြီး ဦးသိန်းအောင်
**ရာ-၆၇၈**
## အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် (၂၁၄)၊ အခန်း(၁)နေ (ဒေါ်ခင်ခင်)၏ ခင်ပွန်း၊ ဒေါ်သီတာအောင်(ရာ-၁၇၃၇)၊ ဒေါ်နီလာအောင်(ရာ-၁၇၅၀)၊ ဦးသန်းထွဋ်အောင်(ရာ-၁၇၅၁)တို့၏ ဖခင်သည် ၅-၄-၂၀၁၆ရက် နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

အမှုဆောင်အဖွဲ့

# သမိုင်းထဲက သက်ရှိရာဇဝင် သို့မဟုတ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက

## သူရဦးတင်ဦးနှင့်တွေ့ဆုံခြင်း



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက သူရဦးတင်ဦး

**အသက် (၄၇)နှစ်အရွယ် ၁၉၇၄ ခုနှစ် မတ်လ ၁ ရက်နေ့မှ ၁၉၇၆ ခုနှစ် မတ်လ ၆ ရက်နေ့အထိ မြန်မာ့တပ်မတော်တွင် စတုတ္ထမြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၈ခုနှစ် အရေးအခင်းကာလမှအစပြု၍ ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ မြန်မာ့ဒီမိုကရေစီခရီးကြမ်းကို ခက်ခဲကြမ်းတမ်းစွာဖြတ်သန်းရင်း ယခုအသက် (၈၉)နှစ်အရွယ်တိုင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် နာယကအဖြစ်တာဝန်ထမ်းဆောင်လျက်ရှိသူ သမိုင်းထဲက သက်ရှိရာဇဝင်ဟု ညွှန်းဆိုရမည့် သူရဦးတင်ဦးနှင့် မြန်မာ့သတင်းစဉ်မှ သွားရောက်တွေ့ဆုံမေးမြန်းမှုများကို ကောက်နုတ်၍ဖော်ပြလိုက်ပါသည်။**

**မေး။ ။ ဘဘရဲ့ ဒီမိုကရေစီအရေးလှုပ်ရှားမှုများအပိုင်းက စတင်မေးမြန်းသွားမှာဖြစ်တဲ့အတွက် ၁၉၈၈ အရေးအခင်းကာလ ဩဂုတ်လ ၂၇ ရက်မှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှေ့စင်မြင့်ကနေ လူထုကို စတင်ဟောပြောမှုနဲ့အတူ မြန်မာ့နိုင်ငံရေးစင်မြင့်ပေါ်ကို ဘာကြောင့် ပြန်လည်ထွက်ပေါ်လာခဲ့ရသလဲ၊ ဘယ်အရာတွေက ဘဘကို စေ့ဆော်တိုက်တွန်းမှုဖြစ်စေခဲ့တာပါလဲ။**

**ဖြေ။** ။ ၈၈ အရေးအခင်းဖြစ်လာတော့ တပ်မှူးဟောင်းများအနေနဲ့ ကျွန်တော်တို့အားလုံး စုစည်းပြီးတော့ ဒီလိုနေလို့မဖြစ်ဘူး။ ငါတို့တွေလည်း ဒီမိုကရေစီအရေးအတွက် ပါမှဖြစ်မယ်။ အဲဒါကြောင့် အပြင်မှာဖြစ်ပျက်နေတဲ့ကိစ္စအဝဝကလည်း စနစ်တကျ၊ စည်းကမ်းတကျ ဥပဒေနဲ့အညီဖြစ်သွားအောင်လို့ ကျုပ်တို့ဆောင်ရွက်ရင်းနဲ့ ဒီမိုကရေစီရအောင် လက်တွဲပြီး ဆောင်ရွက်ဖို့တော့လိုနေတဲ့အချိန်ဖြစ်တယ်။ အဲဒါကြောင့် လုပ်ကြစို့ရဲ့ဆိုပြီး စခဲ့ကြတာပေါ့။ တိုက်တိုက်တွန်းတွန်း ကြိုးစားတာကတော့ ကိုချစ်ခိုင်ပါ။ သူတို့ကတော့ သိပ်တက်ကြွတာပေါ့။ ကျွန်တော်ကတော့ ဥပဒေဖြေပြီးလို့ R.L က ဂုဏ်ထူးနဲ့အောင်ထားတယ်။ LL.B ကလည်း အောင်ထားတော့ Master ဖြေမလို့လုပ်နေတာ။ ကျွန်တော်က စာမေးပွဲဖြေဖို့ အာသီသကဖြစ်နေတော့ ပထမပိုင်းမှာ ရှောင်လိုက်သေးတယ်။

ဒါပေမယ့် မရဘူး။ လုပ်ဖော်ကိုင်ဖက်တွေ အများစုဖြစ်တဲ့ ဦးအောင်ရွှေတို့၊ ဦးကြည်ဝင်းတို့ လူသိုက်တွေပေါ့။ အများကြီးပါပဲ။ ကျွန်တော်တို့ တပ်မှူးဟောင်းတွေပေါ့။ နာမည်တော့ မတပ်ရသေးဘူး။ အစုအဝေးကဖြစ်နေပြီ။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❖

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေပြဋ္ဌာန်း

စာမျက်နှာ -၅

# မြန်မာနိုင်ငံမြောက်ဖျားတွင် ဗုဒ္ဓဘာသာအဓွန့်ရှည်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်

သတင်း - ခင်ဇာလီ၊ ဓာတ်ပုံ - တေဇဝင်း(သဘာဝခေါ်သံ)

**ပူတာအို မေ ၆**

တက္ကသိုလ်ခြေလျင်နှင့်တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်းမှ လူမှုအကျိုးပြုအဖွဲ့ဝင်များသည် မြန်မာနိုင်ငံမြောက်ဖျား ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ မြန်မာ၊ တိဗက်ဗုဒ္ဓဘာသာဝင်များနေထိုင်သည့် ဂူဘား၊ မဒိန်းနှင့် တဟွန်ဒမ်းကျေးရွာများတွင် ရွှေတိဂုံပုံတူရွှေရောင်စတီးစေတီတော်သုံးဆူကိုတည်ထားပေးခြင်းနှင့် ဒေသတွင်းရှိ တိုင်းရင်းသားလူမျိုး ၅၀၀ ခန့်အား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်ဟုသိရသည်။

"ဟိုးအရင်ကတည်းက ဒီရွာသုံးရွာက တိုင်းရင်းသားတွေဟာ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြတယ်။ တခြား ဘာသာခြားကျေးရွာတွေနဲ့ဆက်နေတဲ့အပြင် အဲဒီကျေးရွာတွေမှာ သက်ဆိုင်တဲ့ ဘာသာရေးကျောင်းတွေ၊ ဘုရားရှိခိုးကျောင်းတွေရှိတယ်။ သူတို့မှာ မရှိကြဘူး။ နှစ် ၁၅၀ ခန့် ဘာသာခြားသာသနာပြုတွေရဲ့ **စာမျက်နှာ ၃ ကော်လံ ၃ သို့** ❑



တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်းမှ ပူတာအိုမြို့နယ်အတွင်းရှိကျေးရွာများမှ ဒေသခံတိုင်းရင်းသားများအား ကျန်းမာရေးစစ်ဆေးပေးစဉ်။


KBZ BANK
STRENGTH OF MYANMAR

- အခိုင်မာဆုံးနှင့် ယုံကြည်စိတ်ချရဆုံးဘဏ်
- ဝန်ဆောင်မှုအကောင်းဆုံးနှင့် ဆက်ဆံရေးအကောင်းဆုံးဘဏ်
- မိဘပြည်သူများအတွက် အားထားရဆုံးဘဏ်

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်